ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့၊ (8-12-2014) (၈၀၄၈)

## ကျေးဇူးရှင်

- သစ်ပင်၏အရိပ်ကို ခိုဖူးလျှင် ထိုသစ်ပင်၏ သစ်ကိုင်းကို မချိုးဖဲ့ရာ။
- သူတစ်ထူးထံမှ အိပ်ရာနေရာနှင့် ထမင်းအဖျော်ကို ရရှိနေထိုင်စားသောက်ဖူး၏။ ထိုသူ၏ ပျက်စီးရာပျက်စီးကြောင်း မကြံစည်အပ်ပေ။
- ကျေးဇူးရှင်အား ပြစ်မှားလျှင် ပူလောင်၍ ဆင်းရဲဒုက္ခရောက်တတ်၏။

ဇာတကပါဠိ

# စာပေမျက်နှာစာမှတစ်ဆင့် မြန်မာ့ပုံရိပ်နှင့် မြန်မာ့စိတ်နေစိတ်ထားများကို နိုင်ငံတကာကသိရှိအောင် ဖော်ပြနိုင်ခဲ့

**ရန်ကုန်  ဒီဇင်ဘာ  ၇**

၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားပြီး အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဆုရွေးချယ်ရေးကော်မတီဝင်များ၊ ဆုရစာပေပညာရှင်ကြီးများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် မြန်မာ့စာပေသမိုင်းသည် နှစ်ပေါင်းထောင်နှင့်ချီကာ စတင်လာခြင်းဖြစ်ပြီး ယခုထက်တိုင် ဖွံ့ဖြိုးစည်ပင်နေပါကြောင်း။

သမိုင်းတစ်လျှောက်တွင် စာပေပညာရှင်များသည် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးအတွက် သိမ်မွေ့သည့် စာပေပညာစွမ်းပကားများနှင့် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ အထင်အရှားဖြစ်ပါကြောင်း။

စာပေမျက်နှာစာမှတစ်ဆင့် မြန်မာ့ပုံရိပ်နှင့် မြန်မာ့စိတ်နေစိတ်ထားများကို နိုင်ငံတကာက သိရှိအောင်လည်း ဖော်ပြနိုင်ခဲ့ပါကြောင်း။

စာပေနယ်ပယ်ဆိုသည်မှာ စာကောင်းပေမွန်များ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ပန်းပညာစသည့် အနုပညာနယ်ပယ်များ ဖြာထွက်ရာ ပင်ရင်းဌာနကြီးဖြစ်ပြီး အမျိုးသားယဉ်ကျေးမှုအစုစုကို ထင်ဟပ်စေရာ နယ်ပယ်လည်းဖြစ်ကြောင်း။

ခေတ်အစဉ်အဆက် ဆက်လက်ထိန်းသိမ်းသွားရမည့် ယဉ်ကျေးမှုအမွေအနှစ်လည်းဖြစ်ပါကြောင်း၊ သို့အတွက်ကြောင့် နိုင်ငံတော်က နှစ်စဉ်နှစ်တိုင်း စာဆိုတော်နေ့အထိမ်းအမှတ်နှင့် မြန်မာစာပေပညာရှင်ကြီးများကိုချီးမြှင့်ဂုဏ်ပြုနေခြင်းဖြစ်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ဗီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်၏ (၁၇၁)နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံ မြန်မာနိုင်ငံဖြစ်လာ

စာမျက်နှာ - ၇



# ရန်ကုန်မြို့ ပုဇွန်တောင်နှင့် ထော်လီကွေ့ကြား ကမ်းနားလမ်းပိုင်း RBE(A) နှင့် (B) လူစီးကားရထားနှစ်စင်း စတင်ပြေးဆွဲ

သတင်း - စိုးဝင်း(MLA) ❖ ဓာတ်ပုံ - ဇော်သိန်းဝင်း

**ရန်ကုန်  ဒီဇင်ဘာ  ၇**

ရန်ကုန်မြို့တွင်းသို့ ခရီးသွားလာကြမည့် ရန်ကုန်မြစ်တစ်ဖက်ကမ်းမှ ရောက်ရှိလာကြသောခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ကြစေရန်နှင့် ကမ်းနားတစ်လျှောက်ရှိ ခရီးသည်များအား အဆင့်မြင့်ခေတ်မီစွာ သုံးစွဲနိုင်ကြစေရေးအတွက် ကမ်းနားလမ်းတစ်လျှောက် RBE (A)နှင့် RBE (B) လူစီးကားရထားတွဲဆိုင်းအသစ်နှစ်စင်း စတင်ပြေးဆွဲခြင်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ယနေ့နံနက်အစောပိုင်းက စီစဉ်ဆောင်ရွက်ပေးလိုက်ပြီဖြစ်သည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**

LCCI International Qualifications
Approved Centre
ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင် - CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
LCCI Level - I, II, III
စာရင်းကိုင်သင်တန်းများ
AUNG NAING SCHOOL OF ACCOUNTANCY
ကျောင်းအပ်လက်ခံပြီ
အမှတ် - ၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်) Tel: 01-377610, 09-730 66231, 09-320 60060

## ကြေးမုံစာတည်းရှုထောင့် ၈-၁၂-၂၀၁၄၊ တနင်္လာနေ့

# ရန်ကုန်ရေိယာမြင်ကွင်း

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းနိုင်ရေး ဆောင်ရွက်နိုင်မှု အစီအမံများကို ဘက်ပေါင်းစုံမှပြုလုပ်နေကြောင်း သိရသည်။ တစ်နိုင်ငံလုံးရှိ ကားများအားလုံး၏ ၈၀ရာခိုင်နှုန်းကျော် စုပြုံဝင်ရောက် နေရာယူလာရာ ရန်ကုန်မြို့တွင်းတွင် ကားများပြည့်ကျပ်လာနေရသည်မှာ အဆန်းမဟုတ်ပါဟု သုံးသပ်ရပါမည်။

ရှိပြီးကားများအပြင် ရန်ကုန်သို့ လစဉ်ဝင်ရောက်လာနေသည့် ကားစီးရေကလည်း နှစ်သောင်းခန့်ပုံမှန်ရှိနေသေးရာ လမ်းချဲ့မှုများပြုလုပ်နေသော်လည်း ယာဉ်ကြောပိတ်ဆို့မှုရှိနေဦးမည်ဟု မြို့တော်၏အဓိကတာဝန်ရှိသူတစ်ဦးက ထောက်ပြလာသည်။ ကားတင်သွင်းမှုနှင့်ပတ်သက်၍ အခြားနိုင်ငံများကို အတုယူရန်လိုအပ်ပြီး ကားတင်သွင်းမှုကို ပိတ်ပင်ခြင်းမဟုတ်ဘဲ ကန့်သတ်မှုနှင့်ပတ်သက်၍ စဉ်းစားရန်လိုကြောင်း တင်ပြလာသည်။

သို့သော် မြန်မာနိုင်ငံတွင် ကားအသုံးပြုနိုင်သည့်လူဦးရေမှာ အာဆီယံနိုင်ငံအချို့ထက် နည်းပါးနေသေးသည့်အတွက် ကားနှင့်လူအချို့မှာ လက်ခံနိုင်ဖွယ်အတိုင်းအတာသာရှိနေခြင်းကြောင့် လက်ရှိ ကားတင်သွင်းသည့် မူဝါဒများကို ပြောင်းလဲရန်မရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရှင်းပြထားသည်။ အာဆီယံတစ်နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံတွင် လူဦးရေ ၁၀၀၀ လျှင် မော်တော်ယာဉ် ၁၄ စီးနှုန်းရှိနေသည့်အချိန်တွင် မြန်မာနိုင်ငံရှိ လူဦးရေ ၁၀၀၀ လျှင် မော်တော်ယာဉ် ရှစ်စီးသာ အသုံးပြုနေသေးကြောင်း၊ မော်တော်ယာဉ်တင်သွင်းမှုတွင် တစ်ပြည်လုံးနှင့်ယှဉ်ပြီး စဉ်းစားတွက်ချက်ရခြင်းဖြစ်၍ မော်တော်ယာဉ်တင်သွင်းမှုမူဝါဒများကို လတ်တလောတွင် ပြောင်းလဲသွားမည်မဟုတ်ကြောင်း သိရသည်။

သို့သော် ရန်ကုန်မှာသုံးနေသည့်ကားများအတွက် သီးသန့်စဉ်းစားပြီး ကွက်၍လုပ်လျှင်ဖြစ်နိုင်ပါသည်ဟု နေရာဒေသအလိုက် အလျှော့အတင်းနှင့် လုပ်နိုင်ကြောင်း ပြောလာကြသည်။ ရန်ကုန်မြို့တော်ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေနိုင်မည့် အစီအမံတစ်ခုဖြစ်နိုင်ပါသည်။

လောလောဆယ်မှာကား ကိုယ်ပိုင်ယာဉ်များဖြင့် ကျောင်းကြို/ပို့နေမှုကို ကန့်သတ်နိုင်ရန်အတွက် ကျောင်း ကြို/ပို့ ယာဉ် ဥပဒေပြဋ္ဌာန်းရေးကို လွှတ်တော်မှာအဆိုတင်သွင်းနေကြောင်း သိရသည်။ ကိုယ်ပိုင်ယာဉ်များနှင့် ကျောင်းကြို/ပို့ယာဉ်များသည်လည်း ရန်ကုန်ယာဉ်ကြောပိတ်ဆို့မှုတွင် "တစ်ပူပေါ်နှစ်ပူဆင့်"ဖြစ်လာနေသည်။ အထူးသဖြင့် ရန်ကုန်မြို့တွင်းမှ ကျောင်း ကိုးကျောင်း။ မထသဗဟိုမှ ထိုကျောင်းများသို့ကွင်းဆင်းကာ ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ကျောင်းများအနီး ယာဉ်ကြောပိတ်ဆို့မှုလျော့ပါးရေးကို ဒီဇင်ဘာ ၄ ရက်မှ ၁၆ ရက်အထိ ပညာပေးဟောပြောသွားမည်ဟု သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းပေါင်း ၂၃၀ ကျော်တွင် ကျောင်းကား ၂၃၄၁ စီးနှင့် ကိုယ်ပိုင်ယာဉ်ငါးထောင်ကျော်တို့ဖြင့် ကျောင်းကြို/ပို့ ပြုလုပ်ပေးလျက်ရှိနေရာ ကျောင်းနှင့် ဝန်းကျင်လမ်းများ ယာဉ်ကြောမပိတ်ဆို့စေရေးသည်လည်း လတ်တလော အရေးတကြီးဆောင်ရွက်ရမည့်အချက်တစ်ရပ်ဖြစ်လာသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း အစိုးရသစ်လက်ထက် လေးနှစ်တာအတွင်း မြို့တွင်းရပ်ကွက်လမ်းပေါင်း ၁၃၇၂ လမ်းအထိ ပြုပြင်ဖောက်လုပ်နိုင်ခဲ့ပြီဟု သိရသည်။ လာမည့် ၂၀၁၅ ခုနှစ်တွင်လည်း မြို့တွင်းလမ်း ၁၁ လမ်းနှင့် ရပ်ကွက်လမ်း ၉၄၄ လမ်းကို ပြုပြင်ဖောက်လုပ်ဦးမည်ဟု ဆိုသည်။ တိုးပွားလာသောကားများ သွားလာရေးလွယ်ကူချောမွေ့မှုရှိစေရေး မြို့တော်စည်ပင်မှ ဆောင်ရွက်ချက်များဖြစ်သည်။

သို့သော် လမ်းတွေပြုပြင် အသစ်ဖောက်လိုက် ကားတွေက တိုးလာလိုက်နှင့် လုပ်ပြီးသမျှလမ်းများ မနိုင်ဝန်ဖြစ်လာရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် Show Room ပေါင်း ၂၇၀ ကျော်ရှိပြီး ရန်ကုန်တွင် သီရိမင်္ဂလာဈေးဟောင်းနှင့် လှိုင်မြို့နယ် တရားဝင်ကားရောင်းဝယ်ရေးစခန်းနှစ်ခုအပြင် တရားမဝင်နေရာများလည်းရှိနေကြောင်း သိရသည်။


ကားများတိုးပွားနေသမျှ ရန်ကုန်မြို့တွင်း ကားများ ပြွတ်သိပ်တိုးနေဦးမည်။ လတ်တလော တိုင်းဒေသကြီးလွှတ်တော်တွင် တင်ပြသော ကျောင်းကြို/ပို့ယာဉ် ဥပဒေပြဋ္ဌာန်းရေးကြိုးပမ်းချက်သည် ကနဦးအစဟုသာ ဆိုချင်သည်။ အဓိက ရန်ကုန်ဧရိယာအတွင်း ကားများဝင်ရောက်မှု ကန့်သတ်နိုင်ရေးသည်သာ ယာဉ်ကြောပိတ်ဆို့မှု၏အစ ပင်မအသက်သွေးကြောဟု ဆိုနိုင်ပါသည်။ ဤသို့ယာဉ်တင်သွင်းမှုကို ကန့်သတ်ပြီး လက်ရှိယာဉ်ကြောပိတ်ဆို့မှုကို အဖြေရှာသည့် ဖြေရှင်းမှုနည်းလမ်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဆိုလျှင် သတ်မှတ်ချိန်ကာလအတွင်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ။

## ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ငွေပျော်စံပြကျေးရွာတွင် သဘာဝဘေးဖြစ်ပွားပါက ခိုလှုံရာအဆောက်အအုံ(Community Shelter) အဖြစ် အသုံးပြုပြီး သဘာဝဘေးမဖြစ်ပွားခင်မူလတန်းကြိုကျောင်းအဖြစ် အသုံးပြုရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀၀ နှင့် သွပ်အချပ် ၅၀ တို့ကို ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ချာထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**




## မြန်မာ့ယဉ်ကျေးမှုဆံရစ်ဝိုင်း နွားထိုးကြီးမြို့နယ် ခံစပ်ကုန်းရွာတွင် ယနေ့တိုင်ထိန်းသိမ်းထား

**နွားထိုးကြီး ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကိုထိန်းသိမ်းကာ ဆံရစ်ဝိုင်းဆံတောက်များ ထားရှိသည့် ယဉ်ကျေးမှုကျေးရွာကို ပြပါဆိုလျှင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဘူးကိုင်းကျေးရွာအုပ်စု ခံစပ်ကုန်းရွာကို ပြသရမည်ဖြစ်သည်။ ခံစပ်ကုန်းရွာသည် နာမည်ကျော်စကြာတောင်ကို နောက်ခံထားပြီး ခံစပ်ကုန်းအရှေ့ရွာ၊ ခံစပ်ကုန်းအနောက်ရွာဟုရှိသည်။ ရွာအတွင်းရှိ အမျိုးသား အမျိုးသမီးများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆံပင်ထားသိုမှုကို ယနေ့တိုင် ထိန်းသိမ်းထားသည်ကို တွေ့ရသည်။



မြန်မာ့ရိုးရာဆံပင်ပုံထားမှုတွင် ယောကျ်ားလေးများဆိုလျှင် ငယ်ရွယ်စဉ်တွင် ဦးစွန်းဖုတ်ထားရှိကြသည်။ အမျိုးသမီးများဆိုလျှင် ဆံရစ်ဝိုင်း၊ ဆံတောက်၊ အုပ်လုံးသိမ်းဆိုသော ထားသိုမှုပုံစံများ ထားရှိကြသည်။ ယနေ့ ခေတ်မီတိုးတက်နေသော ခေတ်တွင် မြန်မာ့ယဉ်ကျေးမှုဆံပင်ထားသိုမှုပုံစံကို မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဘူးကိုင်းကျေးရွာအုပ်စုတွင် ထိန်းသိမ်းထားသည်။

မြန်မာ့ယဉ်ကျေးမှု ဆံပင်ထားသိုမှုတွင် အမျိုးသမီးငယ်များ အပျိုဖော်မဝင်ခင်တွင် ဆံရစ်ဝိုင်းများထားရှိကြသည်။ ထိုဆံရစ်ဝိုင်းကို မြင်သည်နှင့် ကလေးသာသာအရွယ်ဆိုသည်ကို ပြနေသည်။ အပျိုဖော်ဝင်သည်နှင့် ဆံတောက်ကို ထားလေ့ရှိသည်။ ဆံတောက်ထားမှုကိုမြင်နေသမျှ အပျိုဖြန်းဖြစ်ပြီဆိုသည်ကို ပြသနေပေသည်။ အပျိုဖြစ်ပြီဟုဆိုခြင်းပင်ဖြစ်သည်။ အပျိုဖြန်းဘဝကျော်လွန်ပါက အုပ်လုံးသိမ်းကာ အိမ်ထောင်သည်ဖြစ်ပြီဟု အသိအမှတ်ပြုထားသည်။

မြန်မာနိုင်ငံတွင် တမင်ဖန်တီးမှုမျိုးမဟုတ်ဘဲ သဘာဝအတိုင်း မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းထားခြင်းပင်ဖြစ်သည်။ ကျောင်းနေသူများသည်လည်း ဆံရစ်ဝိုင်းဖြင့် ကျောင်းတက်သလိုပင် ဒေသလုပ်ငန်းခွင်များတွင်လည်း ဆံရစ်ဝိုင်းများဖြင့် အလုပ်လုပ်ကိုင်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ သို့အတွက် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းထားသော ဆံရစ်ဝိုင်းနှင့် ဆံတောက်နှမတို့အလှပျောက်ကွယ်သွားခြင်း မရှိသေးဘဲ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဘူးကိုင်းကျေးရွာအုပ်စု ခံစပ်ကုန်းကျေးရွာတွင် လေ့လာနိုင်သည်။

**(တိမ်တမန်)**




## ပြည်တွင်းရေးရာ

❖ **ကျောဖုံးမှ**

"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဟူသော ဆောင်ပုဒ်ဖြင့် ဖော်ပြထားပါကြောင်း၊ ပြည်သူများ၏ အသံ၊ ပြည်သူများ၏ ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက်တို့ကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်း တင်သွင်း၍ ဥပဒေပြုရေးလုပ်ငန်းများကို လွှတ်တော်အတွင်း တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိပါကြောင်း။

မိမိအနေဖြင့် လွှတ်တော်ရပ်နားထားစဉ် ရက်များအတွင်း ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို တိုက်ရိုက်နားထောင်၊ တိုက်ရိုက်ဆွေးနွေးနိုင်ရန် နိုင်ငံအနှံ့သို့ သွားရောက်ခဲ့ရာ ဒိုက်ဦးမြို့သို့ ယနေ့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၆၉ ခုနှစ် နောက်ပိုင်းကာလများတွင် ဒိုက်ဦးဒေသ၌ မိမိတာဝန်ထမ်းဆောင်စဉ် ဒေသခံ မြို့မိမြို့ဖများနှင့် လက်တွဲ၍ ဒေသလုံခြုံရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ရောက်ရှိစဉ်၌ ဒိုက်ဦးမြို့မှ ပြည်သူများအနေဖြင့် မိမိတို့၏ ဆန္ဒ၊ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးတင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများဖြစ်ကြသော ဦးစန်းကြည်သိန်း၊ ဦးထွန်းတင်၊ ဦးသိန်းမြင့်၊ ဦးခွန်ဘသောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးငွေလှိုင်၊ ဒိုက်ဦးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင် ဦးဇော်မင်းတို့က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးရှင်းလင်းတင်ပြချက်များအပေါ် ခြုံငုံဆွေးနွေးသုံးသပ်ခဲ့ပြီး ပြီးခဲ့သည့်ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် အစည်းအဝေးတွင် အရေးကြီးအဆိုတစ်ခု တင်သွင်းအတည်ပြုဆုံးဖြတ်နိုင်ခဲ့ပါကြောင်း၊ ယင်းအဆိုမှာ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် အောင်မြင်စွာဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးသင့်သည့်-

- နိုင်ငံ့ဝန်ထမ်းများ(တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အပါအဝင်)အတွက် ထိုက်သင့်သော လစာစရိတ်များတိုးမြှင့်သတ်မှတ်ပေးရေး
- အလုပ်သမားများသင့်တင့်မျှတသော အနိမ့်ဆုံးလုပ်ခလစာ ရရှိရေးအတွက် လိုအပ်လျက်ရှိသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ဆောလျင်စွာ ထုတ်ပြန်ဆောင်ရွက်ပေးရေး
- တောင်သူလယ်သမားများဘဝ တိုးတက်ရေးအတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ လိုအပ်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ဆောလျင်စွာထုတ်ပြန်သတ်မှတ်ပေးရေး
- ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သင့်တင့်မျှတစွာ ပြင်ဆင်သတ်မှတ်ပေးရေးတို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်စတင်သည့် ကာလမှစ၍ အကောင်အထည်ဖော်နိုင်ရေးစီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုဖြစ်ပါကြောင်း။

၎င်းအဆိုသည် နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားအတွက် အထူးအရေးကြီးသော အဆိုဖြစ်၍ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရက အထူးအလေးထား ကြိုးစားဆောင်ရွက်လျက်ရှိပြီး အဆို၏ရည်မှန်းချက်၊ ရည်ရွယ်ချက် အောင်မြင်ရေးအတွက် အားလုံးပါဝင်လုပ်ဆောင်မှသာ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ရေးအတွက် ရှေးရှုဆောင်ရွက်နေစဉ်တွင် နိုင်ငံသားအားလုံးက ပါဝင်လုပ်ဆောင်ပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဒိုက်ဦးမြို့ဒေသခံများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းဖြင့်ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် နံနက်ပိုင်းတွင် ဒိုက်ဦးမြို့ စက်ကွင်းရပ်ကွက်ရှိ သီရိမင်္ဂလာပရိယတ္တိစာသင်တိုက်၌ နိုင်ငံတော်သြဝါဒါစရိယ မြို့ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုးရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဧည့်ပရိသတ်များသည် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

**စာစာအိပ်လို့ စာစာထလို့ စာစာလမ်းလျှောက်ကြပါစို့**

# ကျဆုံးစစ်သည်များအား ပထမဆုံးအကြိမ် ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

ခေတ်အဆက်ဆက်က တိုက်ပွဲဝင်ရင်းကျဆုံးခဲ့ရသည့် သူရဲကောင်းစစ်သည်များကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ရွှေတိဂုံဘုရား မြောက်ဘက်ရှိ သူရဲကောင်းဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တပ်မတော်စတင်ထူထောင်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းပြည်အတွက် အသက်စွန့်သွားသော သူရဲကောင်းစစ်သည်များအား ရည်စူး၍ လွမ်းသူ့ပန်းခွေချခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးစစ်သည်များအား အလေးပြုခြင်း၊ စစ်သည်များအား ရည်စူး၍ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် (၂)မိနစ်ငြိမ်သက်ခြင်း၊ တပ်မတော်အကြောင်း ဟောပြောခြင်း၊ အခမ်းအနားသို့ ပေးပို့လာသည့် သဝဏ်လွှာများကို ဖတ်ကြားခြင်းများပြုလုပ်ခဲ့ကြသည်။

ယင်းဂုဏ်ပြုပွဲအခမ်းအနားသို့ စစ်မှုထမ်းဟောင်းများ၊ လက်ရှိတပ်မတော်သားများနှင့် ပြည်သူလူထုများ တက်ရောက်ခဲ့ကြသည်။ ပွဲဖြစ်မြောက်ရေး ဦးဆောင်ကျင်းပသည့် ရောင်နီဦးပရဟိတအဖွဲ့မှ တက်ရောက်သူ စုစုပေါင်း ၇ ထောင်နီးပါးရှိသည်ဟု သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲ၌ ထုတ်ပြန်ပြောကြားသည်။

ယင်းဂုဏ်ပြုပွဲသို့ တက်ရောက်လာကြသူများ၏ စကားသံများအား မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှ တွေ့ဆုံ မေးမြန်းခဲ့သည်။



ကျဆုံးစစ်သည်များအား ပထမဆုံးအကြိမ် ဂုဏ်ပြုပွဲကျင်းပစဉ်။ *ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)*



ဦးရဲမိုး။



ဗိုလ်ကြီးအောင်သိန်းညွန့် (အငြိမ်းစား)



ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် (အငြိမ်းစား)



ဦးအေးနေဝင်း။

**ဦးရဲမိုး**

**သူရဲကောင်းစစ်သည်များ ဂုဏ်ပြုပွဲအခမ်းအနား ဖြစ်မြောက်ရေးကော်မတီဝင်**

မြန်မာနိုင်ငံသမိုင်းရဲ့ ခေတ်အဆက်ဆက်မှာ တိုင်းပြည်အတွက် အသက်ပေးသွားတဲ့ စစ်သည်တွေ သိန်းသောင်းချီပြီးရှိပါတယ်။ ဒီထဲကမှ ဗိုလ်ချုပ်တို့လို အာဇာနည်ခေါင်းဆောင်ကြီးတွေကိုတော့ အာဇာနည်ဗိမာန်မှာ နှစ်စဉ်အခမ်းအနားနဲ့ ကျင်းပဂုဏ်ပြုပါတယ်။ တိုင်းပြည်အတွက် အသက်ပေးခဲ့တဲ့ သာမန်စစ်သည်တွေကို ကျွန်တော်တို့က မေ့လျော့နေကြတယ်လို့ ခံစားမိလို့ ဒီပွဲကိုကျင်းပတာပါ။ ဖိတ်ကြားတာတော့ ဘယ်သူ့ကိုမဆို ဖိတ်တာပါ။ ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ စစ်မှုထမ်းဟောင်း မဟုတ်တဲ့ သာမန် ပြည်သူတွေနဲ့ ကော်မတီဖွဲ့စည်းပြီး လုပ်တာပါ။

ပထမဆုံးအကြိမ်လုပ်တာဖြစ်ပေမယ့် နောင်နှစ်မှာလည်း ယခုလို နှစ်စဉ် ဒီဇင်ဘာ ၇ ရက်နေ့မှာ လုပ်ဆောင်သွားနိုင်ဖို့ ရည်ရွယ်ထားတယ်။ ပြည်တွင်း စစ်ကမကောင်းပါဘူး။ စစ်သားဆိုတာ စစ်မဖြစ်ချင်ဆုံးလူပါ။ တစ်ဖက်နဲ့တစ်ဖက် စစ်သည်တွေကျဆုံးတာ စိတ်မကောင်းပါဘူး။ ဒါတွေအဆုံးသတ်မှရမယ်။ ဒါတွေအဆုံးသတ်ဖို့ ငြိမ်းချမ်းရေး မြန်မြန်ရဖို့လိုပါတယ်။ ဒီပွဲလုပ်ဖို့ တပ်စည်ပင်မှာပါတဲ့အတွက် တပ်စည်ပင်သာယာကို အကြောင်းကြားပါတယ်။ အဲဒီခွင့်ပြုချက်ရတော့ တိုင်းဒေသကြီး အစိုးရကို ခွင့်တောင်းပါတယ်။ တိုင်းဒေသကြီးအစိုးရက ရန်ကုန်တိုင်းစစ်ဌာနချုပ်က ခွင့်ပြုပေးရင်လုပ်ခွင့်ပြုတယ်ဆိုလို့ လုပ်ခွင့်ရတာပါ။ အချိန် ၂ ပတ်ယူရပါတယ်။

ကျွန်တော်တို့ အခုလိုပွဲလုပ်တဲ့အတွက် တစ်ဖက်ရင်ထဲက ခံစားချက်ကို တစ်ဖက်ကနားလည်လာမှာဖြစ်လို့ ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်မယ်လို့ ထင်ပါတယ်။

**ဗိုလ်ကြီးအောင်သိန်းညွန့်(အငြိမ်းစား) ရန်ကင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့**

၁၉၈၀ ခုနှစ် အောက်တိုဘာ ၆ ရက်နေ့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေမှာဖြစ်ပွားတဲ့ စစ်ဆင်ရေးမှာ ဘယ်ဘက်ခြေထောက်ထိပြီး ဖြတ်ပစ်ခဲ့ရပါတယ်။ ခြေထောက်က ပုပ်သွားလို့ ဆေးရုံမှာတင် ၂ နှစ် လောက်ကြာတယ်။ ရဲဘော်တွေကို တက်ဆွဲရင်း ထိတာ။ အများကြီးထိတယ်။ တပ်ကလည်းအသစ် ရဲဘော်လေးတွေကလည်း ငယ်တယ်။ အခုလို ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးစွန့်လွှတ်ခဲ့ရတဲ့ တပ်မတော်သားတွေကို ပထမဆုံးအနေနဲ့ အခုလိုဂုဏ်ပြုတဲ့ အခမ်းအနားလေး လုပ်တာမဖော်ပြနိုင်လောက်အောင်ပဲ ပီတိဖြစ်ရတယ်။ စောင်ကြားလေး အုပ်ပြီး မြှုပ်ခဲ့ရတဲ့တပ်သားတွေ၊ ဆရာတွေအများကြီးပါ။ အခုလိုပွဲမျိုး လုပ်တဲ့အတွက် အတိုင်းမသိအောင်ပဲ ဝမ်းသာတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် (အငြိမ်းစား)**

ကျွန်တော် တပ်မတော်ထဲမှာ နှစ်ပေါင်း ၄၃ နှစ်နေခဲ့တယ်။ တောထဲ တောင်ထဲမှာ အငတ်ငတ်အပြတ်ပြတ်နဲ့ သေခဲ့ရတဲ့ ရဲဘော်တွေအများကြီးပါ။ ကျွန်တော်တို့ရှေ့မှာပဲ ကျဆုံးသွားတဲ့ စစ်သည်တွေအလောင်းကို ခုချိန်ထိ ပြန်မဖော်နိုင်ဘူး။ အထက်ကပေးအပ်တဲ့ အမိန့်နဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မယ်ဆိုတာ တပ်မတော် ဆောင်ပုဒ်နဲ့ ကျွန်တော်တို့သစ္စာစကား။ ကျွန်တော်တို့တုန်းက မလုပ်နိုင်ခဲ့တဲ့ တိုင်းပြည်အတွက် အသက်ပေးစွန့်လွှတ်ခဲ့ရတဲ့ တပ်မတော်သားတွေကို အခုလိုဂုဏ်ပြုတဲ့အခမ်းအနား ဖြစ်အောင်လုပ်နိုင်ခဲ့တဲ့ လူငယ်တွေကို ချီးကျူးတယ်။

**ဦးအေးနေဝင်း**

ခေတ်အဆက်ဆက် တိုင်းပြည်အတွက် အသက်နဲ့ခန္ဓာကို စွန့်လွှတ်တဲ့ တပ်မတော်သားတွေကို ဂုဏ်ပြုတဲ့ပွဲမို့တက်တာပါ။ သူတို့တွေ အသက်စွန့်လွှတ်ခဲ့တယ်။ ခန္ဓာတွေစွန့်လွှတ်ခဲ့တယ်ဆိုတာ အိမ်ကမိန်းမတွေ၊ သူတို့ မိသားစုတွေ ကောင်းစားဖို့မဟုတ်ဘူး။ သူတို့သားသမီးတွေ သူဌေးဖြစ်ဖို့ မဟုတ်ဘူး။ ဒီလိုလုပ်ခဲ့တာက ပြည်ထောင်စု၊ ပြည်ထောင်စုသား၊ တိုင်းသူပြည်သားတွေ အားလုံး အေးအေးချမ်းချမ်းနေဖို့၊ ပြည်တွင်း သောင်းကျန်းမှုအန္တရာယ်က ကာကွယ်ဖို့ သူတို့ အသက်စွန့်ခဲ့တာ။ ကျွန်တော်က ပြည်သူတစ်ယောက်အနေနဲ့ ဒါကို ကျေးဇူးသိတဲ့ အထိမ်းအမှတ်ပွဲလုပ်တာဆိုတော့ တက်ရောက်တာပါ။ ဒီပွဲကို အစိုးရကလည်း လုပ်တာမဟုတ်ဘူး။ စစ်တပ်ကလည်း စစ်တပ်အမိန့်နဲ့ လုပ်တာမဟုတ်ဘူး။ ပြည်သူထဲက လုပ်တာမို့လို့ ဂုဏ်ယူပါတယ်။ နိုင်ငံတော် သမ္မတဟောင်း ဗိုလ်ချုပ်နေဝင်းရဲ့ မြေးတစ်ယောက်အနေနဲ့ ပြောရရင် ကျွန်တော်စစ်တပ်ကို ချစ်တယ်။ ဘယ်သူ ဘာပြောပြော ကျွန်တော် ဒီစကားပဲပြောမယ်။ ကျွန်တော်ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ တပ်မတော်အပေါ်မှာ ဘယ်လိုမှ စိတ်ကွက်စရာ မရှိပါဘူး။ ငြိမ်းချမ်းရေးအကြောင်း ပြောရရင်တော့ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးဆိုပြီး ကတိမတည်မှုတွေ ရှိနေရင် ငြိမ်းချမ်းရေးရမှာမဟုတ်ဘူး။ လာမယ့် ၂၀၁၅မှာ ကျွန်တော်တို့ မိသားစုအနေနဲ့ ပါတီထောင်ဖို့မရှိပါဘူး။ တစ်သီးပုဂ္ဂလအနေနဲ့လည်း ရွေးချယ်ခံဖို့ မရှိပါဘူး။ ကိုယ်အင်္ဂါချို့တဲ့တဲ့ တပ်မတော်သားတွေကို တပ်မတော်နေ့မှာ ကျွန်တော်တို့ မိသားစုအနေနဲ့ ထောက်ပံ့မှုလုပ်ပါတယ်။ နှစ်တိုင်းလုပ်မှာပါ။ ။

**ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**

# နန်ကျင်းအစုလိုက်အပြုံလိုက်အသတ်ခံရမှု မှတ်တမ်းဗီဒီယို တရုတ်ထုတ်လွှင့်



**ပေကျင်း ဒီဇင်ဘာ ၇**

တရုတ်နိုင်ငံတော်မော်ကွန်းတိုက်များ စီမံခန့်ခွဲမှုဌာနက နန်ကျင်းမြို့တွင် လူအစုလိုက်အပြုံလိုက်အသတ်ခံရမှုများနှင့်ပတ်သက်သည့် ၁၀ မိနစ်ကြာ ဗီဒီယိုကို ဒီဇင်ဘာ ၇ ရက်က အွန်လိုင်းသို့လွှင့်တင်ခဲ့သည်။

အဆိုပါ ဗီဒီယိုတွင် နန်ကျင်းဒေသခံများ၏ မှတ်တမ်းမှတ်ရာများနှင့် နိုင်ငံခြားသားများရိုက်ကူးထားသည့် ဓာတ်ပုံများပါဝင်ပြီး အပိုင်းခုနစ်ပိုင်းပါဝင်မည့် ယင်းဗီဒီယိုတွင် ယခုအပိုင်းသည် ပထမဆုံးအပိုင်းဖြစ်သည်။ ကျန်အပိုင်းများကို တစ်နေ့တစ်ပိုင်း ထုတ်လွှင့်သွားရန်စီစဉ်ထားသည်။ ယခုထုတ်လွှင့်သော ဗီဒီယိုတွင် ထိုစဉ်က ကျူးကျော်တိုက်ခိုက်မှု မှတ်တမ်းဓာတ်ပုံများလည်း ပါဝင်သည်။

ယင်းမှတ်တမ်းများသည် လူသားချင်း စာနာမှုမရှိသည့် ပြစ်မှုများကို လှစ်ဟနေသည့် အဖိုးတန်မှတ်တမ်းများဖြစ်သည်ဟု ဆိုသည်။ ယင်းဗီဒီယိုသည် ဒီဇင်ဘာ ၁၃ ရက်တွင်ကျရောက်မည့် တရုတ်နိုင်ငံ၏ ပထမဆုံးနန်ကျင်းအစုလိုက် အပြုံလိုက် အသတ်ခံရသူများအောက် မေ့ဖွယ်အခမ်းအနားနေ့ မတိုင်မီ ထုတ်လွှင့်ခြင်းဖြစ်သည်။


၁၉၃၁ ခုနှစ် စက်တင်ဘာလတွင် တရုတ်အရှေ့မြောက်ပိုင်းကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီး ၁၉၃၇ ခုနှစ် ဇူလိုင် ၇ ရက်တွင် တစ်နိုင်ငံလုံးသို့ ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ်အထိ ဆက်လက်ဖြစ်ပွားသည့် စစ်ပွဲအတွင်း တရုတ်စစ်သားနှင့် အရပ်သား ၃၅ သန်းခန့် သေဆုံးခဲ့သည်။

ထိုစဉ်က တရုတ်မြို့တော်နန်ကျင်းကို သိမ်းပိုက်ပြီးနောက် ရက် ၄၀ကြာ လူအစုလိုက် အပြုံလိုက်သတ်ဖြတ်မှုကို ၁၉၃၇ ခုနှစ် ဒီဇင်ဘာ၁၃ ရက်တွင် စတင်ခဲ့သည်။ တရုတ်စစ်သားနှင့် အရပ်သား ၃၀၀၀၀၀ ကျော်သတ်ဖြတ်ခံခဲ့ရသည်။

**ဆင်ဟွာ။**

◆◆◆◆◆

# တရုတ်-ဘရာဇီး သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်




**ပေကျင်း ဒီဇင်ဘာ ၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဘရာဇီးသမ္မတ ဒီမာရောဆက်ဖ်တို့သည် နှစ်နိုင်ငံသိပ္ပံနှင့်နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအတွက် ယနေ့ကတိပြုခဲ့ကြကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံ တိုင်ယန်အခြေစိုက်စခန်းမှ ယနေ့လွှတ်တင်လိုက်သော တရုတ်-ဘရာဇီး ကမ္ဘာ့အရင်းအမြစ်လေ့လာရေးဂြိုဟ်တုအား အောင်မြင်စွာလွှတ်တင်နိုင်ခြင်းအတွက် ၎င်းတို့အပြန်အလှန်ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာထဲတွင် သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆောင်ရွက်ချက်များကို အလေးပေးဖော်ပြထားသည်။

တရုတ်-ဘရာဇီး ကမ္ဘာ့အရင်းအမြစ်လေ့လာရေးဂြိုဟ်တု အစီအစဉ်သည် အာကာသဆိုင်ရာလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သိသာထင်ရှားသော အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က သဝဏ်လွှာထဲတွင်ဖော်ပြသည်။ လွန်ခဲ့သောနှစ်များအတွင်း ယင်းအစီအစဉ်ကြောင့် နှစ်နိုင်ငံသိပ္ပံနှင့်နည်းပညာအဆင့်အတန်း မြင့်မားလာစေခဲ့ပြီး စီးပွားရေး၊လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများလည်း ရှိလာစေခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ နှစ်နိုင်ငံအနေဖြင့် ဆယ်စုနှစ်တစ်စုတိုင်ကြာမြင့်မည့် အာကာသဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ခိုင်မြဲလျက်ရှိသော နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ဆက်လက်တိုးမြှင့်မည်ဖြစ်ကြောင်း ပြောသည်။

တရုတ်-ဘရာဇီးကမ္ဘာ့အရင်းအမြစ်လေ့လာရေးဂြိုလ်တုကို အောင်မြင်စွာလွှတ်တင်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် တီထွင်ကြံဆမှုများ ပိုမိုလုပ်ဆောင်ရန် အားပေးမှုတစ်ခုပင်ဖြစ်ကြောင်း ဘရာဇီးသမ္မတက ပြောသည်။ **ဆင်ဟွာ။**

# တရုတ်(တိုင်ပေ)အမျိုးသားတစ်ဦး အီဘိုလာကူးစက်ခံရသည်ဟု လိမ်ညာသည့်အတွက် ဒဏ်ရိုက်ခံရဖွယ်ရှိ

**တိုင်ပေ ဒီဇင်ဘာ ၇**

တရုတ်(တိုင်ပေ) အမျိုးသားတစ်ဦးသည် အာဖရိကသို့သွားရောက်ခဲ့ပြီး အီဘိုလာရောဂါလက္ခဏာများခံစားနေရသည်ဟု ဆရာဝန်များကို လိမ်ညာပြောကြားခဲ့ပြီးနောက် ဆေးရုံတစ်ခုတွင် အရေးပေါ်ရောဂါ ထိန်းချုပ်မှုများ လုပ်ဆောင်ခဲ့ရကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားသည်။ လိမ်ညာပြောဆိုခဲ့သည့် အသက် (၁၉)နှစ်ရှိ အဆိုပါအမျိုးသားသည် ထိုင်ဝမ်ဒေါ်လာ ၁၅၀၀၀၀ (အမေရိကန် ဒေါ်လာ ၄၈၀၀) အထိ ဒဏ်ရိုက်ခံရဖွယ်ရှိသည်။

အဆိုပါ အမျိုးသားသည် ဒီဇင်ဘာ ၅ ရက်က တရုတ်(တိုင်ပေ) တောင်ပိုင်း ကိုစီအန်းမြို့ရှိ ဆေးရုံတစ်ခုတွင် တက်ရောက်ကုသခဲ့သည်။ ၎င်းက မကြာသေးမီက နိုင်ဂျီးရီးယားနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်တွင် လင်းနို့များကို စားခဲ့ကြောင်း၊ ဖျားနာကာ အားအင်ချည့်နဲ့ပြီး ဝမ်းလျှောရောဂါများခံစားနေရကြောင်း ဆရာဝန်များကို ပြောပြခဲ့သည်။

အဆိုပါဆေးရုံက ၎င်းအမျိုးသားနှင့် ပတ်သက်၍ အရေးပေါ်ရောဂါထိန်းချုပ်မှုများ လုပ်ဆောင်ခဲ့သော်လည်း ယင်းအချိန်၌ ၎င်းအမျိုးသားတွင် ဖျားနာမှုမရှိခဲ့ဟုဆိုသည်။ ယင်းဖြစ်ရပ်သည် ဒေသခံသတင်းမီဒီယာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွဲဆောင်နိုင်ခဲ့သည်။ တရုတ်(တိုင်ပေ) ရောဂါထိန်းချုပ်ရေးဌာနက ပြည်သူများအား မလိုအပ်ဘဲ အနောက်အာဖရိကသို့ ခရီးမသွားရန် တားမြစ်ထားသကဲ့သို့ ရောဂါကူးစက်နိုင်ဖွယ်ရှိသည့် တိရစ္ဆာန်များကို မစားကြရန် ညွှန်ကြားထားသည်။

သို့သော် အဆိုပါအမျိုးသားတွင် အီဘိုလာရောဂါပိုးမရှိကြောင်း ဒီဇင်ဘာ ၆ ရက်တွင် ဖော်ထုတ်စစ်ဆေးနိုင်ခဲ့သလို ၎င်းအမျိုးသားသည် ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့ဖူးခြင်း မရှိကြောင်း တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိခဲ့ကြသည်။ ဆရာဝန်များက အဆိုပါအမျိုးသား စိတ်ရောဂါခံစားနေရမည်ကိုသာ စိုးရိမ်ရကြောင်းပြောကြားသည်။

အီဘိုလာရောဂါကြောင့် အနောက်အာဖရိကတွင် လူ ၆၁၀၀ ကျော် သေဆုံးခဲ့ရသော်လည်း အာရှတိုက်တွင် ယခုလောလောဆယ်အထိ အီဘိုလာရောဂါကူးစက်ပြန့်ပွားခြင်းမရှိသေးပေ။ **အေအက်ဖ်ပီ။**

# အနံ့အသက်မကောင်းမှုကြောင့် အမေရိကန်လေယာဉ် အရေးပေါ်ဆင်းသက်

**ရောမ ဒီဇင်ဘာ ၇**

အစ္စရေးနိုင်ငံ ဒုတိယမြို့တော် တဲလ်အဗစ်မှ အမေရိကန်နိုင်ငံ ဖလာဒဲလ်ဖီးယားသို့ ခရီးနှင်လာသော အမေရိကန်လေကြောင်းလိုင်းမှလေယာဉ်တစ်စင်းသည် ခရီးသည်နှစ်ဦးနှင့် လေယာဉ်ဝန်ထမ်း၁၁ဦးတို့ လေယာဉ်ပေါ်တွင် အနံ့အသက်ဆိုးရွားမှုကြောင့် နေထိုင်မကောင်းဖြစ်သဖြင့် အီတလီမြို့တော်ရှိ ဖူမီစီနိုလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

လိုက်ပါစီးနင်းလာသူ၁၂၉ဦးအနက် ၁၃ဦးသည် ခရီးစဉ်အတွင်း မျက်လုံးများ နီလာပြီး အော့အန်ခြင်းများ ခံစားခဲ့ရသောကြောင့် ဆေးကုသမှုခံယူရန် တောင်းဆိုခဲ့သည်။

အဆိုပါခရီးသည်များက လေယာဉ်မောင်းနှင်နေစဉ်အတွင်း အနံ့တစ်မျိုးရှူရှိုက်မိသဖြင့် နေထိုင်မကောင်းဖြစ်လာခဲ့ရကြောင်း လေကြောင်းလိုင်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လေယာဉ်သည် အဲဘတ်စ် အေ-၃၃၀ လေယာဉ်အမျိုးအစားဖြစ်ပြီး ဘေးအန္တရာယ်ကင်းစွာ ဆင်းသက်နိုင်ခဲ့သည်။ ခရီးသည်အားလုံးကို အခြားလေကြောင်းလိုင်းများသို့ပြောင်းလဲစီးနင်းစေခဲ့သည်။

ဆေးကုသမှုခံယူရန် တောင်းဆိုခဲ့ကြသော ၁၃ဦးကို ရောမမြို့အနီးရှိ ဆေးရုံတစ်ရုံတွင် ဆေးကုသမှုခံယူစေခဲ့သည်။

လေယာဉ်ပေါ်တွင် အနံ့ဆိုးတစ်မျိုး မည်သည့်နေရာမှ ထွက်ပေါ်ခဲ့သလဲဆိုသည်ကို အတိအကျမပြောနိုင်သော်လည်း လေဝင်လေထွက်စနစ်ချွတ်ယွင်းမှုကြောင့် အနံ့ဆိုး ထွက်ပေါ်လာနိုင်သည်ဟု အစီရင်ခံစာအရ သိရသည်။

**အေအက်ဖ်ပီ။**

# ဖိလစ်ပိုင်သူပုန်များလက်မှ ဆွစ်ဓာတ်ပုံဆရာ လွတ်မြောက်လာ

**မနီလာ ဒီဇင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံတွင် သူပုန်များ၏ ဖမ်းဆီးထားခြင်းခံရသော ဆွစ်ဇာလန်နိုင်ငံသား တောရိုင်းတိရစ္ဆာန်ဓာတ်ပုံဆရာသည် စနေနေ့တွင် လွတ်မြောက်လာခဲ့သည်။

အစိုးရတပ်များနှင့် သောင်းကျန်းသူများ တိုက်ပွဲဖြစ်နေစဉ် ၎င်းအားစောင့်ကြပ်နေသူတစ်ဦးအား သတ်ဖြတ်၍ လွတ်မြောက်လာခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်အရာရှိတစ်ဦးက ပြောသည်။

လွန်ခဲ့သည့်နှစ်နှစ်ကျော်က ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အသက် (၄၉) နှစ် လော်ရင်ဇိုဗင်စီဂွိရာကို အဘူဆေယက်အုပ်စုဝင် သူပုန်များက ပြန်ပေးဆွဲသွားခြင်းဖြစ်သည်။

အစိုးရတပ်နှင့် သူပုန်များ တိုက်ပွဲဖြစ်နေစဉ် အစောင့်၏လက်မှ တောခုတ်ဓားကို ဗင်စီဂွိရာက လုယူခဲ့ကြောင်း၊ ဓားကို ရယူနိုင်ရန် နပန်းလုံးကြသည့်အခါ ၎င်း၏ဝဲဘက်ပါးတွင် ဒဏ်ရာရရှိခဲ့ကြောင်း၊ နောက်ဆုံး၌ ဓားရရှိပြီး အစောင့်၏လည်ပင်းကို ဓားနှင့်ခုတ်သတ်နိုင်ခဲ့ကြောင်း အထူးတပ်ဖွဲ့မှ တပ်မှူး ဗိုလ်မှူးကြီး အလန်အာရိုဂျာနိုက ပြောသည်။



သူပုန်များက ၎င်းကို သေနတ်ဖြင့် ဝိုင်းပစ်ရာ တစ်ဟုန်ထိုးထွက်ပြေးနိုင်ခဲ့သည်ဟု ဆိုသည်။

ဗင်စီဂွိရာကို ဒတ်ချ်နိုင်ငံသား အသက် (၅၂)နှစ် အီဝိုလ်ဟွန်းနှင့်အတူ ချုပ်နှောင်ထားခြင်းဖြစ်သည်။ ဟွန်းသည် အလွန်မကျန်းမမာဖြစ်ပြီး အားနည်းလျက်ရှိသဖြင့် ထွက်ပြေးနိုင်ခြင်းမရှိကြောင်း အာရိုဂျာဒိုက ပြောသည်။

ဗင်စီဂွိရာသည် ကျန်းမာရေးအခြေအနေ ကောင်းမွန်သည်ဟု ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ယခုအခါ ဖိလစ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့က ၎င်းကို ထိန်းသိမ်းထားဆဲဖြစ်ပြီး မြန်နိုင်သမျှ မြန်မြန်ဆွစ်ဇာလန်သို့ ပြန်မည်ဟု ဆိုသည်။ **ရိုက်တာ။**

# လောကလူ့ရွာ ဝသုန်လွှာ အမှိုက်လျှော့ရေး မဟာဗျူဟာ

■ ကိုရင်ဩ


နိုဝင်ဘာ ၁၄ ရက်က တောင်ကိုရီးယားနိုင်ငံ၏ သာယာလှပသော ဂျေဂျူကျွန်း၌ ပတ်ဝန်းကျင် သန့်ရှင်းရေး စီမံခန့်ခွဲမှုလုပ်ငန်းကို မြန်မာကိုယ်စားလှယ်အဖွဲ့ လေ့လာကြစဉ်။

တောင်ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(ကွေကာ)၏ ဖိတ်ကြားချက်အရ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် ပတ်သက်၍ နှီးနှောဖလှယ်ပွဲများ တက်ရောက်ရန် နိုဝင်ဘာလအတွင်း ဆောင်းနမ်းမြို့သို့ ရောက်ရှိနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ သတင်းသမားတစ်ဦးဖြစ်သူ ကျွန်တော့်အနေဖြင့် ယင်းနိုင်ငံ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းများကို တစေ့တစောင်း တီးခေါက်ခွင့်ရရှိခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးကို မဟာဗျူဟာရေးဆွဲချမှတ်ကာ ဆောင်ရွက်နေသည့် နိုင်ငံအဖြစ် ကျွန်တော် သတိမူမိပါသည်။ ယင်းမဟာဗျူဟာ၏ ထူးခြားချက်မှာ 'ဇာစ်မြစ်လျှော့ချခြင်း' (Source Reduction) ဖြစ်ပါသည်။ ထုတ်ကုန်ပစ္စည်းများအတွက် ဒီဇိုင်းပုံစံထုတ်ခြင်းနှင့် ထုတ်လုပ်ခြင်းအဆင့်တိုင်းတွင် အဆိပ်အတောက်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းပမာဏကို လျှော့ချနိုင်ရန် ဆောင်ရွက်ခြင်းဟု ကျွန်တော် နားလည်မိပါသည်။ ထုတ်ကုန်ပစ္စည်းများ၏ သုံးစွဲနိုင်မှု ကာလသက်တမ်းကို ပိုမိုရှည်စေရန်လည်း ဦးတည်ထုတ်လုပ်ရပါမည်။ 'ဇာစ်မြစ်လျှော့ချခြင်း' ဥပမာတစ်ရပ်မှာ ကုန်ပစ္စည်းရောင်းချသည့် စတိုးဆိုင်သို့ ပြန်လည်အသုံးပြုနိုင်သောအိတ် (ဈေးဝယ်အိတ်)ကို ဈေးဝယ်သူက သယ်ဆောင်လာခြင်းဖြစ်ပါသည်။ ယင်းကို Reuse ဟုခေါ်ပါသည်။ တောင်ကိုရီးယားနိုင်ငံ၌ ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ 'ဇာစ်မြစ်လျှော့ချခြင်း' မဟာဗျူဟာကို ကျင့်သုံးလာခဲ့ပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စွန့်ပစ်ပစ္စည်းသုတ်သင်ရှင်းလင်းရေး ဝန်ဆောင်မှု လုပ်ငန်းများကို တိုးချဲ့လာရချိန်တွင် ဖော်ပြပါ မဟာဗျူဟာမှာ အလုပ်ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်း သုတ်သင်ရှင်းလင်းရေး ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့သည့် မဟာဗျူဟာမှ စွန့်ပစ်ပစ္စည်းပေါ်ထွက်မှု နည်းနိုင်သမျှနည်းစေရန် လုပ်ဆောင်သည့် မဟာဗျူဟာသို့ ကူးပြောင်းခြင်းဖြစ်ပါသည်။

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုလုပ်ငန်းအတွက် ဒေသန္တရအစိုးရအဖွဲ့ (သို့မဟုတ်) စည်ပင်သာယာရေးအဖွဲ့ တစ်ခုတည်းက တာဝန်ယူရသည့် စနစ်မဟုတ်ဘဲ စားသုံးသူများနှင့် ထုတ်လုပ်သူများကပါ မျှဝေတာဝန်ယူသည့် စနစ်ဟုလည်း ဆိုနိုင်ပါသည်။


၂၀၀၃ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး 'စံနှုန်းပြောင်းလဲမှု' (Paradigm change) အရွေ့ကို တွေ့မြင်ရပါသည်။ ယင်းမှာ စွန့်ပစ်ပစ္စည်းများကို စွမ်းအင်အရင်းအမြစ်တစ်ရပ်အဖြစ် ပြန်လည်အသုံးချခြင်းဖြစ်ပါသည်။ ယင်းကို Energy recovery ဟု ခေါ်ပါသည်။

ဇာစ်မြစ်လျှော့ချခြင်းကို အမှိုက်တိုးပွားခြင်းမှ တားဆီးခြင်းဟုလည်း ခေါ်တွင်ပါသည်။ ထုတ်ကုန်တစ်မျိုးကိုဒီဇိုင်းထုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ဝယ်ယူခြင်း၊ သုံးစွဲခြင်း အဆင့်တိုင်းတွင် ဘေးဥပဒ်ဖြစ်စေနိုင်သော ရုပ်ဝတ္ထုများပါဝင်မှု နည်းနိုင်သမျှအနည်းဆုံးဖြစ်စေရန် စီစဉ်ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ပေလိမ့်မည်။

အမှိုက်လျှော့ချရေးနှင့် အမှိုက်လျော့ကျရေးတို့တွင် မြန်မာပြည်သူလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ဂုဏ်ကျက်သရေ တိုးပွားလာနိုင်သည်ဟု ကျွန်တော်ရှုမြင်မိပါသည်။ ရပ်ရွာများတွင် ဇာစ်မြစ်လျှော့ချရေး အစီအစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်လိုသည့် ဆန္ဒမှာ ပြည်သူ့ဆန္ဒဖြစ်သင့်ပါသည်။

အမှိုက်လျော့ကျရေး မဟာဗျူဟာသစ်မှာ ဇာစ်မြစ်လျှော့ချခြင်းကို ပထမဦးစားပေး ဆောင်ရွက်ရန်၊ တစ်ကျော့ပြန်ထုတ်လုပ်ခြင်းကို ဒုတိယဦးစားပေးဆောင်ရွက်ရန်ဖြစ်ပြီး အမှိုက်ကို မီးရှို့ဖျက်ဆီးခြင်း (သို့မဟုတ်) စည်ပင်သာယာစွန့်ပစ်ပစ္စည်း ဖို့မြေအမှိုက်ပုံ(Landfill) တွင် စွန့်ပစ်ခြင်းကို နောက်ဆုံးနည်းလမ်းအရသာ ဆောင်ရွက်ရန်ဟူ၍ ကျွန်တော်မှတ်သားရပါသည်။ ယင်းလုပ်ငန်းစဉ်တို့ကို နည်းပညာဖြင့် သုတ်သင်ရှင်းလင်းခြင်း (Treatment) နှင့် စွန့်ပစ်စုပုံခြင်း (Disposal) ဟု ခေါ်တွင်ပါသည်။

အမှိုက်လျှော့ချရေး မဟာဗျူဟာကို သရုပ်ဖော်ရသော် အောက်ပါအတိုင်း တွေ့မြင်နိုင်ပါသည်။




အမှိုက် လျော့ကျလာမည်ဆိုပါက ငွေကြေးနှင့် သဘာဝအရင်းအမြစ်များကို ချွေတာရာ ရောက်ပေမည်။ စီးပွားရေးလုပ်ငန်းများအတွက်လည်း တော်တည့်မှန်ကန်သည့် လုပ်ဆောင်ချက်ဖြစ်ပေမည်။

သဘာဝအရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာ တည်ရှိနေခြင်းကြောင့် အမှိုက်လျှော့ချခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြရန်မှာ နိုင်ငံသားတိုင်းအတွက် အမျိုးသားရေးတာဝန်ဟု ဆိုနိုင်ပါသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ ကျင့်သုံးသင့်သည့် မဟာဗျူဟာအဖြစ် ကျွန်တော် တွေးဆမိပါသည်။ "ခြိုးခြံချွေတာ ပြည်ချမ်းသာ" ဖြစ်စေဖို့ သဘာဝ အရင်းအမြစ်များကို ချွေတာသုံးစွဲရမည် မဟုတ်ပါလား။

အမှိုက်လျော့ကျရေး မဟာဗျူဟာကို အဖွဲ့အစည်းတိုင်း၊ ပြည်သူတိုင်း သဘောပေါက်ခြင်းဖြင့် စရိတ်စကလျော့ကျပြီး ကုန်ထုတ်လုပ်မှု တိုးတက်လာပေမည်။

'စည်ပင်သာယာ စွန့်ပစ်ပစ္စည်း' (Municipal Solid Waste) ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ အရပ်အခေါ်အဝေါ် အမှိုက်သရိုက်ဖြစ်ပါသည်။ အမေရိကန်အင်္ဂလိပ်စာအရ အမှိုက်သရိုက်ကို Trash (သို့မဟုတ်) Garbage ဟု သုံးနှုန်းပြီး ဗြိတိသျှအင်္ဂလိပ်စာအရ Refuse (သို့မဟုတ်) Rubbish ဟု သုံးပါသည်။ ပြည်သူလူထုက နိစ္စဓူဝ စွန့်ပစ်နေသည့် အမှိုက်ဟူသမျှကို ရည်ညွှန်းပါသည်။

မြန်မာနိုင်ငံ၌ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်၊ ပုဂ္ဂိုလ်တစ်ဦးချင်းမှသည် အဖွဲ့အစည်းအထိ၊ နေအိမ်များမှသည် ရုံးများအထိ၊ အလုပ်ရုံများမှသည် စက်ရုံများအထိ အမှိုက်လျှော့ချနိုင်ရေးအတွက် ဇာစ်မြစ်လျှော့ချခြင်း မဟာဗျူဟာကို ကျင့်သုံးကြခြင်းဖြင့် တက်နေပမာ ကျက်သရေဖြာသည့် အမှိုက်ကင်းနိုင်ငံအဖြစ် ဝိုင်းဝန်းတည်ဆောက်နိုင်ကြပါမည်။ လောကလူ့ရွာ ဝသုန်မြေလွှာ၌ ညစ်ညမ်းမှု ဘေးကင်းဝေးရေးအတွက် အမှိုက်လျှော့ချရေး မဟာဗျူဟာကို ကမ္ဘာနှင့်ချီ၍ ကျင့်သုံးနေကြပါပြီ။ ။

(ဆက်ပါဦးမည်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း
၈-၁၂-၂၀၁၄ (တနင်္လာနေ့)

- ၆း၀၃ တရားတော်
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေကဗျာ
- ၇း၂၅ သင့်အတွက်တစ်နေ့တာ
- ၈း၁၀ ရှေးဟောင်းသုတ
- ၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
- ၄း၀၂ နိုင်ငံတော်သီချင်း
- ၄း၀၅ တစ်ပတ်အတွင်း မွေးမြူရေးသတင်း
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလန်း တော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မာရီမာ(အပိုင်း- ၈၅)
- ၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြမ္မာခါးခါး (အပိုင်း-၁၆)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်ရိုပ်ဆူး(အပိုင်း-၃၉) - ကြယ်ကလေးတို့ရဲ့

ဂီတမိုး ကောင်းကင်
- မေးမြန်းစူးစမ်း
- ယနေ့ညအတွက်

မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘဝအားမာန်"(အပိုင်း-၂၉)

FAIR & SQUARE Travels and Tours Co.,Ltd.
'ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ' ခရစ္စမတ် အထူးအစီအစဉ်
ပြည်တွင်ခရီးစဉ် (၅) ဦးဝယ်လျှင် (၁) ဦးအခမဲ့
- အေးချမ်းပြီး ပျော်ရွှင်စရာကောင်းတဲ့ ဒီဇင်ဘာလလေးမှာ ပုဂံဘုရားစုံဖူးရအောင် .......
- ပုဂံ (စွယ်တော်လေးဆူ)၊ ပုဂံဘုရားအစုံ၊ ပုဂံပြတိုက်၊ နေဝင်ဆည်းဆာ၊
- ညောင်ဦး ၊ ပုပ္ပါးတောင်၊ ပခုက္ကူဘုရားစုံ ၄ ည/၅ ရက် ခရီးစဉ် ဒီဇင်ဘာလ (၂၄-၂၈) ရက်
ခရစ်စမတ် အဆင့်မြင့်ခရီးစဉ် ၁၇၀,၀၀၀-ကျပ်
'ကျိုက်ထီးရိုးဘုရားခရီးစဉ် နှင့် ပြည်-ထုံးဘို-အကောက်တောင် တစ်ရက်ခရီးစဉ်'
- အပတ်စဉ် သောကြာနေ့ညတိုင်း ကျိုက်ထီးရိုး တစ်ရက်ခရီး (ရေသန့်/စနိုးတာဝါ)
- အပတ်စဉ် စနေနေ့ညတိုင်း ပြည် (ရွှေဆံတော်၊ရွှေဘုံသာမုနိ)၊ ထုံးဘို (အကောက်တောင်)၊ ရွှေတောင် (ရွှေမျက်မှန်ဘုရား)၊ ပေါင်းတည် (စွယ်တော်မြတ်) (ရေသန့်/စနိုးတာဝါ/စက်လှေခ)
တစ်ဦးလျှင် ၁၅၀၀၀-ကျပ်
Tel : 01 377688, 01 245993, 09 7300 2211, 09 7300 5511

ဦးအောင်ဟန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း (အခြေခံ/ အဆင့်မြင့်)
အင်္ဂလိပ်စကားပြော သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
■ 392468 09517184

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
Saloon, Van
Fully Air-con Express
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး 35000
တောင်ကြီး အင်းလေး ထမ်းစမ်း 45000
ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)
(၅)ဦး ဝယ် လျှင် (၁)ဦး Free
01-387973,09-420051117

ပေါ်ဖြူလာဝတား Travel & Services
တောင်ကြီး - အင်းလေး ခရီးစဉ်
Dec-24,26 (၄ည/၅ရက်)
Jan-1 ၁၃၀,၀၀၀/-
မန္တလေး - ပြင်ဦးလွင် ခရီးစဉ်
Dec-24 (၄ည/၅ရက်)
Jan-1 ၁၃၀,၀၀၀/-
အမှတ် - ၇၄၊ နံ့သာလမ်း၊ အလုံ။ Ph;012301866, 09 5129134, 09 250154837

NEW MOTION Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေ့လျားသစ်လွင် ခရီးစဉ်
★ တောင်ကြီး ခရီးစဉ် ~ Dec; 24, Jan; 8
★ မန္တလေး ခရီးစဉ် ~ Dec; 24, Jan; 8
★ ပုဂံ ခရီးစဉ် ~ Dec; 25, Jan; 15
★ ငွေဆောင် ခရီးစဉ် ~ Dec; 26 , Jan; 2
★ မော်လမြိုင် ခရီးစဉ် ~ Dec; 26 , Jan; 9
အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

# အများပြည်သူ သွားလာမှုအဆင်ပြေချောမွေ့စေရေး ဝိုင်းဝန်းဆောင်ရွက်ပေး

ဒေါက်တာ မောင်အောင်

ရန်ကုန်မြို့သည် လူဦးရေ ခုနစ်သန်းကျော်ဖြင့် မြန်မာနိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သလို စီးပွားရေးအထွန်းကားဆုံးမြို့လည်းဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများ၊ အေဂျင်စီများအပြင် တစ်နေ့တခြား တိုးပွားလာသည့် နိုင်ငံခြားကုမ္ပဏီကြီးများရှိသလို ခရီးသွားနိုင်ငံခြားသားများ အဓိက ဝင်/ထွက်ပေါက်ဖြစ်ပြီး အများဆုံးတည်းခိုသည့် မြို့လည်းဖြစ်သည်။ လက်ရှိ FDI လုပ်ငန်းကြီးများ အများဆုံးစုစည်းနေသည့် နေရာဖြစ်သလို နောင်ဝင်လာမည့် ဈေးကွက်ဦးတည်သည့် FDI လုပ်ငန်းများအနေဖြင့်လည်း ပင်လယ်ဆိပ်ကမ်းနီးမှု၊ ဆက်သွယ်မှု၊ ဝန်ဆောင်မှုနှင့် ထုတ်လုပ်မှုစရိတ် အသက်သာဆုံးဒေသဖြစ်သည့် ရန်ကုန်မြို့ဝန်းကျင်ကိုသာ အဓိက ဝင်ရောက်လာမည်ဖြစ်သည်။ ထို့အတွက် ရန်ကုန်သည် မကြာမီ ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ထွန်းကားလာမည့်ဒေသဖြစ်သည့်အပြင် နိုင်ငံတကာနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများလည်း ယခုထက်များစွာ ထွန်းကားလာဦးမည်ဖြစ်သည်။ ထို့အတွက် ရန်ကုန်သည် မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့် ဘက်စုံအရေးပါဆုံးနေရာလည်းဖြစ်သည်။ တစ်နည်းဆိုသော် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ (Image) ကို ဖော်ဆောင်ပေးနေသည့် တစ်ခုတည်းသော မြန်မာနိုင်ငံ၏ မြို့ကြီး (Mega City) လည်းဖြစ်သည်။ သို့ဖြစ်ပါ၍ သန့်ရှင်းလှပပြီး နေချင်စဖွယ်မြို့ကြီး ဖြစ်လာရေးအတွက် အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေး တစ်နည်းအားဖြင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ဖြေရှင်းရေးသည် အထူးအရေးကြီးလာပြီဖြစ်သည်။

**ယခင်ခေတ်အဆက်ဆက် မော်တော်ကားတင်သွင်းမှု ကန့်သတ်ပိတ်ပင်မှုများကို အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်မှစခဲ့သည့် ယာဉ်အို၊ ယာဉ်ဟောင်းများကို အသစ်များဖြင့် လဲလှယ်ရေး အစီအစဉ်နှင့် ၂၀၁၂ ခုနှစ်တွင် တစ်ဦးချင်းသယ်ယူတင်သွင်းခွင့်မူဝါဒများကြောင့် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ ကားစီးရေ ၃၆၀၀၀၀ ကျော် ဝင်ရောက်လာခဲ့ပါသည်။ ကညနမှတ်ပုံတင် စာရင်းများအရ တစ်ပြည်လုံး ကားစီးရေ ခြောက်သိန်းကျော်အနက် ရန်ကုန်တွင် လေးသိန်းကျော်ရှိနေသည့်အတွက် ကားအများစု ရန်ကုန်တွင်စုပုံနေပြီဖြစ်သည်။ ရန်ကုန်မြို့တွင်ရှိနေသည့် လမ်းများ တိုးချဲ့ခြင်း၊ ခုံးကျော်များ ဆောက်လုပ်ခြင်း၊ လူကူးခုံးကျော်များ တည်ဆောက်ခြင်း စသည်တို့ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပေသည်။ အခြားနိုင်ငံများကဲ့သို့ နှစ်ထပ်လမ်းသစ်များ၊ အမြန်လမ်းများဖြစ်သည့် BRT( Bus Rapid Transit), MRT ( Mass Rapid Transit) များစွာ လုပ်ဆောင်ရန်ရှိသော်လည်း နည်းပညာနှင့်ငွေအရင်းအနှီးတို့ကြောင့် ချက်ချင်းမလုပ်ဆောင်နိုင်သေးပေ။ ထို့အတွက် နိုင်ငံတကာပံ့ပိုးမှုမိတ်ဖက်များ (Development Partners) နှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်နေပြီဖြစ်သော်လည်း တည်ဆောက်မှုလုပ်ငန်းများဖြစ်၍ အချိန်အတိုင်းအတာတစ်ခုအထိ ကြာဦးမည်ဖြစ်သည်။**

**ပြည်သူ့ဆန္ဒကို ဖော်ဆောင်နေသည့် အလုပ်ရုံဆွေးနွေးပွဲများ**

ရန်ကုန် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာ၏ အခြေခံအကြောင်းရင်းများမှာ ရှိနေသည့် လမ်းအရေအတွက်၊ အကျယ်အဝန်းနှင့် နှိုင်းယှဉ်လျှင် ယာဉ်စီးရေများလာခြင်း၊ လမ်းအကျယ်အပြည့်အဝမသုံးနိုင်ခြင်း၊ Bus, Taxi နှင့် ကိုယ်ပိုင်ကားမောင်းနှင်သူများ စည်းကမ်းလိုက်နာမှု အားနည်းခြင်း၊ လမ်းအများစု ဘေးဘယ်ညာကားများ အမြဲရပ်ထားခြင်း၊ လမ်းမကြီးတစ်လျှောက် အထက်တန်းကျောင်းများ၏ ကျောင်းသားတစ်ဦး ကားတစ်စီးကြို/ပို့နေခြင်း၊ လမ်းဘေးဈေးသည်များနှင့် လမ်းအသုံးပြုသူများ စည်းကမ်းလိုက်နာမှု အားနည်းခြင်း၊ မီးပွိုင့်စနစ် ခေတ်မမီခြင်း၊ ယာဉ်ထိန်းရဲနည်းပါးခြင်း စသည့် အကြောင်းပေါင်းများစွာတို့နှင့် ဆက်စပ်ပတ်သက်နေသည့်အတွက် တစ်ခုချင်းကွက်၍ ဖြေရှင်း၍ မရနိုင်၊ ဘက်ပေါင်းစုံတစ်ပြိုင်နက် ဖြေရှင်းသည့်နည်းလမ်း (Multi-dimentional approach) လုပ်ဆောင်နိုင်ရေးနှင့် ပြည်သူတို့ ဗဟိုပြုသည့် ဖြေရှင်းမှု ဖော်ဆောင်နိုင်ရေးအတွက် ပြည်သူ့အကြံဉာဏ်နှင့် သဘောထားများ ထင်ဟပ်စေသည့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရခြင်းဖြစ်သည်။

**ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုပြဿနာဖြေရှင်းနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပခဲ့သော အများပြည်သူပါဝင်သည့် ပထမအကြိမ် အများပြည်သူ သွားလာမှု အဆင်ပြေချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက်နှင့် အလုပ်ရုံဆွေးနွေးပွဲ(၂)ကို ဒီဇင်ဘာ ၂ ရက်တို့တွင် UMFCCI ၌ ပြုလုပ်ခဲ့သည်။ ပထမအကြိမ် ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲမှ သွားလာမှု အဆင်ပြေချောမွေ့စေရေး အကြံပြုဖော်ထုတ်ချက်များအနက် အများဆုံးအကြံပြုချက် အချက် ၂၂ ချက် ရှိခဲ့ပြီး ခေါင်းစဉ်ကြီးအားဖြင့် ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးစနစ်၊ ယာဉ်ပါကင်များ တည်ဆောက်ရေး၊ လမ်းတည်ဆောက်မှုအပိုင်း၊ စီမံအုပ်ချုပ်ရေးနည်းလမ်းနှင့် ဥပဒေဖြင့် ထိန်းကျောင်းခြင်းတို့ ပါဝင်သည်။**

**အလေးထားဆောင်ရွက်နေသည့် အလုပ်ရုံဆွေးနွေးပွဲ ဖော်ထုတ်ချက်များ**

အဆိုပါ ဆွေးနွေးဖော်ထုတ်ခဲ့သည့် အချက်များအနက် ချက်ချင်းလုပ်ဆောင်နိုင်သည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနများအနေဖြင့် ချက်ချင်းလုပ်ဆောင်ပေးနေသလို အချို့အချက်များမှာ အချိန်ယူဆောင်ရွက်ရမည့် အပိုင်းများလည်း ပါဝင်သည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရသည့် အချက်များလည်း တွေ့ရသည်။

**မြို့တွင်း သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ လက်ရှိ ပြေးဆွဲနေသည့် ဘတ်စ်ကားစနစ်ကို အများပြည်သူ ယုံကြည်အားကိုးနိုင်သည့် စနစ်တစ်ရပ်စတင်နိုင်ရေးအကြံပြုချက်နှင့်အတူ ပိုင်ဆိုင်မှုကိုလည်း တစ်ဦးချင်းပိုင်ဆိုင်မှုကြောင့် ကိုယ်ရကိုယ်ယူဖြစ်၍ လုမောင်းခြင်း၊ ပြိုင်မောင်းခြင်း၊ ကားရပ်ခြင်း၊ ကျော်တက်ခြင်းနှင့် အလုအယက် ပြိုင်ဆိုင်မှုများကြောင့် ခရီးသွားများအတွက် မလုံခြုံသည့်အပြင် စည်းကမ်းဖောက်မှုများကြောင့် ယာဉ်ကြောကျပ်မှုကို ပိုမိုဆိုးရွားစေသည်။ ထို့အတွက် ဘတ်စ်ကားစနစ်ကို အများပိုင်ကုမ္ပဏီတည်ထောင်နိုင်ရေးစတင်ရန် အများစု အကြံပြုခဲ့ကြသည်။ ထို့အပြင် မြို့တွင်းဘတ်စ်ကားသွားလာမှုစနစ်ကို ERP ( Electronic Road Pointing) စနစ်အသုံးပြုရေးနှင့် ဘတ်စ်ကားများ၏ ကြံ့ခိုင်မှုစစ်ဆေးခြင်း ပိုမိုလုပ်ဆောင်စေရန် အကြံပြုချက်များရှိပြီး ယခုအခါ မြို့တော်စည်ပင်နှင့် JICA တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မီးပွိုင့်များခေတ်မီရေး၊ CCTV ကင်မရာ တပ်ဆင်ရေးနှင့် အလိုအလျောက် ထိန်းချုပ်စနစ်ပေါ်ပေါက်ရေးတို့ကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။**

ထို့အတူ မြို့တွင်း ရထားပို့ဆောင်ရေးစနစ် ပိုမိုမြှင့်တင်ရေး၊ ဘူတာရုံများသန့်ရှင်းသပ်ရပ်ရေး၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ Water Taxi စနစ်လုပ်ဆောင်ရေးတို့ကိုအကြံပြုကြသည်။ ယခုအခါ မြို့ပတ်ရထားစီးရေ တိုးချဲ့နေပြီဖြစ်သလို ကမ်းနားလမ်းတစ်လျှောက် ထော်လီကွေ့၊ ပန်းဆိုးတန်းမှ ပုဇွန်တောင်အထိ RBE (A) နှင့် RBE (B) ကားရထားတွဲဆိုင်းနှစ်စင်းဖြင့် အသွားအပြန် ပြေးဆွဲမှုကို မကြာမီစတင်တော့မည်ဖြစ်သည်။

ယာဉ်ပါကင် (Parking) တည်ဆောက်ရေးအကြံပြုချက်ကိုလည်း ယခုအခါ ဆက်လက်ဆွေးနွေးညှိနှိုင်းနေသလို ပုဂ္ဂလိကကဏ္ဍမှ ပါဝင်လိုသူများကို ဖိတ်ခေါ်လျက်ရှိသည်။ လမ်းတည်ဆောက်မှုအပိုင်းတွင် နှစ်ထပ်လမ်းများ တည်ဆောက်ရေး၊ အတွင်းပတ်လမ်း (Inner ring) နှင့် အပြင်ပတ်လမ်း (Outer ring) များ တည်ဆောက်ရေးအကြံပြုချက်နှင့်ပတ်သက်၍ စည်ပင်သာယာမှ JICA နှင့် လုပ်ဆောင်မည့် အစီအစဉ်များရှိကြောင်းနှင့် လုပ်နိုင်သည့်အပိုင်းများကို စတင်နေပြီဖြစ်သည်။

**စီမံခန့်ခွဲမှုနည်းလမ်းများအနက်အရေးကြီးဆုံးမှာ ရန်ကုန်ကို ဝင်ရောက်နေသည့် ကားသစ်များ စီးရေကန့်သတ်ခြင်းဆိုင်ရာ နည်းလမ်းများ စတင်သင့်ကြောင်း အကြံပြုချက်ပင် ဖြစ်သည်။ ထို့အတူ အထက်တန်းကျောင်းများ၌ School Bus တည်ထောင်ရေး၊ Truck ကားများနှင့် လုပ်ငန်းသုံးယာဉ်များ နေ့ခင်းအချိန် အသုံးမပြုရေး၊ Taxi Stand များ ထူထောင်ရေး၊ ယာဉ်တိုက်မှုများဖြစ်ပွားပါက အမြန်ဆုံးရှင်းလင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စာသင်ကျောင်းများ၌ သင်ကြားပေးရေး စသည့်အကြံပြုချက်များကိုလည်း ချက်ချင်းလုပ်၍ ရသည့်အပိုင်းများ ဆောင်ရွက်နေသလို ညှိနှိုင်းပေါင်းစပ်လုပ်ဆောင်ရမည့် အချက်များလည်း ရှိနေသေးပေသည်။ ရန်ကုန်မြို့တွင် အများပြည်သူသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် သီးခြားအဖွဲ့အစည်းတစ်ရပ် (Single Authority) ထူထောင်သင့် သည့် အကြံပြုချက်လည်းရှိသည်။ ဥပဒေဖြင့် ထိန်းကျောင်းမှုတွင် ထိရောက်သော ပြစ်ဒဏ်များဖြစ်စေရေးအတွက် ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းပညာများ ပြင်ဆင်နိုင်ရေးနှင့် ယာဉ်စည်းကမ်းဖောက်သူများအား ဒဏ်ငွေဆောင်မှုကို Manual စနစ်မှ Computer စနစ်ပြောင်းလဲရေးတို့ကို အကြံပြုခဲ့ပြီး ယခုအခါ ဥပဒေပြင်ဆင်နိုင်ရေးနှင့် Computer စနစ် ပိုမိုသုံးစွဲရေးစတင်နေပြီဖြစ်သည်။**

အလုပ်ရုံဆွေးနွေးပွဲ(၂)တွင် အများပြည်သူ ပိုမိုပူးပေါင်းရန် လိုအပ်သည့် ဘတ်စ်ကားစနစ်ကို အများပိုင်ကုမ္ပဏီထူထောင်မှုစတင်ရေး၊ ကားပါကင်ကိစ္စ၊ School Bus နှင့် လတ်တလော ဖြေရှင်းသင့်သည့် နည်းလမ်းများကို အဓိကဆွေးနွေးရာ တက်ရောက်လာသူအများစုက အများပိုင်ကုမ္ပဏီ အမြန်ဆုံး ထူထောင်ရန်နှင့် ပထမဆုံးအတွေ့အကြုံဖြစ်၍ နိုင်ငံတော်မှ ဦးဆောင်ရန် အဆိုပြုကြသည်။ ထို့အပြင် လက်ရှိ လုပ်ကိုင်သူများ မနစ်နာစေရေးနှင့် ပေါင်းစည်းနိုင်ရေး ဆက်လက်ဆွေးနွေးရဦးမည်ဖြစ်သည်။ ကားပါကင်၊ School Bus ကိစ္စရပ်များ ဆက်လက်လုပ်ဆောင်သင့်သလို ခိုင်မာစေရန်လိုအပ်သည့် ဥပဒေများရေးဆွဲရေးအကြံပြုကြပါသည်။ တချို့တက်ရောက်ဆွေးနွေးသူများအနေဖြင့် အများပြည်သူသွားလာမှု အဆင်ပြေရေးအတွက် ICT နည်းပညာပိုမိုအသုံးချရေးနှင့် လက်ရှိအခြေအနေတွင် အဆင်မပြေမှုများ၊ ချို့ယွင်းချက်၊ အားနည်းချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုများလည်း တွေ့ရသည်။ အများပြည်သူ တင်ပြချက်များမှာ ပို၍ကောင်းစေချင်သည့် ဆန္ဒများရှိကြောင်း တွေ့ရသည့်အတွက်လည်း အလုပ်ရုံဆွေးနွေးပွဲများသည် ယနေ့ဖော်ဆောင်နေသည့် ပြည်သူဗဟိုပြုနည်းလမ်းဖြစ်သလို လက်တွေ့ပြည်သူတို့၏ ခံစားနေမှုများ၊ သဘောထားအမြင်နှင့် ဆန္ဒများ၊ အကြံပြုချက်များ ဖော်ထုတ်ပေးခြင်းနှင့် အမြန်ဆုံးအကောင်အထည်ဖော်ခြင်းတို့မှတစ်ဆင့် အပြန်အလှန် ယုံကြည်ကိုးစားမှု မြှင့်တင်နိုင်သည့် အတွက် ပြည်သူတို့၏ တက်ကြွသည့်ပူးပေါင်းပါဝင်မှုဖြင့် ကြုံတွေ့နေရသည့် အဆင်မပြေမှုများနှင့် တွေ့ကြုံနေရသည့်ပြဿနာများကို ထိရောက်စွာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ။

---

*** ရန်ကုန်မြို့မှ**

ထိုအတွက်ကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်ပုဇွန်တောင်နှင့် ထော်လီကွေ့ကြားကမ်းနားလမ်းပိုင်း RBE(A) နှင့် (B) လူစီးကားရထား နှစ်စီးပြေးဆွဲခြင်းအခမ်းအနားအား ပန်းဆိုးတန်းရပ်စခန်းဘူတာ၌ ဒီဇင်ဘာ ၇ ရက် နံနက် ၇ နာရီကပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဦးညဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့ကြပြီး ကားရထားမထွက်ခွာမီ လူစီးကား ရထားစီးခရီးသည်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါ RBE(A) လူစီးကားရထားခရီးစဉ်အရ ပုဇွန်တောင်ရပ်စခန်းဘူတာမှ နံနက် ၆ နာရီ မိနစ် ၂၀တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ပန်းဆိုးတန်းရပ် စခန်းဘူတာသို့ နံနက် ၆ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်မည်ဖြစ်ကာအသွားအပြန်ခရီးစဉ်ခေါက်ရေအကြိမ် ၁၄ ကြိမ်ကို တစ်ခေါက်လျှင် နာရီဝက်ကြာပြေးဆွဲပေးသွားမည်ဖြစ်ပြီး ညနေ ၅ နာရီတွင် ပုဇွန်တောင်ရပ်စခန်းဘူတာသို့ ဆိုက်ရောက်မည်ဖြစ်သည်။ RBE(B) လူစီးကားရထားခရီးစဉ်အရ ပန်းဆိုးတန်းရပ်စခန်းဘူတာမှ နံနက် ၇ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ထော်လီကွေ့ရပ်စခန်းဘူတာသို့ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကာ အသွားအပြန်ခရီးစဉ် ခေါက်ရေအကြိမ် ၁၄ ကြိမ်ကိုတစ်ခေါက်လျှင် ၂၅ မိနစ်ကြာပြေးဆွဲပေးသွားမည်ဖြစ်ပြီး ညနေ ၄ နာရီ မိနစ် ၂၀ တွင် ပန်းဆိုးတန်းရပ် စခန်းဘူတာသို့ ဆိုက်ရောက်မည်ဖြစ်ကြောင်းနှင့် အဆိုပါ RBE(A) နှင့် (B) လူစီးကားရထား နှစ်စင်းစလုံးမှာ မလ္လကုန်းဘူတာ၌ ညအိပ်ရပ်နားကြမည်ဖြစ်သည်။

RBE(A) နှင့် (B) လူစီးကားရထား နှစ်စီး စီးကြမည်ဖြစ်သော ကားရထားစီးခရီးသည်များအတွက် သတ်မှတ်လက်မှတ်ခနှုန်းထားအား လက်မှတ်တစ်စောင်လျှင်ငွေကျပ် ၁၀၀ သတ်မှတ်ထားရှိကြောင်းသိရသည်။ RBE(A) နှင့် (B) လူစီးကားရထား နှစ်စီး၏ထူးခြားချက်မှာ အခြားလူစီးရထားများနှင့်မတူဘဲ ကားရထားတွဲအတွင်း လက်မှတ်ရောင်းချမှုစနစ်ပါဝင်ခြင်း၊ လက်မှတ်စစ်ပါဝင်ခြင်းနှင့် ကားရထားတွဲတွင်ဘရိတ်စနစ်ငါးမျိုးပါဝင်ကြောင်းသိရပြီး ခရီးသည်များ လုံခြုံရေးအတွက် လိုအပ်သည့်ဘရိတ်စနစ်ကိုအသုံးပြုနိုင်ကြောင်း RBE(B) လူစီးကားရထားမှ စက်ခေါင်းမောင်းက ခရီးစဉ်အတွင်းရှင်းပြခဲ့သည်။

ရန်ကုန်မြို့ တစ်ဖက်ကမ်း ဒလမြို့နယ်ဆိပ်ကြီးတွင် နေထိုင်သည့် ကားရထားစီးခရီးသည်အိမ်ထောင်ဦးစီးတစ်ဦးက "ဒီနေ့ ဒီရထားပြေးဆွဲပေးမယ်ဆိုတာကြားလို့ မိသားစုလိုက်အားလုံးအပျော် လာစီးကြတာပါ။ ကျွန်တော်က ကုန်ဈေးတန်းမှာ ဆိုက်ကားနင်းပါတယ်။ မိန်းမက (၃၈)လမ်းမှာ လမ်းဘေးဈေးရောင်းချပါတယ်။ အရင် တနင်္ဂနွေနေ့ဆိုရင် အလုပ်သွားကြပါတယ်၊ ဒီနေ့တော့ ဒီရထားစီးချင်လို့ အလုပ်နားရင်း ကလေးတွေပါ ခေါ်လာပြီး ရထားလိုက်လည်စီးတာပါ။ ခုခရီးစဉ်အတွက် အသွားအပြန်က လက်မှတ်ခမပေးရပါဘူး။ ဒီရထားပြေးဆွဲပေးတာ တော်တော်လေးကောင်းပါတယ်။ ကျွန်တော် ဒလဘက်ကမ်းကနေ ကုန်ဈေးတန်းသွားဖို့ ခါတိုင်းဆို တော်တော်ခက်ပါတယ်။ ခုဆို ဒီရထား စီးပြီး ရွှေတိဂုံဘုရားလမ်းဆင်းလိုက်ရုံပါပဲ။ လက်မှတ်ခက ငွေကျပ် ၁၀၀ ဆိုတော့ ကျွန်တော်တို့ မရှိဆင်းရဲသားတွေအတွက် တော်တော် အကျိုးရှိပါတယ်" ဟု ဆိုလေသည်။

လက်ရှိ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းခရီးစဉ်အရ ၂၉ ဒသမ ၅ မိုင်ရှိနေကြောင်းသိရပြီး ယခုပြေးဆွဲပေးလိုက်သော RBE(A) (လမ်းပိုင်း-A) ဖြစ်သည့် ပန်းဆိုးတန်းမှ ပုဇွန်တောင်ထိ လမ်းပိုင်းမှာ ၃ ဒသမ ၀၈ မိုင်ရှိကြောင်း၊ RBE (B) (လမ်းပိုင်း-B) ဖြစ်သည့် ပန်းဆိုးတန်းမှ ထော်လီကွေ့ထိလမ်းပိုင်းမှာ ၂ ဒသမ ၄၆ မိုင်ရှိကြောင်း၊ ကမ်းနားလမ်းပေါ်ရှိရထားလမ်း နောက်ခံသမိုင်းအရလည်း ၁၈၈၀ ခုနှစ် မတ်လ ၁ ရက်တွင် ရန်ကုန်မြစ်တစ်လျှောက်ရှိ ဆိပ်ကမ်းများမှ ကုန်စည်များကို ကုန်ရထားများဖြင့်သယ်ယူပို့ဆောင်နိုင်ရန်အတွက် ခနိတောမှ အလုံထိကို ကုန်ရထားလမ်းနှင့်လမ်းမြှောင်များ ဖွင့်လှစ်ပြေးဆွဲပေးခဲ့ကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် လင်းစဒေါင်းမှ အလုံထိ ကုန်ရထားလမ်းပိုင်းကို ပြန်လည်ဖြုတ်သိမ်း၍ ရထားလမ်းနှင့် ကားလမ်းတွဲလျက် ပါဝင်သောကမ်းနားလမ်းသစ်ကြီးကို ဖောက်လုပ်ခဲ့ကြောင်း၊ ထို့အပြင် ကမ်းနားလမ်းပိုင်း ထော်လီကွေ့မှ ပန်းလှိုင်လမ်းထိ လမ်းပိုင်း အရှည် ၁ ဒသမ ၀၂ မိုင်ကိုလည်း ဆက်လက်တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အနာဂတ်တွင် လျှပ်စစ်ရထားပြေးဆွဲခြင်းအတွက် ရှေ့ပြေးအစီအစဉ်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

---

**လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဆွေးနွေး**

**သာယာဝတီ ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် သာယာဝတီမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပြည်သူများ သိရှိစေရန် အသိပညာပေး ဟောပြောပွဲကို သာယာဝတီမြို့ ကျောင်းစုရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း (ကျောင်းစု)၌ နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့ကို ပြည်သူများသိရှိစေရန် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်းနှင့် ဝန်ထမ်းများ ကျောင်းစုရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သူရပ်ကွက်သားများ အင်အား ၁၀၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

ပြည်တွင်းရေးရာ

## KIA လက်နက်ကိုင်အဖွဲ့၏ လုပ်ဆောင်မှုများအပေါ် ဒေသခံပြည်သူအချို့မှ ထုတ်ဖော်ပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၇**

KIA လက်နက်ကိုင်အဖွဲ့အနေဖြင့် လူသစ်စုဆောင်းခြင်း၊ အများပြည်သူအသုံးပြုနေသည့် လမ်းကြောင်းများ၊ ကျေးရွာအနီးဝန်းကျင်နှင့် တောင်ယာစိုက်ခင်းတစ်ဝိုက်နေရာများ၌ မိုင်းထောင်ခြင်း၊ မိုးဆွဲတိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

လူသစ် စုဆောင်းခံရသူများအနက် ထွက်ပြေးလွတ်မြောက်လာသူ အချို့၏ ထုတ်ဖော်ပြောကြားချက်အရ ညှဉ်းပန်းနှိပ်စက်မှုများ၊ လူမျိုးရေးခွဲခြားဆက်ဆံမှုများ၊ အချိန်ကြာမြင့်စွာ ဖမ်းဆီးချုပ်နှောင်မှုများ၊ သတ်ဖြတ်မှုများလည်းရှိကြောင်း သိရသည်။ လူသစ်စုဆောင်းရာတွင် အသက်ငယ်ရွယ်သူများနှင့် အမျိုးသမီးများကိုပါ စုဆောင်းခဲ့ပြီး အနိုင်ကျင့်ခံရမှုများလည်း ရှိခဲ့သည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ချရာဝတ္တီးရပ်ကွက်နှင့် မိုးကောင်းမြို့နယ် နတ်ကြီးကုန်းရပ်ကွက်တို့၌ လူနေရပ်ကွက်ထဲအထိ ဝင်ရောက်၍ ခြိမ်းခြောက်ဖမ်းဆီးခေါ်ဆောင်မှုများကြောင့် ကျန်ရစ်သူမိသားစုဝင်များ ပူဆွေးသောက ရောက်လျက်ရှိကြောင်း သိရသည်။

လူသစ်စုဆောင်းခံရသူ ကျား ၇၈၂ ဦး၊ မ ၃၆ ဦး စုစုပေါင်း ၈၁၈ ဦးရှိခဲ့ပြီး ၅၃၅ ဦးသည် လွတ်မြောက်ခြင်းမရှိသေးဘဲ ခြိမ်းခြောက်လျက် ဖြန့်ခွဲတာဝန်ပေးခံထားရကြောင်း နယ်မြေခံပြည်သူများထံမှ သိရသည်။

KIA အဖွဲ့၏ တိုင်းရင်းသားများအပေါ် ခွဲခြားဆက်ဆံမှု၊ လူမျိုးရေးဖိနှိပ်မှုတို့မှာ စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိနေပြီး မိုင်းထောင်တိုက်ခိုက်မှုကြောင့် ခြေ၊ လက်အင်္ဂါဆုံးရှုံးရသူများ၊ အသက်ဆုံးရှုံးရသူများလည်းရှိကြောင်း ကိုယ်တိုင်တွေ့ကြုံခံစားရသူ ပြည်သူများက ရင်ဖွင့်ပြောပြသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအထိ KIA အဖွဲ့၏ မိုင်းထောင်တိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူ ၁၀ ဦးနှင့် ဒဏ်ရာရရှိသူ ၃၇ ဦးရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မောင်တောမြို့ အမှတ်(၁)ဝင်/ထွက်စခန်း မောင်တောအခြေပြုရေကြောင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက်က နတ်မြစ်အတွင်း မကျည်းချောင်းနှင့် ၁ မိုင် ၅ ဖာလုံခန့်အကွာ မြန်မာနိုင်ငံဘက်ခြမ်း နတ်မြစ်ကမ်းတွင် မသင်္ကာဖွယ်အမျိုးသားတစ်ဦးက အထုပ်တစ်ထုပ်ပစ်ချပြီး ကမ်းပေါ်သို့ တက်ပြေးသွားသဖြင့် ၎င်းအထုပ်အား ဖွင့်ဖောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၂၀၅ ပြား ပိုင်ရှင်မဲ့သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက်က ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် ၇၇ × ၇၈ လမ်းကြား ဝေသာလီမင်းကြီးလမ်းမပေါ်ရှိ ကွမ်းယာဆိုင်အနီးတွင် အောင်ဇေယျ(ခ)အောင်အောင်နှင့် သိန်းဇော်ဦးတို့နှစ်ဦးအား တွေ့ရှိ၍ ရှာဖွေမည်ပြုစဉ် အောင်ဇေယျမှ အထုပ်တစ်ထုပ်ကို လမ်းမပေါ်သို့ လွှင့်ပစ်လိုက်၍ ဖွင့်ဖောက်စစ်ဆေးရာ ထိုးမုန့်ဂျပ်စက္ကူဘူးအတွင်း ပလတ်စတစ်ကပ်ခွာအိတ် ၁၀ အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၀ သိမ်းဆည်းရမိသဖြင့် အောင်ဇေယျ(ခ)အောင်အောင် (၃၀)နှစ်နှင့် သိန်းဇော်ဦး (၂၆)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



## ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်၏ (၁၇၁) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ မြန်မာနိုင်ငံဖြစ်လာ

**ဂျီနီဗာ ဒီဇင်ဘာ ၇**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်အထိ ပြုလုပ်သည့် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်သည် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြု လက်မှတ်ရေးထိုးထားသည့် Instrument of Ratification အား စာချုပ်ထိန်းသိမ်းသည့် နိုင်ငံများဖြစ်သော ရုရှားဖယ်ဒရေးရှင်း၊ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု ကိုယ်စားလှယ်များထံသို့ ဒီဇင်ဘာ ၁ ရက်တွင် ပေးအပ်ခဲ့သည်။

ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး၏ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် အစည်းအဝေး၌ မြန်မာနိုင်ငံသည် ၁-၁၂-၂၀၁၄ ရက်မှစတင်၍ ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာပြီဖြစ်ကြောင်း အစည်းအဝေး သဘာပတိဖြစ်သူ ဆွစ်ဇာလန်နိုင်ငံ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး အုစ်ရှမစ်ဒ်က ကြေညာခဲ့သည်။ ထို့နောက် စာချုပ်ထိန်းသိမ်းသည့်နိုင်ငံများဖြစ်သော ရုရှားဖယ်ဒရေးရှင်း၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု၏ ကိုယ်စားလှယ်များက မြန်မာနိုင်ငံအား ကြိုဆိုကြောင်း မိန့်ခွန်းအသီးသီး ပြောကြားခဲ့သည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသန့်ကျော်က ကျေးဇူးတင်ရှိကြောင်း၊ စာချုပ်ပါအချက်အလက်များ အကောင်အထည်ဖော်ရာတွင် ပိုမိုခိုင်မာမှုရှိစေရန် စာချုပ်ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစရှိသည့်အချက်များပါဝင်သည့် မိန့်ခွန်းတစ်ရပ်ပြန်လည်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ၁-၁၂-၂၀၁၄ ရက်မှစတင်၍ ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်၏ (၁၇၁)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီဖြစ်သည်။ **(သတင်းစဉ်)**

## အင်္ဂလန်နိုင်ငံ World Finance အဖွဲ့အစည်းမှ Banker of the Year In Asia 2014 ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌအား ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၇**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ ၂၀၁၄ ခုနှစ်အတွက် အာရှတိုက်ကိုယ်စားပြု Banker of the Year In Asia 2014 ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌအား လည်းကောင်း၊ Best Commercial Bank in Myanmar 2014 နှင့် Best Banking Group in Myanmar 2014 ဆုများကို ကမ္ဘောဇဘဏ်လီမိတက်အား လည်းကောင်း ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက်တွင် London Stock Exchange ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် World Finance အဖွဲ့အစည်းက မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌအား ပေးအပ်ချီးမြှင့်သည့် အာရှတိုက်တစ်ခုလုံးအတွက် Banker of the Year in Asia 2014 ဆုကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း တက်ရောက်လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌအား Banker of the Year In Asia 2014 အဖြစ် ဆုရွေးချယ်ရခြင်းနှင့်စပ်လျဉ်း၍ "မြန်မာနိုင်ငံ၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ စတင်ပြီးသည့်နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် တိုးတက်ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်တွင်းဘဏ်များမှ ကြိုးပမ်းဆောင်ရွက်လာကြကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကမ္ဘောဇဘဏ်သည် အထင်ရှားဆုံးနှင့် အအောင်မြင်ဆုံး ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘောဇဘဏ်လီမိတက်ကို တည်ထောင်သူ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၏ စီမံခန့်ခွဲအုပ်ချုပ်မှု၊ စွမ်းဆောင်ရည် ကောင်းမွန်မှုကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ဘဏ်ခွဲပေါင်း ၃၀၀ ကျော်အထိ လျင်မြန်စွာ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပြီး နိုင်ငံအတွင်း နေရာဒေသအနှံ့အပြား၌ ခေတ်မီဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းအပါအဝင် အာမခံလုပ်ငန်း၊ လေကြောင်းလုပ်ငန်းများ၊ ကျောက်စိမ်းကျောက်မျက်ရှာဖွေတူးဖော်ရေးလုပ်ငန်း စသည့်အဓိက စီးပွားရေးလုပ်ငန်းများတွင်လည်း အောင်မြင်စွာတိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းအောင်မြင်မှုများအပြင် တစ်နိုင်ငံလုံး၌ နှစ်စဉ်နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေ အမြင့်မားဆုံးပေးဆောင်ပြီး နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုလုပ်ငန်းများတွင်လည်း အများဆုံးလှူဒါန်းမှုများကြောင့် နိုင်ငံတော်မှထိုက်တန်စွာ ဂုဏ်ပြုခံရသည့် အအောင်မြင်ဆုံးနှင့် အထင်ရှားဆုံး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့်အတွက် ဤဆုကိုရွေးချယ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အထက်ပါ Bankers of the Year 2014 ဆုများကို အာရှ၊ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ ဩစတြေးလျ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသစသည့် ကမ္ဘာ့တိုက်ကြီး ခုနစ်တိုက်မှ သက်ဆိုင်ရာဒေသအလိုက် ၂၀၁၄ ခုနှစ်အတွင်း ဘဏ်လုပ်ငန်းဆိုင်ရာများကို ထူးချွန်ပြောင်မြောက်စွာဖြင့် တိုးတက်အောင်မြင်အောင် အုပ်ချုပ်စီမံခန့်ခွဲခဲ့ကြသည့် ပုဂ္ဂိုလ်များအား ရွေးချယ်ပေးအပ်ရာတွင်

| | | |
|---|---|---|
| Asia | - Aung Ko Win, Chairman, Kanbawza Bank | - Myanmar |
| Europe | - Mr.Mark Carney,Governor, Bank of England | -England |
| North America | - Mr.Jamlc Dimon, CEO,JP Morgen | -USA |
| South America | -Mr. Andre Santos Esteves, CEO,BTG Pactual | -Brazil |
| Australia | -Mr.Cameron Clyne,CEO, National Bank of Australia | -Australia |
| Africa | -Mr.Segun Agbaje,MD&CEO, Guaranty Trust Bank | -Nigeria |
| Middle East | -Mr.Abdul Aziz Al Ghurair, CEO,Mashreq Bank | -UAE |

တို့အား ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ Best Commercial Bank in Myanmar 2014 ဆုကို ကမ္ဘောဇဘဏ်လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်ချောစုနှင့် Best Banking Group in Myanmar 2014 ဆုကို ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သီတာအေးမွန်တို့က ဆုများကို အသီးသီးတက်ရောက်လက်ခံရယူကြသည်။

World Finance အဖွဲ့အစည်းမှ ကမ္ဘောဇဘဏ်လီမိတက်အား Best Commercial Bank in Myanmar 2014 ဆု ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ 'ကမ္ဘောဇဘဏ်လီမိတက် ဝန်ထမ်းများ၏ စုပေါင်းညီညွတ်စွာဖြင့် အကောင်းဆုံးဝန်ဆောင်ပေးနိုင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ ခေတ်မီနည်းပညာများအသုံးပြု၍ ဝန်ဆောင်ပေးနိုင်မှု၊ Customer များအပေါ် အထူးအလေးထားမှု၊ အုပ်ချုပ်မှုကောင်းမွန်ခြင်းနှင့်စွဲမြဲခိုင်မာမှု၊မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းကဏ္ဍတွင် အင်အားစုဖွဲ့မှု အကြီးမားဆုံးဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် ဦးဆောင်ဘဏ်အဖြစ်ရပ်တည်ဆောင်ရွက်နိုင်မှု'စသည်တို့ကြောင့် လည်းကောင်း၊ Best Banking Group in Myanmar 2014 ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ အတိုချုပ်ဖော်ပြရာတွင် 'ကမ္ဘောဇဘဏ်လီမိတက်သည် ပြည်သူလူထုအပေါ် အကောင်းဆုံးဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား နိုင်ငံဒေသအနှံ့အပြားတွင် ဘဏ်ခွဲများစွာဖွင့်လှစ်ပြီး ဆောင်ရွက်ပေးနိုင်ခြင်း၊ ပြည်သူလူထု၏ ယုံကြည်စိတ်ချရဆုံးနှင့် အခိုင်မာဆုံး ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်ခြင်း၊ မြန်မာနိုင်ငံ၏ ငွေကြေးကဏ္ဍတွင် ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် ဈေးကွက်ဝေစု အများဆုံးရရှိသည့် ဦးဆောင်ဘဏ်ဖြစ်ခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခြင်း' စသည်တို့ကြောင့်လည်းကောင်း ဤဆုများကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ယမန်နှစ် ၂၀၁၃ ခုနှစ်ကလည်း World Finance အဖွဲ့အစည်းမှ ချီးမြှင့်သည့်Best Commercial Bank in Myanmar 2013 ဆုနှင့် Best Banking Group in Myanmar 2013 ဆုများကိုရရှိခဲ့ပြီး ယခုနှစ်အတွက်ထပ်မံ၍ ရွေးချယ်ခံရသည့်အတွက် ဤဆုများကို နှစ်နှစ်ဆက်တိုက် ရရှိခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရ ဆရာ နိုင်ဇော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေဆု ကဗျာပေါင်းချုပ်ဆုရ ဆရာ မောင်လွမ်းနိုင်(စံပယ်ငုံ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

☆ ရွှေဖုံးမှ

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ခေတ်အဆက်ဆက်က ချီးမြှင့်လာခဲ့ရာတွင် စာပေဆု ဘာသာရပ်များ တိုးချဲ့ချီးမြှင့်ခဲ့သကဲ့သို့ ဆုငွေကိုလည်း တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ဘဝတစ်သက်တာလုံး စာပေအကျိုးအတွက် စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်လာခဲ့ကြသော ဝါရင့်စာပေပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှောက်သည့်အနေဖြင့် အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်မှစ၍ စာပေပညာရှင်တစ်ဦးစီသာ ချီးမြှင့်ခဲ့ရာမှ ယမန်နှစ်မှစ၍ သုံးဦးအထိ တိုးမြှင့်စေခဲ့ပါကြောင်း။

ထို့အတူပင် အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၆ မျိုးနှင့် စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၃ မျိုးအထိ တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ စာပေဆု၊ စာမူဆုများ စိစစ်ရွေးချယ်ရာတွင် သတ်မှတ်ရည်ရွယ်ချက်များရှိပြီးဖြစ်ပါကြောင်း။



ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ အမျိုးသားစာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ ဆရာမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့်စာပေဖြစ်စေရန်၊ သုတ၊ ရသ အရည်အသွေးပြည့်မီသည့် စာပေဖြစ်စေရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုထွန်းကားစေသည့် စာပေဖြစ်စေရန်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်စေသည့်စာပေဖြစ်စေရန်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများ သွေးစည်းညီညွတ်မှုကို ရည်ရွယ်သော စာပေဖြစ်စေရန်၊ အတွေးအခေါ် မြင့်မားလာစေရေးနှင့် ဗဟုသုတတိုးပွားရေးစာပေဖြစ်စေရန်၊ ကိုယ့်ကျင့်တရားကောင်းမွန်ရေးလမ်းညွှန်စာပေဖြစ်စေရန်နှင့် အမျိုးသားအကျိုးစီးပွားကို အထောက်အကူပြုသော စာပေမျိုးဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စိစစ်ရွေးချယ်ရခြင်းဖြစ်ပါကြောင်း။

ဆုရွေးချယ်ရာတွင် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ပွင့်လင်းမြင်သာမှုရှိစေရန်၊ အမှန်တကယ်ထိုက်တန်သည့်စာအုပ်နှင့် စာမူများကို ရွေးချယ်နိုင်ရန် စနစ်တကျနှင့်စိစစ်မှုများကို အလီလီအခါခါပြုလုပ်ပြီးမှ ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခု အခမ်းအနားတွင် ၂၀၁၃ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၂၀၀၃ အုပ်ထဲမှ အမျိုးသားစာပေဆုများအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၆ ခုအနက် ဘာသာရပ် ၁၃ ခု၊ စာပေဗိမာန်စာမူဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၃ ခုအနက် ဘာသာရပ် ၁၁ ခု၊ စုစုပေါင်း စာမူ ၁၈၇ ခုထဲမှ ဆုအဖြစ် သင့်လျော်သည့်စာမူပေါင်း ၂၄ ခုကို ရွေးချယ်ပေးနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း။

စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ ထူးခြားထက်မြက်မှုဂုဏ်ကို အသိအမှတ်ပြုပြောကြားလိုပါကြောင်း၊ ဤစာဆိုတော်ကြီးများသည် သမိုင်းစဉ်တစ်လျှောက်တွင် စာပေအမွေအနှစ်များကို အဆင့်ဆင့်ထိန်းသိမ်းပြုစုကြရင်း၊ မြန်မာစာပေ ထွန်းကားဖွံ့ဖြိုးရေးနှင့် ဤစာပေအမွေအနှစ်များ မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းပေးသွားရေးတာဝန်ကို ထမ်းဆောင်နေကြသူများလည်း ဖြစ်ပါကြောင်း။



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ပထမဆုရ ဆရာမ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စာပေပညာရှင်ကြီးများသည် သာမန်ပုဂ္ဂိုလ်များထက် အတွေးအမြင် စူးရှထက်မြက်သူများဖြစ်ကြပါကြောင်း၊ လောကကို ပကတိနှင့်အရှိကို အရှိအတိုင်း၊ တည့်မတ်မှန်ကန်စွာ ရှုမြင်ကြရပြီး ထိုကဲ့သို့ ရှုမြင်ရသည့်အတိုင်း အမှန်တရားကို ဖော်ထုတ်တင်ပြကြရသူများလည်းဖြစ်ပါကြောင်း၊ လောကအကြောင်း၊ ဓမ္မအကြောင်း ညီညွတ်မျှတစွာ သိမြင်တတ်သည့် ပင်ကိုအရည်အသွေးများနှင့်လည်း ပြည့်စုံရန်လိုအပ်မည်ဖြစ်ပါကြောင်း။

စာရေးဆရာလောင်းလျာတစ်ဦးအနေဖြင့် ဝါသနာ၊ စေတနာ မည်မျှပင်ရှိသော်ငြားလည်း ဝါသနာ၊ စေတနာနောက်တွင် အပတ်တကုတ် ကြိုးစားအားထုတ်မှုမပါဘဲ အောင်မြင်နိုင်ရန် ခက်ခဲပါကြောင်း။

ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာလင်္ကာ၊ ဆောင်းပါး၊ စာစောင်၊ ရသ၊ သုတ၊ ပညာပေးအစရှိသဖြင့် ကြုံကြိုက်သလို ဦးစွာစမ်းသပ်ရေးသားရာမှစ၍ ဤကြိုးစားမှု၏နောက်ကွယ်တွင် လူမှုရေး၊ စီးပွားရေး၊ပညာရေးအတွက် စွန့်လွှတ်စွန့်စားရသည့် ဘဝ၏ အတက်အကျပေါင်းများစွာကို ဖြတ်သန်းကျော်လွှန်ခဲ့ပြီးမှသာ တည်ငြိမ်သော စာရေးဆရာကြီးများဘဝကို ရောက်ရှိကြမည်ဖြစ်ပါကြောင်း၊ ဆယ်စုနှစ်ပေါင်းများစွာကြာနိုင်သည့် ဘဝမှတ်တိုင်များကိုလည်း အဆင့်ဆင့်ကျော်ဖြတ်ကြရမည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ဝါသနာ၊ စေတနာ၊ အနုပညာ ပါရမီများနှင့် ထူးခြားပြည့်စုံကြသူများသာလျှင် အောင်မြင်သည့် စာရေးဆရာကြီးများ၊ စာဆိုတော်ကြီးများအဖြစ် ရပ်တည်ရှင်သန်နိုင်ကြမည်ဟုယုံကြည်မိပါကြောင်း၊ မိမိတို့၏အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးတွင် ပင်မရေသောက်မြစ်ဖြစ်သည့် စာပေသည် အမြဲတမ်း ခိုင်မာအားကောင်းနေရန် လိုအပ်ပါကြောင်း၊ စာပေပျောက်လျှင် လူမျိုးပါပျောက်နိုင်သည်ဟူသည့် အယူအဆ၊ အဆိုအမိန့်များသည် ကမ္ဘာတည်သရွေ့ မှန်ကန်နေမည်ကို သမိုင်းဖြစ်စဉ်ဖြစ်ရပ်များက ထင်ထင်ရှားရှားပြဆိုထားခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်နှင့် အေးအတူပူအမျှ အတူတကွ နေလာကြသည်မှာ နှစ်ပေါင်းထောင်ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ဤတွင် အထူးသဖြင့် စာဆိုတော်ကြီးများကို တိုက်တွန်းလိုသည်မှာ လူမှုရေး၊ စီးပွား ရေး၊ စာပေရေးရာယဉ်ကျေးမှုတွင် နောက်ကျန်နေခဲ့သည့် တိုင်းရင်းသားလူမျိုးအစုစုတို့၏ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ ဖော်ထုတ်ပေးသည့် စာပေများ ရေးဖွဲ့ပြုစုပေးကြရန်လည်း အလေးအနက်တိုက်တွန်းလိုပါကြောင်း။

ယနေ့ကြွရောက်လာကြသည့် ဂုဏ်ပြုခံစာရေးဆရာကြီးများအပါအဝင် စာရေးဆရာကြီး စာရေးဆရာမကြီးများအားလုံး အပတ်တကုတ်ပြုစုရေးသားကြသည့် စာပေကျမ်းဂန်များသည် မိမိ၏နိုင်ငံအတွင်း၌ ပျံ့နှံ့သွားစေရုံတင်မကဘဲ ရွာငယ်လေးသဖွယ်ဖြစ်ပေါ်လာနေသည့် ကမ္ဘာကြီးကို ကိုင်လှုပ်လွှမ်းမိုးနိုင်သော စာပေများပေါ်ပေါက်လာအောင်လည်း ရေးသားပြုစုပေးကြစေလိုပါကြောင်း၊ ဆရာကြီး ဆရာမကြီးများ ရေးသားပြုစုလိုက်သည့် စာပေများသည် ကမ္ဘာ့အဆင့် ဘာသာပြန်စာပေများအဖြစ် ပေါ်ပေါက်လာသည်အထိ ဦးတည်ရေးသားကြစေလိုပါကြောင်း၊ နိုင်ငံတော်ကပေးသည့် စာပေဆုများအပြင် နိုင်ငံတကာက ပေးသည့် စာပေဆုများကို ဆွတ်ခူးနိုင်သည်အထိလည်း ရည်မှန်းချက်ထားရေးသားကြစေလိုပါကြောင်း၊ ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံတစ်ခုဖြစ်သည့် အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ်ပေးသည့် Pulitzer Prize ဆုသုံးခုအနက် စာပေဆုတစ်ဆုလည်းပါသည်ဟု သိရပါကြောင်း၊ ထို့အတူပင် နာမည်ကျော်လှသည့် နိုဗယ်လ်ဆုခြောက်ဆုထဲတွင်လည်း စာပေဆုတစ်ဆုပါဝင်ပါကြောင်း၊ ထိုကဲ့သို့ နိုင်ငံတကာအဆင့် ချီးမြှင့်သည့်စာပေဆုများကိုပါ မိမိတိုနိုင်ငံမှ စာဆိုတော်ကြီးများက ဆွတ်ခူးရရှိနိုင်မည်ဆိုလျှင် မိမိတို့နိုင်ငံသည် သိက္ခာရှိရှိနှင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက်တွင် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုတို့အပါအဝင် မြန်မာ့စာဆိုတော်ကြီးများသည် စာပေစွမ်းအားဖြင့် နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်လာခဲ့မှုအတွက် ချီးကျူးဂုဏ်ပြုနေခြင်းသည် ခိုင်မြဲသည့်ဓလေ့အဖြစ် တည်ရှိနေပြီဖြစ်ပါကြောင်း၊ ယင်းသို့ခိုင်မြဲသည့်ဓလေ့ကို ယခု ဝါရင့်စာပေပညာရှင်အဆင့်ဆင့်တို့က ဆက်လက်ထိန်းသိမ်းသယ်ဆောင် လက်ဆင့်ကမ်းပေးမှုကို စောင့်ကြို့ဂုဏ်ပြုရင်း "စာပေပညာရှင်ကျင့်ဝတ်"ကို စောင့်ထိန်းကြပြီး ခေတ်သစ်စနစ်သစ်၊ နိုင်ငံသစ်၏ပုံရိပ်ကို မြှင့်တင်သွားကြမည့် မျိုးဆက်သစ်၊ ကလောင်သစ် စာရေးဆရာများ ဆက်လက်တိုးပွားလာနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။



ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့် စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) ပထမဆုရ ဆရာ ဒေါက်တာမောင်ဖြေအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဆရာကြီး စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့်ဆရာကြီး ဦးမြင့်ကြည်(တက္ကသိုလ်မြတ်စိုး)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၉ သို့ ●

## ပြည်တွင်းရေးရာ




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များ ၂၀၁၃ ခုနှစ် အမျိုးသားစာပေဆုရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များ ၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆုရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၈ မှ

ဆက်လက်၍ ဒုတိယသမ္မတက အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရ "သီလဝံသဓား"ကို ရေးသားသူ ဆရာနိုင်ဇော်၊ အမျိုးသားစာပေဆုဝတ္ထုတိုပေါင်းချုပ်ဆုရ "နှလုံးသားပေါ် သွေးတဲ့ဓားနှင့် မဂ္ဂဇင်းဝတ္ထုတိုများ"ကို ရေးသားသူ ဆရာမဝေ(စီးပွားရေးတက္ကသိုလ်)၊ အမျိုးသားစာပေဆု ကဗျာပေါင်းချုပ်ဆုရ "ပွဲဝင်စေတနာ မေတ္တာမော်ကွန်းနှင့် အခြားကဗျာများ"ကို ရေးသားသူ ဆရာမောင်လွမ်းနိုင်(စံပယ်ငုံ) တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမျိုးသားစာပေဆု စာပဒေသာဆုရ "လွတ်လပ်စွာ လွမ်းဆွတ်ခွင့်"ကိုရေးသားသူ ဆရာမောင်ရင့်မာ(ကျောင်းကုန်း)၊ အမျိုးသားစာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုရ "လော်ဝေါ်ရိုးရာ ယဉ်ကျေးမှုဓလေ့များ" ကို ရေးသားသူ ဆရာမြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၊ အမျိုးသားစာပေဆု ကလေးစာပေဆုရ "ရင်နှစ်သည်းချာ ကလေးကဗျာများ"ကို ရေးသားသူ ဆရာသန်းအောင်(အညာမြေ)ကိုယ်စား ကိုယ်စားလှယ်တစ်ဦးနှင့် အမျိုးသားစာပေဆု လူငယ်စာပေဆုရ "အမွေခံတစ်ယောက် အမွေပေးသူ တစ်ရာ"ကို ရေးသားသူ ဆရာမောင်ခင်မင်(ဓနုဖြူ)နှင့် အမျိုးသားစာပေဆု ဘာသာပြန်(သုတ)စာပေဆုရ "အာဏာ"ကိုရေးသားသူ ဆရာထွန်းတင့်အောင် တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က အမျိုးသားစာပေဆု သုတပဒေသာ(ဝိဇ္ဇာ)ဆုရ "သုဝဏ္ဏဘူမိ သုတေသန"ကို ရေးသားသူ ဆရာဦးစံဝင်း(သမိုင်းသုတေသန)၊ အမျိုးသားစာပေဆု သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုရ"ကမ္ဘာ့ဈေးကွက်ဝင် မြန်မာ့ဆေးပင်နှင့် ဆေးဝါးပစ္စည်းများ" ကို ရေးသားသူ ဆရာဒေါက်တာကျော်သန်းထွန်း(တန်တုန်ဆေးတက္ကသိုလ်)၊ အမျိုးသားစာပေဆု သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ "သဘာဝပတ်ဝန်းကျင် အကျိုးပြု နို့စားနွားမွေးမြူရေး"ကို ရေးသားသူ ဆရာဒေါက်တာရဲထွန်းဝင်း၊ အမျိုးသားစာပေဆု နိုင်ငံရေးစာပေဆုရ "ရွှေရတုဘာဘ စစ်ဆင်ရေး သို့မဟုတ် သမိုင်းဝင် မြန်မာ-တရုတ်ချစ်ကြည်ရေးနယ်နိမိတ်သတ်မှတ်မှု ကိုယ်တွေ့မှတ်တမ်း"ကိုရေးသားသူ ဆရာတိမ်ဦးကိုယ်စား ကိုယ်စားလှယ်တစ်ဦး၊ အမျိုးသားစာပေဆု အင်္ဂလိပ်ဘာသာ(သုတ)ဆုရ "MARIONETTES OF MYANMAR" ကို ရေးသားသူ ဆရာရဲဒွေးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက စာပေဗိမာန်စာမူဆုဝတ္ထုရှည် ပထမဆုရ "အများအားဖြင့် တစ်ပြည်လုံးတွင် သာယာမည်"ကို ရေးသားသူ ဆရာမခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ဝတ္ထုရှည်ဒုတိယဆုရ "ဤရေ ဤမြေထုတို့သည်"ကို ရေးသားသူ ဆရာစိုးမြင့်မောင်(သာရဝေါ)၊ ဝတ္ထုရှည် တတိယဆုရ "ရာခိုင်နူန်းနှစ်ဆယ်"ကို ရေးသားသူ ဗိုလ်လွင်ဘိုဘိုအောင်(ဆေးတပ်)၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ "တောင်တစ်ခုကို တက်ခြင်းနှင့် ဝတ္ထုတိုများ"ကို ရေးသားသူ သုတိဩဘာ-ဆင်ပေါင်ဝဲ၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ "သောနုတ္တိုရ်က ငိုသတဲ့လားနှင့် အခြားဝတ္ထုတိုများ"ကို ရေးသားသူ ဆရာကံမြင့်မော်နှင့် ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ "အလွမ်းပင်အိုက ပန်းလက်ကျန်နှင့် အခြားဝတ္ထုတိုများ"ကို ရေးသားသူ ဆရာစောခက်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရ "ပန်းနုကြည်ပြာကဗျာများ"ကို ရေးသားသူ ဆရာဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ "မူးမြစ်အင်းတော လယ်တောယာရိပ်ကဗျာများ" ကို ရေးသားသူ ဆရာမောင်ကြည်နွယ် (ပင်လည်ဘူး)၊ ကဗျာပေါင်းချုပ် တတိယဆုရ 'အလှရပ်ဝန်းအောင်မြေကွန်း ကဗျာစု"ကို ရေးသားသူ ဆရာမင်းသွေးနွယ် (ဇီးကုန်း)၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ပထမဆုရ "ဘုရင့်နောင်မင်းတရားကြီးနှင့် ကမ္ဘောဇသာဒီ" ကို ရေးသားသူ ဆရာမယဉ်ယဉ်မွန် (ရှေးဟောင်းသုတေသန) ကိုယ်စား ကိုယ်စားလှယ်တစ်ဦး၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဒုတိယဆုရ "နှောင်းခေတ်ဟောင်းက လောင်းရှုည်(သို့မဟုတ်) ယောရွှေပြည်ကပုဂံ" ကို ရေးသားသူ ဆရာကိုယော (ဘောဂဗေဒ)နှင့် သုတပဒေသာ (ဝိဇ္ဇာပညာရပ်) တတိယဆုရ "သတင်းအတတ်ပညာနှင့် မြန်မာစာ" ကို ရေးသားသူ ဆရာမခင်နှင်းရည် (ရန်ကုန်တက္ကသိုလ်)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) ပထမဆုရ "မြန်မာ့တိုင်းရင်းဆေးပညာ ပဏာမနိဒါန်း" ကို ရေးသားသူ ဆရာ ဒေါက်တာမောင်ဖြေ၊ စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) တတိယဆုရ "ချူကလီးယားစွမ်းအင် သဘာဝပတ်ဝန်းကျင်နှင့် ဓာတ်ရောင်ခြည်အန္တရာယ်" ကို ရေးသားသူ သိပ္ပံစာရေးဆရာ ကိုကိုအောင်ကိုယ်စား ကိုယ်စားလှယ်တစ်ဦး၊ စာပဒေသာ ပထမဆုရ "ရာဇဝင်ဇာတ်ပို့ ဒလခံတပ်မြို့"ကို ရေးသားသူ ဆရာမင်းသျှင်အောင် (တွံတေး)၊ စာပဒေသာ ဒုတိယဆုရ "ဘုရင့်နောင်မင်းကြီးနှင့် ဟံသာဝတီမြို့တော်ဟောင်းကို တူးဆွကြည့်ခြင်း" ကို ရေးသားသူ ဆရာမောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေပထမဆုရ "ပုခန်းမြေမှ ဗိသုကာနှင့် အနုပညာလက်ရာများ"ကို ရေးသားသူ ဒေါက်တာတင့်လွင်နှင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဒုတိယဆုရ "အဖီး(ခေါ်) ဖိုင်ဝါသွေးချင်းများ"ကို ရေးသားသူ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်) တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက စာပေဗိမာန်စာမူဆု ကလေးစာပေ ပထမဆုရ "ပွင့်ငုံဖူး ကလေးကဗျာများ"ကို ရေးသားသူ ကန့်ဘလူ ခင်မောင်ဆွေ၊ ကလေးစာပေ ဒုတိယဆုရ "ရွှေရောင်ခေတ်၏ရတနာလေးများနှင့်ကလေးဝတ္ထုတိုများ"ကို ရေးသားသူ ဝတ်ရည်ခင်(ပဲခူး)၊ ကလေးစာပေ တတိယဆုရ "ညွှံကြိုပန်း ကလေးကဗျာများ"ကို ရေးသားသူ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ လူငယ်စာပေ ဒုတိယဆုရ "ထီးကလေးနှစ်လက်ဟင်းသုံးခွက် အခြားစာစုများ"ကို ရေးသားသူ မြင့်စိုး (နတလ)၊ ဘာသာပြန်စာပေ ပထမဆုရ "ကွန်ပျူတာကွန်ရက်၊ စာနယ်ဇင်းပညာဆိုင်ရာ ကျင့်ဝတ်ဓလေ့ထုံးစံများနှင့် အကူးအပြောင်းများ"ကို ရေးသားသူ တင်မောင်သန်း(ရွာမ)နှင့် အင်္ဂလိပ်စာမူ ပထမဆုရ "Stories From the Myanmar classical Theatre" ကို ရေးသားသူ ဆရာရဲဒွေးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာပေဆုရရှိကြသူများကိုယ်စား ၂၀၁၃ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင်များ၊ အမျိုးသားစာပေဆုရှင်များ၊ စာပေဗိမာန်စာမူဆုရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားမစတင်မီ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆုရစာပေပညာရှင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၁၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်ကြီးသုံးဦးတို့အား ချီးမြှင့်သည့် ငွေကျပ် ၁၀ သိန်းစီကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသားစာပေ တစ်သက်တာဆုကို ၂၀၀၁ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ပြီး ယခင်က တစ်နှစ်လျှင် တစ်ဦးသာရွေးချယ်ချီးမြှင့်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုရှင်ကို သုံးဦးအထိ တိုးမြှင့်ရွေးချယ်ချီးမြှင့်ခဲ့သည်။ ယခုနှစ်တွင်လည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည့်အနေဖြင့် စာပေပညာရှင်ကြီး သုံးဦးအထိ ဆက်လက်ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ယခင်က တစ်သက်တာစာပေဆုကို ငွေကျပ်ခြောက်သိန်းအထိ ချီးမြှင့်ခဲ့ရာမှ ယခုအစိုးရလက်ထက် ၂၀၁၁ ခုနှစ်တွင် ငွေကျပ် ၁၀ သိန်းအထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ငွေကျပ် ၁၅ သိန်းအထိ လည်းကောင်း အဆင့်ဆင့် တိုးမြှင့်ချီးမြှင့်ပေးခဲ့ပြီး ယခု ၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ငွေကျပ် ၂၅ သိန်းအထိ ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အလားတူ အမျိုးသားစာပေဆုဘာသာရပ်များကို အမျိုးအစားအလိုက် တိုးမြှင့်ရွေးချယ်ခဲ့ပြီး ဆုချီးမြှင့်ငွေများကိုလည်း ယခင်က အမျိုးသားစာပေဆုအတွက် ငွေကျပ် သုံးသိန်းချီးမြှင့်ခဲ့ရာမှ ယခုအစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်တွင် ငွေကျပ် ငါးသိန်းအထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ငွေကျပ် ၁၀ သိန်းအထိ လည်းကောင်း တိုးမြှင့်ခဲ့ပြီး ယခု ၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေဆုကို ငွေကျပ် ၁၅ သိန်းထပ်မံတိုးမြှင့် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကိုလည်း ယခင်က ပထမဆုအတွက်ငွေကျပ် ၁ ဒသမ ၅ သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းနှင့် တတိယဆု ငွေကျပ် ၇၅၀၀၀ ချီးမြှင့်ခဲ့ရာမှ ယခု အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ် တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ယခု ၂၀၁၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုကိုလည်း ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆုငွေကျပ် သုံးသိန်းအထိ ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**❋ ဓာတ်ပုံပြိုင်ပွဲမှ**

အပါအဝင် ပြည်သူများကြည့်ရှုလေ့လာနိုင်ရန် မန္တလေးတံတားဦးလေဆိပ်တွင် ညအိပ်ရပ်နားကာ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်သွားမည်ဟု သိရသည်။ ပုဂံမြို့ပေါ် ပျံသန်းနေစဉ် လေယာဉ်၏ ပျံသန်းမှုကို ယှဉ်ပြိုင်ရိုက်ကူးသော ဓာတ်ပုံပြိုင်ပွဲ တစ်ရပ် ကျင်းပမည်ဖြစ်ပြီး ဆုရဓာတ်ပုံများကို ဆုကြေးငွေ ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဟု သိရသည်။

အဆိုပါ ဆိုလာစွမ်းအင်သုံး လေယာဉ်ကို မောင်းနှင်မည့် လေယာဉ်မှူးနှစ်ဦးအနက် ပထမတစ်ဦးမှာ စိတ်ရောဂါအထူးကုဆရာဝန်ဖြစ်ပြီး ကမ္ဘာတစ်ဝန်း မီးပုံးပျံဖြင့် မရပ်မနား ပထမဆုံးပျံသန်းခဲ့သူ ဘာထရန်ပက်ဒက်ဖြစ်သည်။ နောက်တစ်ဦးမှာ အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး စီမံခန့်ခွဲရေးသိပ္ပံဖြင့် ဘွဲ့ရရှိခဲ့သူ ဝါရင့်တိုက်လေယာဉ်မှူးနှင့် ရဟတ်ယာဉ်မှူးဖြစ်သူ အန်ဒရီဘော်ချ်ဘတ်ဂ်ဖြစ်သည်။ အပြောအဟောကောင်းသူတစ်ဦးအဖြစ် အတွေးအမြင်သစ်ကို ဖော်ဆောင်ခဲ့သူ ဘာထရန်၏ မျှော်လင့်ချက်၊ ကျွမ်းကျင်မှုနှင့် အန်ဒရေ၏ စီးပွားရေးတွင် စွန့်ဦးတီထွင်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အတွေ့အကြုံက တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြစ်နေမည်ဖြစ်သည်။

အဆိုပါလေယာဉ်သည် ၂၀၁၅ ခုနှစ်မတ်လတွင် စတင်ပျံသန်းမည်ဟုသိရပြီး ခရီးစဉ်အစမှာ ပင်လယ်ကွေ့ဒေသဖြစ်ကာ ခရီးစဉ်အဆုံးမှာ တောင်ပိုင်းဥရောပဖြစ်သည်။ ပျံသန်းရာ လမ်းတစ်လျှောက်တွင် အာရေဗျပင်လယ်၊ အိန္ဒိယ၊ မြန်မာ၊ တရုတ်၊ ပစိဖိတ်သမုဒ္ဒရာ၊ အမေရိကန်ပြည်ထောင်စုနှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့ကို ဖြတ်သန်းသွားမည်ဖြစ်သည်။

# ပြည်သူ့အသံ ပြည်သူ့အကြံ

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးသည် အကြောင်းနှင့်အကျိုး ဆက်စပ်တည်မှီနေသည်။ တရားဥပဒေစိုးမိုးမှ ရပ်ရွာအေးချမ်းသာယာမည်။ တရားဥပဒေ၏အရိပ်အာဝါသ ပိုမိုလွှမ်းခြုံမှုရှိပါမှ ပြည်သူအများ အေးချမ်းစွာ နေနိုင်၊ စားနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်ခြင်းဖြင့် ပြည်သူ့ဘဝပိုမိုအေးချမ်း လုံခြုံနိုင်ပေလိမ့်မည်။ တရားဥပဒေစိုးမိုးမှုကွယ်ပျောက်ပါမူ ယဉ်ကျေးသော လူ့ဘောင်လောကသည် ကြီးနိုင်ငယ်ညှဉ်း နိုင်သူ၊ စားသူတို့ လောကတောရိုင်းဥပဒေသအဖြစ် ပြောင်းလဲ ဆိုက်ရောက်သွားမည်ဖြစ်ပေသည်။

လူဦးရေ ခုနစ်သန်းကျော်နေထိုင်လျက်ရှိသော စီးပွားရေးမြို့တော် ရန်ကုန်မြို့သည် လူနေထူထပ်လာမှုနှင့်အတူ အမှုကြီးများဖြစ်သည့် လူသတ်မှု၊ လုယက်မှု၊ အဓမ္မပြုကျင့်မှုများ အပါအဝင် အုပ်စုဖွဲ့ ဒုစရိုက်မှုများ ယခင်ကထက်ပိုမိုထူပြောလာသည်။

ယခုလပိုင်း ရက်ပိုင်းအတွင်း၌မူ ရန်ကုန်မြို့တွင်း အုပ်စုဖွဲ့ဒုစရိုက်မှုကျူးလွန်သူ လူဆိုးလူမိုက်များနှင့် အမှောင်လောကသားများကို ဥပဒေဘက်တော်သားများက ခရိုင်အလိုက်စီမံချက်ဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ဥပဒေ၏ထီးရိပ်အရိပ်အာဝါသအောက်ရှိ ပြည်သူများ၏ လူမှုဘဝမှာလည်း အတော်အသင့်အေးချမ်းလုံခြုံမှုရှိလာခဲ့သည်။

သို့ဖြင့် ယခုအပတ် ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးရှုထောင့်အပေါ် ပြည်သူအချို့၏ ပြည်သူ့အသံ ပြည်သူ့အကြံပြုချက်များကို ကောက်နုတ်ရွေးချယ်တင်ပြလိုက်ရပါသည်။

**ဦးသိန်းညွန့်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**သယ်န်းကျွန်းမြို့နယ်မဲဆန္ဒနယ်**

တရားဥပဒေစိုးမိုးရေးအတွက် ဘယ်နေရာမှာပဲဖြစ်ဖြစ် ဆောင်ရွက်တာ အင်မတန်ကောင်းပါတယ်။ တရားဥပဒေစိုးမိုးရေးကိုလက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာဥပဒေနဲ့အညီ ဆောင်ရွက်ပြီးတော့ နိုင်ငံသားအားလုံးဟာ ဥပဒေအခွင့်အရေးကိုရဖို့လိုတာပေ့ါ။

ဒါပေမယ့် တစ်ကြိမ်တည်းမှာ ရန်ကုန်တိုင်းဒေသကြီးမှာပေါ်ပေါက်နေတဲ့ လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ အုပ်စုဖွဲ့အနိုင်ကျင့်မှု၊ လူကုန်ကူးမှု၊ လောင်းကစားမှု၊ မူးယစ်ဆေးဝါးစတဲ့ ကိစ္စတွေနဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့က အရင်းခံအကြောင်းအရင်းရော၊ လက်ငင်းအကြောင်းရင်းရော သိဖို့လိုတယ်။ နောက်တစ်ခုက အခုလိုဖြစ်ပျက်နေတဲ့အချိန် တရားဥပဒေစိုးမိုးရေးမှာ တာဝန်ရှိတဲ့သူတွေကိုယ်တိုင်က တရားရေးအတွက် ဥပဒေအုပ်ချုပ်မှု ဆောင်ရွက်ရမယ့် တာဝန်ရှိရဲ့သားနဲ့ အဂတိတရားလေးပါးမှာ တစ်ပါးပါးတိမ်းစောင်းပြီးတော့ တရားသဖြင့် မကျင့်သုံးနိုင်တဲ့အခါ တရားဥပဒေစိုးမိုးရေးဆိုတာ အပြောသာရှိပြီး လက်တွေ့မှာ တကယ်ဖြစ်အောင် ကျွန်တော်တို့ အများကြီးလုပ်ပေးရမယ်။

အနိမ့်ဆုံးပြောရရင် လောင်းကစားဝိုင်းတွေ ဖမ်းတဲ့အခါမှာ ဒိုင်တွေကိုလွှတ်ထားပြီး သာမန်ထိုးသားတွေ ဖမ်းတာမျိုးတို့၊ မူးယစ်ဆေးဝါးမှုမှာဆို တကယ်ရောင်းတဲ့ လက်ကား (သို့မဟုတ်)ရောင်းဝယ်မှုပြုနေတဲ့သူတွေအစားအခုမှ ဆေးခြောက်လေး သောက်သုံးနေတဲ့ လူငယ်တွေကို ဖမ်းပြီးမှ မူးယစ်ဆေးဝါးပုဒ်မနဲ့ တရားစွဲတင်ပေးတာမျိုးတို့၊ အဲသလိုပဲ ရန်ကုန်မှာ အမှုကြီးတွေထဲက တရားခံမပေါ်တဲ့ အမှုကြီးတွေရှိတယ်ဗျာ။ အဲဒီအမှုကြီးတွေ တရားခံမပေါ်သေးသမျှတော့ ကျွန်တော်တို့ရဲ့ တရားရေးကို အကောင်အထည်ဖော်ပေးရမယ့် လူတွေရဲ့အခန်းကဏ္ဍတွေ၊ သူတို့ရဲ့စွမ်းအားတွေ ကျတာပေ့ါ။

အဲဒါကြောင့် တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လို့ ပြောရရင် တရားတဲ့ဥပဒေတွေ၊ လူထုကိုကာကွယ်ပေးတဲ့ ဥပဒေတွေပေါ်ပေါက်လာဖို့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးဖို့လိုတယ်။ တစ်ချိန်တည်းမှာပဲ ပြည်သူလူထုကို ဖိနှိပ်တဲ့၊ ချုပ်ချယ်တဲ့ ဥပဒေတွေကိုလည်း ပယ်ဖျက်၊ ပြင်ဆင်ဖို့ ဥပဒေပြုရေးကဏ္ဍက လုပ်ပေးဖို့လိုတယ်။ အဲဒီလိုပဲ အုပ်ချုပ်ရေးကဏ္ဍအနေနဲ့ကလည်း တရားဥပဒေစိုးမိုးရေး အမှန်တကယ်ဖြစ်ထွန်းလာအောင် တိတိကျကျ ထိန်းကျောင်းပေးဖို့လိုတယ်။

တရားစီရင်ရေးမဏ္ဍိုင်ကတော့ အားလုံးသိတဲ့အတိုင်းပဲလေ။ ပြည်သူတွေအားကိုးတဲ့ တရားစီရင်ရေးစနစ်ကြီးဖြစ်လာဖို့အတွက်တော့ အများကြီး ကြိုးစားရဦးမှာပါ။ ချုပ်ပြီးပြောရရင် မြန်မာပြည် တရားဥပဒေစိုးမိုးရေးက နောင်တစ်နေ့မှာတော့ တကယ့်ကို ပြည်သူလူထုယုံကြည်တဲ့ အခြေအနေရောက်လာပါမယ်။ အခုအချိန်မှာတော့ လက်ရှိ ပြဿနာတွေကို မှန်မှန်ကန်ကန်ဖြေရှင်းဖို့ပဲ အရေးကြီးတယ်လို့ ကျွန်တော်ပြောပါရစေ။

**ဦးချစ်ဖေ(ပင်စင်စား)**
**ရန်ကုန်မြို့**

အဘတို့ငယ်ငယ် အင်္ဂလိပ်ခေတ်က တရားရုံးတွေမှာ ပြစ်မှုထင်ရှားတာနဲ့ တရားသူကြီးက ထောင်ဒဏ်တန်းချတာပဲ။ ဒါကြောင့် အဲဒီခေတ်က တိတိကျကျ တရားစီရင်တဲ့ မြို့ပိုင်တို့၊ အရေးပိုင်တို့၊ တရားသူကြီးတို့ ရုံးထိုင်တဲ့ တရားရုံးတွေကို အရပ်သားတွေက ထီးပြန်၊ ဖိနပ်ပြန်ရုံးလို့ခေါ်ကြတယ်။ အပြစ်ရှိတဲ့တရားခံက ထောင်ဒဏ်တစ်ခါတည်းတန်းကျပြီး လူကအိမ်မပြန်ရဘဲ ပါလာတဲ့ ပစ္စည်းတွေသာ အိမ်ပြန်ရလို့ ဒီလိုခေါ်ကြတာဖြစ်တယ်။ နောက်ပြီး သေဒဏ်တို့၊ တစ်သက်တစ်ကျွန်းတို့ ပြစ်ဒဏ်ကျတဲ့ တရားခံတွေကို အဲဒီခေတ်က အကျီအနီကြီးတွေ ဝတ်ပေးပြီး ပုလိပ်တွေက လူစည်ကားတဲ့နေရာတွေကို ခေါ်သွားကြတာ။ သူတို့ရည်ရွယ်ချက်က လူတွေကြောက်သွားအောင်၊ ဒါမျိုးရာဇဝတ်မှုတွေမလုပ်ရဲအောင် ခြောက်တာပေ့ါ။ ဒါကြောင့် အင်္ဂလိပ်ခေတ်က လူသတ်မှု အပါအဝင် အမှုကြီးတွေ သိပ်မဖြစ်ခဲ့ဘူး။ ရှေးခေတ်က လူတွေက ရိုးသားတယ်။ အကြောက်အလန့်လည်း ကြီးကြတယ်။ အခုခေတ်ကတော့ အကြောက်အလန့် သိပ်မရှိကြတော့ဘူး။ လက်ရဲဇက်ရဲတွေများတယ်။ ထောင်ထဲမှာ အကြာကြီး မနေရမှန်း သိသလိုဖြစ်နေတယ်။

**ကိုမိုးကျော်**
**ရန်ကင်း**

ဆုံးသွားတာ ကြာပြီဖြစ်တဲ့ ကျွန်တော့် ဦးလေးတစ်ယောက်က အရင်က စမ်းချောင်းတို့၊ မြေနီကုန်းတို့မှာ နာမည်ကြီးတဲ့စိန်ဂေါ်လီဂိုဏ်းက နာမည်ကြီးတစ်ယောက်ပါ။ ခဏခဏ အဖမ်းခံရတယ်။ ခိုး၊ဆိုး၊ခါးအမှု မဟုတ်ဘူး။ ကျော်စောမှုကြောင့်ပါ။ သင်္ကြန်တို့၊ သီတင်းကျွတ် တန်ဆောင်တိုင်တို့ အခါကြီးရက်ကြီးပွဲတော်တွေ နီးရင်သူ့ကို စမ်းချောင်းရဲစခန်းက ကြိုပြီးလာဖမ်းတယ်။ တစ်ခါတုန်းကဆို ကျွန်တော် (၁၀) နှစ်သားအရွယ်ပဲရှိမယ်၊ သူ့ကိုလာဖမ်းတာ။ ရေမြောင်းထဲမှာဝပ်ပြီးပုန်းနေတာတောင် ရဲက ကျွန်တော့်မျက်စိအောက်မှာပဲ ရအောင်ဖမ်းသွားတာ။ ရွှံ့ရေတွေပေကျံလျက်နဲ့ပဲရဲကားပေါ် ပါသွားတယ်။ကျွန်တော် ကလေးဘဝကတည်းက မြင်တွေ့ခဲ့ဖူးတဲ့ဒီအနိဋ္ဌာရုံတွေကြောင့် အသက်ကြီးတဲ့အထိ အရက်မသောက်ဘူး။ ဥပဒေရဲ့ အရိပ်အောက်မှာပဲ နေနိုင်အောင် သတိထားတယ်။ ဆင်ခြင်တယ်။

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေပြည်သူတစ်ဦး**

ကျွန်တော်တို့မြို့နယ် အချို့ရပ်ကွက်တွေက မြို့တွင်းနဲ့ဝေးတော့ အမှုအခင်းတစ်ခုခု ဖြစ်ရင်တောင် ဆက်သွယ်ဖို့ခက်ခဲတယ်။ မှုခင်းတစ်ခုဖြစ်ပြီးမှ တာဝန်ရှိသူတွေ ရောက်လာတာကြောင့် အပ်နဲ့ထွင်းရမယ့်အစား ပုဆိန်နဲ့ပေါက်နေရတယ်။ အချို့ ရပ်ကွက်တွေမှာ ရပ်ကွက် တာဝန်ရှိသူတွေကိုယ်တိုင် အုပ်စုဖွဲ့ပြီး ကြက်တိုက် ကစားတာတို့ရှိနေတယ်။ နေ့ည ရန်ဖြစ်တာမျိုးကတော့ ရိုးနေပြီ။ ဆယ်ကျော်သက်အရွယ် လူငယ်အများစုက ရုံးတို့၊ ဂါတ်တို့ကိုကြောက်ရမှန်း မသိကြတော့ဘူး။ မြို့နဲ့ဝေးတာကြောင့်ရော၊ စီးပွားရေးအဆင်မပြေတာကြောင့်ရော၊ ပညာဆုံးခန်းတိုင်အောင် မသင်နိုင်ခဲ့ကြတာရော ပါဝင်တယ်။ အချို့ ကလေးတွေဆို မူလတန်းတောင် ဆုံးခန်းတိုင်အောင်မထားနိုင်ကြတာ တွေ့ရတယ်။ ဒါကြောင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးမှုတွေ ပိုလုပ်ပေးနိုင်ရင် ကောင်းမယ်။

**ဦးထွန်းရီ**
**ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်**

ရပ်ကွက်ရဲ့တရားဥပဒေစိုးမိုးရေးပိုင်းမှာ အားနည်းတာတွေ့ရတယ်။ အကြောင်းရှိလို့ သွားခေါ်ရင်တောင် တစ်ခါတလေ မရဘူး။ ဒါမျိုးတွေလည်းရှိတယ်။ ရပ်ကွက်မှာ တင်လိုက်တဲ့ လူကြီးက အဓိက ကိုယ့်ရပ်ကွက်သာယာမှုဖြစ်အောင်ဖန်တီးပေးရမယ်။ ထိန်းသိမ်းစောင့်ရှောက်ရမယ်။ ရပ်ကွက်တွေမှာ အုပ်ချုပ်ရေးပိုင်းကို ကြပ်ကြပ်မတ်မတ်လုပ်စေချင်တာပေ့ါ။ ကြပ်မတ်မှုမရှိတဲ့အခါကျတော့လူတွေကပိုပြီးဆိုးချင်လာတဲ့ သဘောလေးတွေရှိတယ်။ လမ်းလျှောက်ပြီး၊ မူးပြီးရမ်းကားတဲ့အထိ တရားဥပဒေပိုင်းမှာ အားနည်းတာတွေ့ရတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာကို အစိုးရအနေနဲ့ ကြည့်လိုက်ရင်အမှန်က ကြည့်တတ်တဲ့သူကတော့ သက်သာတယ်။

မကြည့်တတ်တဲ့သူကတော့ အစိုးရပိုင်းကို အပြစ်တင်နေမှာပဲ။ သူ့အနေနဲ့ တစ်နိုင်ငံလုံးအုပ်ချုပ်ရတာပဲလေ။ ကိုယ့်ရဲ့သားသမီးကိုတောင် မိဘနှစ်ပါးက နိုင်အောင် အုပ်ချုပ်နိုင်တဲ့ခေတ်မဟုတ်တဲ့အခါကျတော့ အစိုးရကိုသွားပြီး ဒါတွေကိုအပြစ်တင်လို့မရဘူး။

အောက်ခြေမှာ သူ့အတိုင်းအတာအတိုင်း ဆောင်ရွက်ပေးနိုင်ဖို့ တာဝန်ချထားတယ်။ တာဝန်ချထားတဲ့ လူတွေက ဆောင်ရွက်တဲ့လူ ဆောင်ရွက်၊ မလုပ်တဲ့သူက မလုပ်တာ တွေ့နေရတာပဲလေ။ ။

# စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ သင်တန်းသားများဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန် စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ဘွဲ့ရများနှင့် သင်တန်းသားများ ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း၏ ပြည်သူလူထုအတွက် အုပ်ချုပ်စီမံခန့်ခွဲခြင်း ဆွေးနွေးဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက်က ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည် စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပညာရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာရင်ရင်နွယ်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးယုလွင်အောင်တို့က မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဖြင့် နယ်ပယ်အလိုက် ဆောင်ရွက်နေကြသည့် လုပ်ငန်းများနှင့် အလားအလာများ၊ ပညာရှင်များ၏ ဆွေးနွေးချက်များနှင့် နိုင်ငံတကာအတွေ့အကြုံများကို ရှင်းလင်းဟောပြောခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာ မဟာဘွဲ့ရ နက်ဝက်ခ်အသင်းမှ အဓိကပံ့ပိုးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အသင်းသားများနှင့် လက်ရှိသင်တန်းသားများ အသိဉာဏ်ပိုမိုတိုးပွားကာ အချင်းချင်း အသိအမြင်ဖလှယ်ခြင်းမှသည် နိုင်ငံအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးရှိစေရန် ရည်ရွယ်ကြောင်း အဆိုပါအသင်း၏ ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောကြားသည်။

"ကျွန်မတို့က လက်ရှိသင်တန်းသူတွေဖြစ်ပါတယ်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲခြင်းဟာ နိုင်ငံတကာမှာလည်း အလွန်အရေးပါတဲ့ ပညာရပ်ဖြစ်ပါတယ်။ လက်ရှိမှာ နယ်ပယ်အသီးသီးက ဦးဆောင်ဦးရွက်ပြုနေသူတွေဟာ အောင်မြင်တဲ့ စီမံခန့်ခွဲမှုပညာရှင်တွေဖြစ်နေတာကြောင့် သီအိုရီပိုင်းထက် ပိုမိုတဲ့ သင်ယူမှုကို ပညာရှင်တွေဆီကနေ ပြန်လည်လက်ဆင့်ကမ်းရခြင်းဖြစ်ပါတယ်"ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဖွင့်လှစ်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ ဒုတိယနှစ်တက်ရောက်နေသူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လက်ထောက်ဌာနမှူး ဒေါက်တာဆုရည်က ပြောကြားသည်။ **(ဇာဏီလင်း)**





NM New Motion
NEW MOTION TRAVELS & TOURS
Europe | America | Phuket
Australia | Dubai | Bali
Vietnam | Japan | China
Bangkok | Singapore | Korea
Hong Kong | Bodh Gaya | Cambodia
Malaysia
S'pore-Malay
visit MALAYSIA 2014 Truly Asia
No.19, Kyun Taw Road, Sanchaung Township, Yangon
508124, 527254, 523253, 0973148933~44~55~66

ရွှေပိုးသာ
ဘုရားဖူးနှင့် ကမ်းခြေပို့ဆောင်ရေး
ကျိုက်(၅)ကျိုက် 45000
ရွှေ(၅)ရွှေ 55000
ကျိုက်ထီးရိုး/ချောင်းသာ(ငွေစင်)/ငွေဆောင်(သောကြာ)
Ph: 09-425334456, 09-49578205, 09-49323965, 09-250233599

Oct 2014 မှ Apr 2015 Customer
Restaurant, Hotel Package, (Express SCANIA 2+1/2+2 VIP)ကားသစ်ကြီးများဖြင့်
50% Discounts
တောင်ကြီး–အင်းလေး–ကလော–ပွေတော်ကတ္တူ–ပင်းတယ–ထိပ်စင်း
VIP 2+2 Car ၄ည/၅ရက် 160000 Dec-23
ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ လမ်းဘုရားစုံ
VIP 2+2 Car ၃ည/၄ရက် 180000 90000 Dec-23
Orange Center
Ph: 09-420073607, 09-31013761, 09-49250637

# စာပေဆုချီးမြှင့်ပွဲမှ လောကကိုပကတိအရှိတရားဖြင့် တည့်မတ်မှန်ကန်စွာရှုမြင်ပြီး အမှန်တရားကိုဖော်ထုတ်တင်ပြရေးသားကြသည့် စာရေးဆရာကြီးများ၏ မှတ်သားဖွယ်ရာသုံးသပ်ချက်များ

မြန်မာစာပေသမိုင်းတွင် စာပေပညာရှင်ကြီးများသည် စူးရှထက်မြက်သည့်အတွေးအမြင်များဖြင့် လောကကို ပကတိအရှိတရားဖြင့် တည့်မတ်မှန်ကန်စွာရှုမြင်ပြီး အမှန်တရားကို ဖော်ထုတ်တင်ပြကြသူများဖြစ်သည်။ ပြည်သူများအတွက် ဝါသနာအရင်းခံပြီး စေတနာအပြည့်ဖြင့် ဗဟုသုတတိုးပွားစေရန် ပြည်သူ့အကျိုးကို စာပေပညာဖြင့် ထမ်းဆောင်နေသူများဖြစ်ကြသည်။ တိုင်းပြည်၏မျက်စိချီးမြှင့်တဲ့အတွက် အရမ်းကိုဝမ်းသာပီတိဖြစ်မိပါတယ်။ အမျိုးသားစာပေဆုကို ရွေးချယ်တဲ့အခါမှာ မူဘောင်တွေရှိပါတယ်။ တစ်သက်တာစာပေဆုဆိုရင်လည်း စာရေးသက် အနည်းဆုံး ၄၀ လောက်ရှိရမယ်၊ အသက်ကတော့ အနည်းဆုံး ၆၀ ပေ့ါ၊ အခု ဆုပေးတဲ့ထဲမှာ ၇၀ ကျော်၊ ၈၀ ကျော် စာရေးဆရာကြီးတွေပါပါတယ်။ ဒီနှစ်ဆိုရင်လည်း တစ်သက်တာစာပေဆုရတဲ့ ဆရာကြီးတွေက တကယ့်ကိုကြိုးစားရမယ်။ ရေးသားနိုင်အောင် အားထုတ်ကြရမယ်။ ကိုယ့်စာပေဟာ ကိုယ့်အသိုင်းအဝိုင်းသာမက ကမ္ဘာ့အသိုင်းအဝိုင်းအထိ လေ့လာရတဲ့ စာမျိုးဖြစ်အောင် ကြိုးစားကြရမယ်။ ယနေ့ဆိုရင် ကမ္ဘာ့တက္ကသိုလ်တွေမှာ မြန်မာစာကို လေ့လာနေကြပြီ၊ တတ်ချင် သိချင်နေကြပြီ၊ ဘာ့ကြောင့် လေ့လာကြသလဲဆိုရင် မြန်မာစာပေဟာ တစ်ခုတည်းသော အတိုင်းအတာအထိ အဆင့်အတန်းရှိနေလို့ပဲ၊ စာတွေ စတာတွေက မှန်ကန်တဲ့အသိကိုပေးတယ်။ မကောင်းမှုမပြုမိအောင် ဟန့်တားတယ်၊ ဒီလို ကောင်းကျိုးပေးတဲ့စာတွေကို ဖတ်ရမှာပါ။ ဒါကြောင့် စာပေဟာ နိုင်ငံတည်ဆောက်ရေးအတွက် အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

အခုဆိုရင် တိုင်းရင်းသားအသီးသီးကလည်း သူတို့စာပေတွေ ဖွံ့ဖြိုးဖို့အတွက် ကြိုးစားလာကြတယ်။ အဲဒါကို ကြိုဆိုပါတယ်။ အားလည်းပေးပါဝမ်းသာမိပါတယ်။ စာရေးသက်က အနှစ် လေးဆယ်ကျော်ပါပြီ။

စာရေးဆရာဆိုတာ တိုင်းပြည်ရဲ့မျက်စိလို့ပြောရတာက မျက်စိဆိုတာ ပကတိ အရှိကိုအရှိအတိုင်း မြင်ရတယ်။ အမှန်အမှားကို သိတယ်၊ မြင်တယ်။ စာရေးသူဟာ ရှေ့ကလမ်းပြတဲ့သူပဲလေ။ ကိုယ့်အတွေ့အကြုံတွေကို စာဖတ်သူပရိသတ်တွေ သိအောင် စာရေးပြီး တင်ပြကြတယ်။ ပြန်ပြီး မျှဝေကြတယ်။ ဒီစာတွေကို ဖတ်ပြီး တည်ထောင်ပြီးတော့ လုပ်စေချင်ပါတယ်။ ဒီစာအုပ်ကရှေ့ဆက်ပြီး သထုံ ခရိုင်၊ မွန်ပြည်နယ်၊ မော်လမြိုင်ဘက်မှာ ရှေးဟောင်းသုတေသနနဲ့ပတ်သက်လို့ လေ့လာနေသူတွေအတွက်ရော မွန်ဒေသသားတွေအတွက်ရော တစ်တပ်တစ်အား အကျိုးရှိမယ်လို့ ထင်ပါတယ်။

**သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) ပထမဆုရ - ဒေါက်တာမောင်ဖြေ (ဝိသဇ္ဇက-ပဲခူး)**



ဦးသော်ကောင်း(အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ)



မောင်ခင်မင်(ဓနုဖြူ)အမျိုးသားစာပေ တစ်သက်တာဆုရှင်



လယ်တွင်းသားစောချစ် အမျိုးသားစာပေတစ်သက်တာဆုရှင်



ဦးစံဝင်း(သမိုင်းသုတေသန) သုတ ပဒေသာဝိဇ္ဇာဆု၊ အမျိုးသားစာပေဆု



ဆရာဦးမြင့်ကြည်(တက္ကသိုလ်မြတ်စိုး) အမျိုးသားစာပေတစ်သက်တာဆုရှင်



သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) ပထမဆုရ - ဒေါက်တာမောင်ဖြေ

အဖြစ်တင်စားခေါ်ဝေါ်ရသည့် စာပေပညာရှင်များအား အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို နိုင်ငံတော်မှ နှစ်စဉ်ချီးမြှင့်ခဲ့သည်။ ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စာရေးဆရာများ၏ မှတ်သားဖွယ်ရာသုံးသပ်ချက်များကို စုစည်းရေးသားလိုက်ရပါသည်။

**ဦးသော်ကောင်း(အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ)**

အမျိုးသားစာပေဆု ရွေးချယ်ရေး အဖွဲ့ဝင်တွေက လျှို့ဝှက်မဲပေးပြီး ရွေးကြတာပါ။ အဓိကကတော့ တိုင်းကျိုးပြည်ပြုစာပေတွေကို အားပေးချင်တာပါ။ ပုံနှိပ်စာပေတွေရော၊ ပုံနှိပ်စာအုပ်မဖြစ်သေးတဲ့ စာမူတွေရော၊ စာကောင်းပေကောင်းတွေကို ချီးမြှင့်ချင်တဲ့ရည်ရွယ်ချက်ပါ။ နိုင်ငံတော်ကလည်း ဆုငွေတွေကို အများကြီး တိုးမြှင့်ပေးထားပါတယ်။ ဒီလို စာရေးဆရာတွေကို ထိုက်ထိုက်တန်တန် စာကောင်းပေမွန်တွေရေးခဲ့တဲ့ ဆရာကြီးတွေပါ။

**ဆရာဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး) အမျိုးသားစာပေ တစ်သက်တာဆုရှင်**

စာပေမြင့်မှ လူမျိုးတင့်မယ်ဆိုတဲ့ စကားအရ စာပေအဆင့်အတန်းဆိုတာ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး မတူညီကြပါဘူး။ တချို့လူနည်းစုတွေမှာ စာပေဆိုတာတောင် မရှိကြပါဘူး၊ တချို့ရှိပြန်တော့လည်း စာပေသုံးစွဲသူနည်းတဲ့အတွက်ကြောင့် သူတို့စာပေက မကျယ်ပြန့်ပါဘူး၊ မြန်မာနိုင်ငံမှာ လူဦးရေက သန်း ၅၀ ကျော်ရှိတဲ့အခါကျတော့ မြန်မာစာကို အသုံးပြုသူကလည်း သန်း ၅၀ ကျော်ရှိတာပေ့ါ၊ စာပေကို အသုံးချသူများလေ စာပေအဆင့်အတန်းရှိလေပဲလေ။ ဒီထက် ကိုယ့်စာပေကို မြင့်စေချင်တယ်ဆိုရင် စာပေကိုကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်အောင် ကြိုးစားရမယ်။ ယနေ့ပြည်သူလူထုရဲ့ နေ့စဉ်ခံစားချက်တွေ၊ ဘဝအတွေ့အကြုံအမြင်တွေကိုလည်း ဖော်ပြနိုင်တာ စာပေပဲဖြစ်ပါတယ်။ နောက်ဒီထက် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကမ္ဘာ့အတွေးအခေါ်၊ ကမ္ဘာ့အမြင်တွေကို ကိုယ့်မြန်မာစာပေနဲ့ ဖော်ပြနိုင်အောင် ဒါကြောင့် စာပေမြင့်မှ လူမျိုးတင့်မယ်ဆိုတဲ့ စကားဟာ အဲဒီအချက်ကို ကြည့်ရင် အင်မတန်မှ မှန်ကန်ပါတယ်လို့ပြောချင်ပါတယ်။

**လယ်တွင်းသားစောချစ် (စည်သူ ဦးတင်လှိုင်) အမျိုးသားစာပေ တစ်သက်တာဆုရှင်**

မိမိကိုယ်ကိုမြှင့်တင်နိုင်ဖို့၊ အသိဉာဏ်တွေ မြင့်မားဖို့ စာဖတ်ကြပါ။ အသိဉာဏ်ကြီးမြင့်သူတွေဟာ ဘယ်တော့မှ သူတစ်ပါးရဲ့ အလိမ်အညာမခံရဘူး။ စာဖတ်တဲ့သူဟာ အသိဉာဏ်ရှိပြီး အမှန်တရားကိုရပ်တည်နိုင်တဲ့ လူတွေဖြစ်ပြီး နိုင်ငံ့ကောင်းကျိုးကိုလည်း ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော် တည်ဆောက်ရေးတွေမှာ စာပေဟာ သိပ်အရေးကြီးပါတယ်။ လူငယ်တွေအားလုံး စာဖတ်ကြလို့ အသိဉာဏ်ပညာကြီးမြင့်လာရင် ထက်မြက်တဲ့သူတွေ၊ တော်တဲ့သူတွေများလာရင် အဲဒီလိုလူတွေများတဲ့ နိုင်ငံဟာ သေချာပေါက်ဖွံ့ဖြိုးတိုးတက်မှာပဲ။ ဒါကြောင့် စာအုပ်စာပေဖတ်ခြင်းဟာ လူ့ဘောင်ကိုတိုးတက်စေတယ်။ စာပေမြင့်မှ လူမျိုးတင့်တယ်ဆိုတာပေ့ါ။ အသိဉာဏ်ပေးနိုင်တဲ့စာတွေ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားတဲ့ တယ်။ စာပေဖွံ့ဖြိုးတိုးတက်လာပြီဆိုတာနဲ့ လူမျိုးတစ်မျိုးရဲ့ အသိဉာဏ်တွေတိုးတက်လာအောင်၊ မြင့်သည်ထက် မြင့်လာအောင် ဆောင်ရွက်နိုင်တဲ့ ကောင်းကျိုးတွေရလာမှာပါ။ နောက်တစ်ခုက စာပေဟာ ယဉ်ကျေးမှုနဲ့ ဆက်နွှယ်နေတဲ့အခါကျတော့ သူတို့ရဲ့ ယဉ်ကျေးမှုတွေကို သူတို့ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လာနိုင်မှာပါ။ နောက် ကျွန်တော်တို့ စာရေးဆရာအသင်းကလည်း တိုင်းရင်းသားစာပေတွေနဲ့ ပတ်သက်လို့ စာတမ်းတွေဖတ်ဖို့ အစီအစဉ်တွေရှိပါတယ်၊ အခုလို စာရေးသက် ၅၂ နှစ်တာကာလမှာ တစ်သက်တာစာပေဆုကို ရရှိခဲ့တဲ့အတွက် အရမ်းကို ဝမ်းသာပီတိဖြစ်မိပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**မောင်ခင်မင်(ဓနုဖြူ) အမျိုးသားစာပေ တစ်သက်တာဆုရှင်**

အမျိုးသားစာပေဆုဆိုတာ နိုင်ငံတော်ကပေးတဲ့ဆုဆိုတော့ အမြင့်ဆုံးဆုပါ။ တစ်သက်လုံး တစိုက်မတ်မတ် စာရေးလာတဲ့သူတွေကို နိုင်ငံတော်က အသိအမှတ်ပြုပြီး ဆုချီးမြှင့်တဲ့အထဲမှာ ကိုယ်ပါဝင်ခွင့်ရတော့ အတိုင်းမသိ စာဖတ်ပရိသတ်တွေက ဆက်လက်ဆောင်ရွက်ရမယ့် ကိစ္စတွေကို လုပ်သင့် မလုပ်သင့်၊ မှန်သလား မှားသလား၊ အကောင်းအဆိုးကို ဝေဖန်နိုင်လာကြမယ်။ ဒါကြောင့် တိုင်းပြည်ရဲ့မျက်စိလို့ တင်စားကြတာပေ့ါ။ စာရေးသူရဲ့ စာတစ်လုံးဟာ သိပ်အရေးကြီးတယ်လေ။ အခုလိုစာပေဆုချီးမြှင့်ပွဲတွေကျင်းပပေးတာ စာပေလောကကို အသိအမှတ်ပြုတာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်၊ စာပေလောကကိုလည်း ဒီထက်ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆန္ဒပြုပါတယ်။

**ဦးစံဝင်း(သမိုင်းသုတေသန) သုတပဒေသာ ဝိဇ္ဇာဆု၊ အမျိုးသားစာပေဆု**

သုဝဏ္ဏဘူမိကို မြန်မာနိုင်ငံမှာ တကယ်ရှိသလား၊ မရှိသလားဆိုပြီး အရှေ့တောင်အာရှမှာ အငြင်းပွားနေကြတယ်။ ဒါကို သေချာဖော်ထုတ်ပြီး နှစ် ၂၀ နီးပါးလေ့လာပြီး ရေးသားပြုစုခဲ့လို့ ဒီဆုကိုရတာပါ။ အဲဒီအတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဒီဆုက သုတေသနလုပ်ရင်းရတဲ့ဆုပါ။ မြန်မာနိုင်ငံမှာ သုတေသနလုပ်ငန်းလုပ်သူတွေ တော်တော်လေးနည်းသေးတယ်လို့ ထင်ပါတယ်။ သုတေသနလုပ်ငန်းအတွက် အဖွဲ့အစည်းတွေ နိုင်ငံတော်က ပေးတဲ့ဆုဖြစ်တဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ အခုလို ဆုရသွားတော့ စာရေးတဲ့အခါ ပိုပြီး အားတက်စေတာပေ့ါ၊ တိုင်းပြည်နဲ့ လူမျိုးအကျိုးကို စာပေနဲ့ ထမ်းဆောင်ဖို့ ပိုပြီးတာဝန်ရသွားသလိုပါပဲ။

စာပေသည် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးတွင် ပင်မရေသောက်မြစ် ဖြစ်သည့်အတွက် အမြဲတမ်းခိုင်မာအားကောင်းနေရန် လိုအပ်သည်။ စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသည်နှင့်အညီ စာပေပညာရှင်ကြီးများရေးသားသည့် စာပေများသည် နိုင်ငံတွင်းသာ ပျံ့နှံ့ရုံမျှမကဘဲ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဂုဏ်ယူဖော်ပြခံရသည့် စာပေများပေါ်ထွန်းလာပါစေကြောင်းနှင့် စာပေပညာရှင်ကြီးများ ပြောကြားခဲ့သည့် စကားသံများကို လူငယ်မျိုးဆက်သစ်များ ဗဟုသုတရရှိစေရန် ရေးသားဖော်ပြလိုက်ရပါသည်။ ။

**သတင်း - သီသီမင်း**
**ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**

# စည်းကမ်းမဲ့ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်မော်တော်ယာဉ်များ ဖမ်းဆီးရေးစီမံချက်အရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ထပ်မံဖမ်းဆီးအရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်မြို့အတွင်းတွင် ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာမောင်းနှင်မှုကြောင့် အသံများဆူညံစေပြီး အများပြည်သူ၏ စိတ်နှလုံးကို ထိခိုက်စေသည့်အပြင် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာသဖြင့် ထိရောက်စွာအရေးယူနိုင်ရန် စီမံချက်ချမှတ်၍ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်နေ့ ညက စည်းကမ်းမဲ့ပြိုင်ကားနှင့် ပါဝါအိပ်ဇောတပ်မော်တော်ယာဉ် ၁၇ စီးအား ဖမ်းဆီးရမိခဲ့သည်။ စီမံချက်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အနီးကပ်ကွပ်ကဲ၍ ဒု-တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်အားဦးဆောင်စေပြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ထပ်မံဖမ်းဆီးအရေးယူခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ဒုတိယရက်ဖြစ်သည့် ဒီဇင်ဘာ ၆ ရက် ည ၉ နာရီမှ ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီခွဲအချိန်ထိ ရန်ကုန်မြို့အတွင်း စည်းကမ်းမဲ့စွာ မောင်းနှင်နေသော ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်မော်တော်ယာဉ်များကို ပိတ်ဆို့ဖမ်းဆီးခဲ့ရာ စည်းကမ်းမဲ့မောင်းနှင်သည့် ပြိုင်ကားခြောက်စီးအပါအဝင် ပါဝါအိပ်ဇောတပ် ဆလွန်းမော်တော်ယာဉ် အမျိုးအစားမျိုးစုံ ၁၁ စီး ပေါင်း ၁၇ စီးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ယခု ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်မည့်အပြင် ယာဉ်မှတ်ပုံတင်လိုင်စင်ရှိ /မရှိစိစစ်ပြီး ယာဉ်မှတ်ပုံတင်မရှိသော မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းသို့ ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ်ဆင်ထားသည့် မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာ မောင်းနှင်မှုကြောင့်အသံဆူညံစွာ ဖြစ်ပေါ်စေပြီး အများပြည်သူတို့၏ စိတ်တွင် အနှောင့်အယှက်ဖြစ်စေသည့်အပြင် ယာဉ်အန္တရာယ်များဖြစ်ပေါ်လာနိုင်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် စီမံချက်ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပြီး နေ့စဉ် ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မိမိတို့၏ မော်တော်ယာဉ်များ၌ ပါဝါအိပ်ဇောများတပ်ဆင်မောင်းနှင်ခြင်း မပြုရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်ကြရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အသိပေးအကြောင်းကြားထားသည်။

(ကြေးမုံ)

# ဟန်လင်းပျူမြို့ဟောင်းဒေသ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဝက်လက် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းပျူမြို့ဟောင်းကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်အသိအမှတ်ပြုပြီးနောက် ဟန်လင်းမြို့ဟောင်းကို နိုင်ငံတကာအဆင့်မီဖြစ်အောင် ဆောင်ရွက်လျက်ရှိရာ ဟန်လင်းဒေသသန့်ရှင်းသာယာလှပရေးအတွက် ဝက်လက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကဦးဆောင်၍ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးနှင့် အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများစုပေါင်း၍ ဟန်လင်းဒေသ လမ်းဘေးဝဲ၊ ယာနှင့် ဘုရားစေတီများ၊ ကုန်းအမှတ်နေရာများတွင် ပေါင်းမြက်များ၊ ချုံနွယ်များ ရှင်းခြင်း၊ အမှိုက်လှည်းခြင်းစသည်ဖြင့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၄ ရက် နံနက် ၇ နာရီ မှ ၁၁ နာရီအထိပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**



# အောင်ဇမ္ဗူတောရဆရာတော် ကြီးမှူး၍ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ

**ရေဦး ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသ၏ မွေးရပ်ဇာတိမြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပန်းကုံးကျေးရွာရှိ သက်ကြီးဘိုးဘွား ၂၇၀ တို့အား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပင့်သံဃာ ၃၅ ပါးတို့အား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာရှိ ကန်တော့ခံသက်ကြီးဘိုးဘွား ၂၇၀ တို့အား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီ၊ အဝတ်အထည်နှင့် ဆေးဝါးများ လှူဒါန်းပူဇော်ကန်တော့ခြင်း၊ ပန်ကာ၊ မီးပူ အစရှိသော ပစ္စည်းမျိုးစုံ ၂၇၀ တို့ကို မဲဖောက်လှူဒါန်းခြင်းနှင့် လာရောက်ကန်တော့ကြသော လူငယ် ၅၀၀ ခန့်အား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကြာဆံချက်ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **ခင်မျိုးနိုင်(ကြေးမုံ)**

# ယာယီမြစ်ကူးတံတားများ တည်ဆောက်ရန် နောက်ကျသည့်အတွက် ခရီးသွားလာသူများ အခက်အခဲဖြစ်ပေါ်

**ရေတာရှည် ဒီဇင်ဘာ ၇**

စစ်တောင်းမြစ်ရေ နည်းပါးသည့် ယခုအချိန်တွင် ယာယီမြစ်ကူးတံတားများ ပြီးစီးခြင်းမရှိသေး၍ ခရီးသွားပြည်သူများ အခက်အခဲကြုံနေရကြောင်း သိရသည်။ ရေတာရှည်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ခွင့်ပြုလိုင်စင်ဖြင့် ရေနီ၊ ဥသျှစ်ပင်၊ ငှက်ပျောတော၊ ဆွာရွာမ၊ သစ်ချဆိပ်၊ ကျွဲရိုင်းပြင်ကျေးရွာများတွင် ကူးတို့ဆိပ်များရှိပြီး အခြားသောကူးတို့ခွဲများလည်းရှိ၍ ပွင့်လင်းရာသီတွင် ကုန်စည်စီးဆင်းရေးနှင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ဒေသခံပြည်သူများမှာ ယာယီမြစ်ကူးတံတားကို အားထားသွားလာလျက်ရှိသည်။

"တံတားတွေက မပြီးသေးတော့ သွားလာရေးခက်ခဲတာပေါ့၊ ဟိုဘက်သည်ဘက် စောင့်ရတဲ့အချိန်တွေကြာတာရယ် နေထိုင်မကောင်းလို့ ဆေးရုံဆေးခန်းသွားမယ်ဆိုရင် အခက်အခဲတွေဖြစ်ရတာပေါ့" ဟု ဆွာရွာမ ကျေးရွာတွင် နေထိုင်သူတစ်ဦးက ပြောပြသည်။ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသများတွင် နေထိုင်ကြသူများသည် ကြံသီးနှံများကို ရောင်းချနိုင်ရန်အတွက် တံတားများ အမြန်ဆုံးပြီးစီးရန် လိုလားလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# လမ်းမတော်မြို့နယ်တွင် အမှိုက်သိမ်းကားသစ်ဖြင့် အမှိုက်များ သိမ်းဆည်း

**ရန်ကုန် ဒီဇင်ဘာ ၇**

လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းမပေါ်၌ ဒီဇင်ဘာ ၆ ရက် နံနက် ၇ နာရီတွင် အမှိုက်သိမ်းကားသစ်ဖြင့် သက်ဆိုင်ရာမှ ရွှေ့လျားအမှိုက်ပုံးသစ်များဖြင့် အမှိုက်များလာရောက်သိမ်းဆည်းသည်ကိုတွေ့ရကြောင်း၊ လူအင်အားအသုံးပြုပြီး အမှိုက်ပုံးများ မတင်၍ ကားပေါ်သိမ်းဆည်းရာ လုပ်ငန်းတွင်ကျယ်မှုရှိသည်ကို မြင်တွေ့ရကြောင်း လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

နံနက် ၆ နာရီခွဲတွင်လည်း အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းထိပ်လမ်းမပေါ် တက်ရောက်ရောင်းချနေသော လမ်းဘေးဈေးသည်များကို အရေးယူမှုများတွေ့ရကြောင်း ဈေးဝယ်နေသည့် ဈေးဝယ်သူများက ဆိုသည်။

နံနက် ၁၀ နာရီတွင် (၅)ရပ်ကွက် (၁၂) လမ်းအတွင်း ခြင်ဆေးပက်ဖျန်းခြင်းကိုလည်း ပြုလုပ်သည်ကို တွေ့ရကြောင်း၊ ယခုအပတ်အတွင်း နေ့စဉ် မြို့နယ်တွင်းသွားလာနေသည့် အနေးယာဉ်များကိုလည်း စစ်ဆေးအရေးယူနေသည်ကို တွေ့ရကြောင်း မဟာဗန္ဓုလလမ်းပေါ်တွင် အလုပ်လုပ်ကိုင်သူတစ်ဦးက ပြောသည်။ **(မောင်စေအောင်)**

# တပ်ကုန်းမြို့တွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေး လိုအပ်နေ

**တပ်ကုန်း ဒီဇင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ပေါ် မြို့မ(၆)ရပ်ကွက်တွင် ခွေးလေခွေးလွင့်များ များပြားလျက်ရှိပြီး လမ်းသွားလမ်းလာပြည်သူများခွေးကိုက်ခံရမှုမကြာခဏဖြစ်ပေါ်လျက်ရှိကြောင်းနှင့် ခွေးကိုက်ခံရသည့် လူနာများလည်း ခွေးရူးပြန်ကာကွယ်ဆေးထိုးရန်အခက်တွေ့နေကြောင်း သိရသည်။

တပ်ကုန်းမြို့ ခုတင်(၁၀၀)ဆေးရုံကြီးတွင် ယခုအခါခွေးရူးပြန်ရောဂါကာကွယ်ဆေးလုံးဝပြတ်နေကြောင်း၊ ခွေးရူးပြန်ကာကွယ်ဆေးများတစ်ကြိမ်ပို့လျှင် ပုလင်း ၂၀၀ ခန့်ပို့ပေးနေသော်လည်း ခွေးကိုက်ခံရသူများဆေးရုံသို့ လာရောက်ကုသမှု များနေသဖြင့် ဆေးမလောက်မငဖြစ်နေရကြောင်း၊ ခွေးကိုက်ခံရသူများသည် ယခုအခါတွင် အပြင်ဆေးဆိုင်များမှ ဆေးတစ်စုံ(လေးလုံး)ကို ကျပ်ငါးသောင်းခန့်ဖြင့် ဝယ်ယူဆေးထိုးနေကြရကြောင်း ခုတင်(၁၀၀)ဆေးရုံအုပ်ကြီးက ပြောသည်။ **(၀၉၂)**

■



မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာ့လက်ဝှေ့ကျော်များနှင့် နိုင်ငံတကာ လက်ဝှေ့ချန်ပီယံများ ယှဉ်ပြိုင်ထိုးသတ်သည့် နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဒီဇင်ဘာ ၇ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်မျှော်စင်ကွင်း၌ကျင်းပစဉ်။

(ဓာတ်ပုံ-ဇာဏီ)

# ပြည်သူများ ဗို့အားပြည့်ဝစွာရရှိရေး ထရန်စဖော်မာအသစ်တစ်လုံး ထပ်မံတည်ဆောက်

**ရန်ကုန် ဒီဇင်ဘာ ၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေး၊ ဗို့အားပြည့်ဝစွာ ရရှိစေရေးအတွက် စီမံချက်များ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှလည်း အများပြည်သူများ ဗို့အားပြည့်ဝစွာ ရရှိစေရေးအတွက် (၁) ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း အနော်ရထာအိမ်ရာရှေ့တွင် System Improvement လုပ်ငန်းအဖြစ် ၁၁-၆၊ (၆/၀) ၄ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးအား အသစ်ထပ်မံတည်ဆောက်ခဲ့ပြီး နိုဝင်ဘာ ၂၉ ရက်မှ စတင်ဓာတ်အားပို့လွှတ်ကာ ရန်ကုန်-အင်းစိန် လမ်းတစ်လျှောက်နှင့် ခိုင်ရွှေဝါလမ်းတို့အား ဗို့အားပြည့်ဝစွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**



# စာတည်းမှူးထံ ပေးစာများ

## မီးဘေးအန္တရာယ် စိုးရိမ်နေရ

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၀) ရပ်ကွက်ရှိ လမ်းအချို့တွင် အမှိုက်များစုပုံနေခြင်းကြောင့် လမ်းသွားလမ်းလာ ရဟန်းသံဃာတော်များ၊ ကျောင်းသား ကျောင်းသူများနှင့် သက်ကြီးရွယ်အိုများ အနံ့ဆိုးများကို ရှူရှိုက်နေရပါသည်။ ထို့အပြင် ရပ်ကွက်အတွင်းနေထိုင်သူများ သောက်သုံးရန် သွယ်တန်းပေးထားသည့် ရေပိုက်များမှာလည်း ရေမရရှိသည်မှာ ကြာမြင့်ပြီဖြစ်ပါ၍ ယခုအချိန်အခါသည် ပွင့်လင်းရာသီရောက်ရှိလာပြီး မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(ရပ်ကွက်သူ/သားများ)**

## ရေခဲစက်မှအနံ့ဆိုးများ ကျန်းမာရေးထိခိုက်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အမှတ်(၁) ရပ်ကွက် ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်ရှိ ရေခဲစက်မှစွန့်ပစ်ရေဆိုးများကြောင့် လမ်းသွားလမ်းလာများ၊ လမ်းမကြီး ဝဲ/ယာ ရှိ ရပ်ကွက်နေပြည်သူများ အနံ့ဆိုးများကို မခံမရပ်နိုင်အောင်ခံစားရပြီး အနံ့ဆိုးများကြောင့် အဆုတ်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါများ ခံစားနေရပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်နေပြည်သူများ)**

## ရပ်ကွက်ထဲမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အောက်မဂ်လာဒုံလမ်းမပေါ်ရှိ လက်ဖက်ရည်ဆိုင်နှင့် ရွှေဆိုင်ကြားနေရာတွင် ပရိဘောဂအရောင်းဆိုင်တစ်ဆိုင်ရှိပြီး ဘေးဆိုင်နှစ်ဆိုင်လုံးသို့ ပရိဘောဂအရောင်တင်ပေါလစ်အနံ့ဆိုးများ ပျံ့လွင့်၍ လက်ဖက်ရည်လာရောက်သောက်သုံးသူများနှင့် ရွှေဝယ်ယူအားပေးသူများ၊ ဆိုင်ဝန်ထမ်းများအားလုံး နေ့စဉ်အနံ့ဆိုးများ ရှူရှိုက်နေရ၍ ကျန်းမာရေးထိခိုက်နေရသည်။

သက်ဆိုင်ရာသို့ ၂၉-၅-၂၀၁၃ ရက်မှစတင်၍အကြိမ်ကြိမ် တိုင်ကြားခဲ့သော်လည်း ထိရောက်စွာ အရေးယူပေးခြင်းမရှိဘဲ လာရောက်စစ်ဆေးလိုက်၊ ထုတ်လုပ်မှုကို ခေတ္တနားလိုက်၊ ပြန်လည်လုပ်ကိုင်လိုက်နှင့် ယနေ့တိုင်ဆက်လက်လုပ်ကိုင်လျက်ရှိပါ၍ ဥပဒေအရ လိုအပ်သလို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**(ဖော့ကန်သားများ)**

## စားသောက်ဆိုင်နှစ်ဆိုင်မှ ညှော်နံ့များ ဖယ်ရှားရှင်းလင်းပေးစေလို

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၇) ရပ်ကွက် ကန္နားလမ်း မောင်မောင်ကြီးတာဝါ မြေညီထပ်တွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်နှင့် ပထမထပ်တွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်နှစ်ဆိုင်တို့မှ ထွက်ရှိသော အညှော်နံ့များသည် နေ့စဉ်နံနက် ၉ နာရီခန့်မှ စ၍ ည ၁၂ နာရီခန့်အထိ ထွက်ရှိနေပါသဖြင့်ပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင် နေထိုင်နေကြသော သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ကျန်းမာရေးမကောင်းသူများအတွက် များစွာကျန်းမာရေးထိခိုက်နေသည်။ သက်ဆိုင်ရာမှ အညှော်နံ့ကင်းစင်စေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်အတွင်းနေထိုင်သူများ)**

## စားကျက်မြေပေါ်မှ ကျူးကျော်တဲများ ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပိုက်ကြီးဝဲကျေးရွာရှိ ကျေးရွာပိုင်စားကျက်မြေပေါ်တွင် ယခုအခါ လူနေအိမ်များ အခိုင်အမာဆောက်လုပ်နေထိုင်ခြင်း၊ ဝင်းခြံများကာရံ၍ သီးနှံစိုက်ပျိုးရန် ထွန်ယက်ခြင်းစသည်များ ပြုလုပ်နေကြပါသဖြင့် စားကျက်မြေများ လျော့နည်းပျောက်ဆုံးနေသည်။ ပိုက်ကြီးဝဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျွဲ၊ နွား မွေးမြူသူများသည် စားကျက်မြေအခက်အခဲကြောင့် မွေးမြူထားသော ကျွဲ၊ နွားများကို ကားလမ်းတွင်လွှတ်၍ စားကျက်ချကျောင်းနေရသည်။ ထိုသို့ဆောင်ရွက်နေကြခြင်းမှာ အန္တရာယ်အလွန်ကြီးမားသဖြင့် ယခုကဲ့သို့ စားကျက်မြေပေါ်တွင် ကျူးကျော်ထားသော လူနေရပ်ကွက်ကြီးအား အမြန်ဆုံး ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **(ကျွဲ၊ နွားမွေးမြူသူများ)**

## နောက်ဖေးလမ်းကြားအမှိုက်ပုံ ရှင်းလင်းပေးစေလို

ရန်ကုန်မြို့ တာမွေမြို့နယ် (၂၁၆) စက်ရုံလမ်း မအူကုန်းရပ်ကွက်၏ နောက်ဖေးလမ်းကြား (၁၃၂ လမ်းဘက်အခြမ်း) တွင်ကိုယ်ပိုင်ပစ္စည်းမျိုးစုံတို့ကို စုပုံထားလျက်ရှိပြီး သစ်ပင်ကြီးငယ်များကို စိုက်ပျိုးထားခြင်း၊ နောက်ဖေးလမ်းကြားတွင် ကားပိတ်ရပ်ထားခြင်းတို့ကြောင့် ချုံပုတ်ကြီးသဖွယ်ဖြစ်နေပြီး ညအချိန်၌ မှောင်ရိပ်ခို၍ လုပ်ရှားမှုများရှိပြီး သစ်ပင်အိုကြီးများကြောင့်လည်း အရေးပေါ်ယာဉ်များ မီးသတ်ကား၊ မီလ္လာကား၊ စည်ပင်အမှိုက်ကားစသည်များ ဝင်ထွက်သွားလာရန် အခက်အခဲဖြစ်နေပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **(ရပ်ကွက်သူ၊ ရပ်ကွက်သားများ)**

# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားပြိုင်ပွဲများကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၇**



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်း ကျင်းပသော ရိုးရာဆွမ်းပို့လှေသရုပ်ပြသခြင်း၊ ရိုးရာတစ်ဦးချင်းလှေသရုပ်ပြသခြင်း၊ ရိုးရာရာကျော်လှေလှော်ပြိုင်ပွဲယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းကို ဆက်လက်ကျင်းပရာ ရိုးရာလှေလှော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသောပြိုင်ပွဲဝင်အသင်းများအား ဂျပန်နိုင်ငံမှ KLD ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာတန်နာဂါက အမေရိကန်ဒေါ်လာ ၅၀၀၀ အားလည်းကောင်း၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ကျပ်သိန်း ၂၀ အားလည်းကောင်း အသီးသီးဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထီးပုကျေးရွာ၌ Moe မြင်းစီးအသင်းမှ ကျင်းပသော ပထမတန်း Show Jumping တန်းခုန်ပြိုင်ပွဲတွင် အားကစားသမားများ ယှဉ်ပြိုင်နေမှုအားလည်းကောင်း၊ အဆင့်မြင့်တန်း Show Jumping ပြိုင်ပွဲ၌ အားကစားသမားများ ယှဉ်ပြိုင်နေမှုအားလည်းကောင်း ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီး ပထမတန်း Show Jumping ပြိုင်ပွဲတွင် ဆုရရှိကြသော ပထမဆုရ စောမောင်နှင့် ပြိုင်ပွဲဝင်မြင်း စိန်သန်းတင့်အား အမေရိကန်ဒေါ်လာ ၅၀၀ ကို လည်းကောင်း၊ ဒုတိယဆုရရှိသော အောင်သူထွန်းနှင့် ပြိုင်ပွဲဝင်မြင်း စိန်ဝင်းဗိုလ်အား အမေရိကန် ဒေါ်လာ ၃၀၀ ကိုလည်းကောင်း၊ တတိယဆုရ နန်းကိုဝင်းနှင့် ပြိုင်ပွဲဝင်မြင်း စိန်ဝတီတို့အား အမေရိကန်ဒေါ်လာ ၂၀၀ ကို လည်းကောင်း၊ နှစ်သိမ့်ဆုရ အားကစားသမားများအား အမေရိကန်ဒေါ်လာ ၁၀၀ စီအား လည်းကောင်း KLD ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးစိန်လွင်က ဆုများကို အသီးသီးချီးမြှင့်သည်။

ဆက်လက်၍ အဆင့်မြင့်တန်း Show Jumping တန်းခုန်ပြိုင်ပွဲတွင် ဆုရရှိကြသော ပထမဆုရ နန်းကိုဝင်းနှင့် ပြိုင်ပွဲဝင်မြင်း စိန်ဝတီအား အမေရိကန်ဒေါ်လာ ၃၀၀ အား လည်းကောင်း၊ ဒုတိယဆုရ အောင်သူထွန်းနှင့်ပြိုင်ပွဲဝင်မြင်း စိန်ဝင်းဗိုလ်အား အမေရိကန်ဒေါ်လာ ၂၀၀ အားလည်းကောင်း၊ တတိယဆုရ စောမောင်နှင့် ပြိုင်ပွဲဝင်မြင်း စိန်သန်းတင့်တို့အား အမေရိကန်ဒေါ်လာ ၂၀၀ အားလည်းကောင်း KLD ကုမ္ပဏီဥက္ကဋ္ဌက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Moe မြင်းစီးအသင်းအား KLD ကုမ္ပဏီမှ လှူဒါန်းထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၃၀၀၀ အား ပေးအပ်ချီးမြှင့်ရာ Moe မြင်းစီးအသင်း ပိုင်ရှင်ဦးသန်းဇော်မိုးနှင့် ဒေါ်ဖွန်ပွင့်တို့က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထီးပုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၂၀ အား ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# တာလေတိုးဂိတ်အနီး သစ်မာများသိမ်းဆည်းရမိ


**နေပြည်တော် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ဒေသအတွင်း မယ်ယန်းစစ်ဆေးရေးဂိတ်၊ လွယ်တော်ခမ်းစစ်ဆေးရေးဂိတ်၊ ဟွေ့ရဲစစ်ဆေးရေးဂိတ်၊ ဝေ့လေလန်စစ်ဆေးရေးဂိတ်များတွင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဇွန် ၂၄ ရက်မှစ၍ နေ့ညဆောင်ရွက်လျက်ရှိရာ တာချီလိတ် Mobile Team အဖွဲ့မှ ဦးစီးအရာရှိ ဦးကျော်မျိုးမင်း ဦးစီးသည့်အဖွဲ့က မိုင်းဖြတ်ဘက်မှလာသော သစ်တင်ကားများ တာလေတိုးဂိတ်အနီးသို့ ရောက်ရှိနေသည်ဟု သတင်းရရှိသဖြင့် နိုဝင်ဘာ ၂၃ ရက်တွင် ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းဦးစီးအဖွဲ့နှင့်အတူ တာလေတိုးဂိတ်တွင် အသင့်စောင့်ဆိုင်းနေစဉ် မိုင်းဖြတ်ဘက်မှလာသော Dump Truck ယာဉ် ငါးစီးဝင်ရောက်လာသဖြင့် တားဆီးစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် ယာဉ်များပေါ်၌ တရားမဝင်တင်ဆောင်လာသော ပိတောက်ခွဲသား ဆိုဒ်စုံ ၆၂ တုံး (၄ ဒသမ ၂၂၃၈)တန်၊ တမလန်းခွဲသားဆိုဒ်စုံ ၂၆၉ တုံး (၁၁ ဒသမ ၈၇၇၀)တန်၊ တမလန်းသစ် ငါးလုံး(သုည ဒသမ ၄၀၉၀) တန်၊ တမလန်းတိုင် ၁၆၁ လုံး (၃ ဒသမ ၉၂၄၄)တန်၊ တမလန်းမျော နှစ်လုံး (သုည ဒသမ ၀၀၉၀)တန် စုစုပေါင်း ၂၀ ဒသမ ၄၄ တန်နှင့် တရားမဝင်သစ်တင်ဆောင်လာသည့် ယာဉ်ငါးစီးအား သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိသော တရားမဝင်သစ်များနှင့် သစ်တင်ယာဉ် ငါးစီးကို လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်၍ အကောက်ခွန်ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ပစ္စည်းပိုင်ရှင် ဦးကြဟား၊ ယာဉ်မောင်း ဦးယအူး၊ ဦးမျိုးအောင်၊ ဦးနိုင်လင်းထွန်း၊ ဦးလောတာ၊ ဦးကိုကိုလေးတို့အား တာချီလိတ်မြို့မရဲစခန်း၌ အမှုဖွင့်လှစ်ထားကြောင်း သိရသည်။ **(ကြေးမုံ)**



# ရိုးမားနှင့် ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ် အဂူရိုလွဲချော်မည်




မန်စီးတီးအသင်း၏ အားထားရဆုံး တိုက်စစ်မှူးတစ်ဦးဖြစ်သည့် အဂူရိုသည် ဒူးဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် ရိုးမားအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်နှင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး အဂူရိုသည် မန်စီးတီးအသင်းနှင့် အဲဗာတန်အသင်းတို့ ဒီဇင်ဘာ ၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် အဲဗာတန်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားထိပ်မှ ချယ်လ်ဆီးအသင်းကို လိုက်မီရန်သုံးမှတ်သာ လိုတော့သော်လည်း ချန်ပီယံလိဂ်နောက်တစ်ဆင့်ဖြစ်သည့် (၁၆)သင်းအဆင့်သို့ တက်လှမ်းနိုင်ရေးအတွက်မူ ရိုးမားအသင်းကို အနိုင်ရရှိရန် မဖြစ်မနေလိုအပ်နေသည်။ သို့သော် တိုက်စစ်မှူး အဂူရိုဒဏ်ရာပြဿနာကြုံနေခြင်းသည် မန်စီးတီးအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်လာခဲ့သည်။

"ရိုးမားနဲ့ပွဲမှာ အဂူရို မပါနိုင်ဖို့များတယ်၊ အဂူရိုမပါနိုင်ရင်တော့ ချန်ပီယံလိဂ်နောက်တစ်ဆင့် တက်လှမ်းဖို့အတွက် ကြီးမားတဲ့ပြဿနာတစ်ရပ်လို့ မြင်မိတယ်" ဟု မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက ပြောကြားခဲ့သည်။ တိုက်စစ်မှူး အဂူရိုသည် လက်ရှိတွင် ပရီမီယာလိဂ်၌ သွင်းဂိုး ၁၄ ဂိုးဖြင့် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။ **(ငွေကြယ်)**

## ဘောလုံးလောက သတင်းတိုများ

*ဒေါ့မွန်ကွင်းလယ်ကစားသမား မာကိုရူစ်အား ခေါ်ယူရန် ပရီမီယာလိဂ် ကလပ်အသင်းများဖြစ်ကြသည့် ချယ်လ်ဆီး၊ မန်စီးတီးနှင့် အာဆင်နယ်အသင်းတို့ အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။*

*စီရိုနယ်လ်ဒိုသည် ၂၀၁၄ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ရရှိနိုင်မည့် ကစားသမားတစ်ဦးဖြစ်သည်ဟု ၂၀၀၁ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် လူးဝစ်ဖီဂိုက ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။*

*အက်သလက်တီကိုမက်ဒရစ်အသင်းအပါအဝင် စပိန်ကလပ်အသင်းအတော်များများသည် အာဆင်နယ်ကွင်းလယ်ကစားသမား ဆန်တီကာဇိုလာအား စပိန်မြေသို့ ပြန်လည်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။*

*အီတလီစီးရီးအေကလပ် ရိုးမားအသင်းသည် စပါးနောက်တန်းကစားသမား ချီရီချက်စ်အား ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။*

*အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် လိုင်ယွန်ကွင်းလယ်ကစားသမား နာဘီလ်ဖီကာအား ခေါ်ယူရန် မျက်စိကျလျက်ရှိကြောင်း သိရသည်။*

*မန်စီးတီးအသင်းသည် အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာအား လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။*

အာဝေရာ အမှတ်တံဆိပ်
ဥဿုကိုယ် အပူမငြိမ်းသူများအတွက်
အာဝေရာ
အပူငြိမ်းဆေးဆေး
ဆိုင်တိုင်းမှာမေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR -004038 (0914)
ပင်ရင်း - အာဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့၊ ဖုန်း ၀၄၂-၂၄၄၃၂

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

စာမေးပွဲအထူးထုတ်
၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် "ဓာတုသရုပ်"
မြန်မြန်ဝယ် မှန်မှန်ကျင့်
"သင့်" ဂုဏ်ထူးအတွက် အဆင်သင့်။
CHEMISTRY
Exam: Guide
ထွက်ပြီ
၀၉ ၅၁၄၃၁၁၆၊ ၀၁ ၅၇၃၄၀၁

NN
စီစဉ်သည်
(၁၅)ဦးသီးသန့်
မေခ
၂၀၁၅ – ၂၀၁၆ ပညာသင်နှစ်အတွက်
အထူးသီးသန့်စာသင်ဝိုင်းများ
'ဝိုင်း' ကြို အပ် လက် ခံ နေ ပါ ပြီ
မတ်လဆန်း စမည်
H-2 ၊ မေစလမ်း၊ မေခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ၀၁ ၅၇၃၄၀၁၊ ၀၉ ၅၁၄၃၁၁၆

အမှတ်စဉ် ၈၉၃
ဈေးကွက် ဂျာနယ်
အပတ်စဉ် တနင်္လာနေ့တိုင်း
■ ကောင်းမွန်သောအစိုးရဟုတ်မဟုတ်
■ မြန်မာ့ဘဏ်လုပ်ငန်း၏နိဒါန်းသစ်
■ ဓေတနာမှန်ရင်အဖြေရှာရတာမြန်ပါတယ်
■ ယနေ့လူကြီးယနေ့လူငယ်
မိန်းကလေးငယ်များရွေးချယ်စရာ
ပညာရှင်အဖြစ်လား
အိုင်အက်စ်လား
SPECIAL REPORT
■ မြန်မာ့စီးပွားရေးတိုးတက်မှုအတွက်အဓိက တွန်းအားသီလဝါ အထူးစီးပွားရေးဇုန် ■ ပြာပုထဲက ရှန်းထွက်ရသူများ
■ အိုင်အက်စ်အဖွဲ့ကို ရှုတ်ချလိုက်တဲ့ တက္ကသိုလ်အကြီးအကဲ
■ အမုန်းစကားပြောတဲ့ ဝန်ကြီး တာဝန်မှာ တည်မြဲနေ
■ လေဆိပ်ဝန်းကျင်တွင် ဇရီယာတိုင်ထောင်ခြင်းနှင့် အထပ်မြင့် အဆောက်အအုံဆောက်လုပ်မည်ဆိုပါက ....
အိမ် ခြံ မြေ တိုက်ခန်း ကွန်ဒို စက်မှုဇုန် ရောင်း ဝယ် ငှား ဈေးနှုန်း သတင်း အချက်အလက်များ ပြည့်စုံစွာ...

# မြန်မာအမျိုးသားလေကြောင်းဥပဒေပြဋ္ဌာန်း

**မြန်မာအမျိုးသားလေကြောင်းဥပဒေ**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၂ ။)**

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်**

**(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကိုမြန်မာအမျိုးသားလေကြောင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **မြန်မာအမျိုးသားလေကြောင်း**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာအမျိုးသား လေကြောင်းကို ဆိုသည်။

(ဂ) **စီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၈ အရ ဖွဲ့စည်းသော မြန်မာအမျိုးသား လေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ဃ) **လေကြောင်းလုပ်ငန်း**ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၇ ပါ မြန်မာအမျိုးသားလေကြောင်းက လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းများကို ဆိုသည်။

(င) **အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ မြန်မာအမျိုးသားလေကြောင်း၏ အကြီးအမှူးကို ဆိုသည်။

(စ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ၊ အဖိုးစားနား သို့မဟုတ် သဘောတူညီချက်ဖြင့် ဆောင်ရွက်ပေးသည့်လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင်လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာအမျိုးသားလေကြောင်းလုပ်ငန်းကို နည်းလမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာအမျိုးသားလေကြောင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်၊

(ခ) မြန်မာအမျိုးသားလေကြောင်းလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် လေကြောင်းခရီးသွားလာမှုတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှု ရှိစေရန်၊

(ဂ) မြန်မာအမျိုးသားလေကြောင်း၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှုစနစ်များကို ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) မြန်မာအမျိုးသားလေကြောင်းလုပ်ငန်းများကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စည်းကမ်းချက်များသတ်မှတ်၍ စနစ်တကျ လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် မြန်မာအမျိုးသားလေကြောင်းကို ပြောင်းလဲဖွဲ့စည်းရန်၊

(င) မြန်မာအမျိုးသားလေကြောင်းကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ပါဝင်ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## မြန်မာအမျိုးသားလေကြောင်း ဖွဲ့စည်းခြင်း

၄။ (က) မြန်မာအမျိုးသားလေကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းတည်ထောင်ထားရှိရမည်။

(ခ) မြန်မာအမျိုးသားလေကြောင်းသည် ဤဥပဒေအရ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၅။ ဝန်ကြီးဌာနသည် -

(က) ဤဥပဒေအာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် မြန်မာ့လေကြောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သောဝန်ထမ်းများ ဤဥပဒေအရဖွဲ့စည်းသော မြန်မာအမျိုးသားလေကြောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများ ယခင်က မြန်မာ့လေကြောင်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရရှိခဲ့သည့် ရာထူးတာဝန်နှင့် ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို ဝန်ကြီးဌာန လက်အောက်ရှိ သင့်လျော်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးနိုင်သည်။

(ဂ) ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာအမျိုးသားလေကြောင်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များအား ယင်းတို့တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ခွင့်ပြုပေးရမည်။

၆။ မြန်မာအမျိုးသားလေကြောင်းသည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

(ခ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကို လည်းကောင်း၊ ဝန်ကြီးဌာနက ပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း ဆက်ခံရမည်။

(ဂ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ လေယာဉ်၊ ရဟတ်ယာဉ်၊ လေယာဉ်နှင့် သက်ဆိုင်သည့် ယာဉ်၊ ယန္တရား၊ စက်ပစ္စည်းကိရိယာ တန်ဆာပလာများ၊ ကုန်ပစ္စည်းစသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(ဃ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

## အခန်း (၄)

## မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းအမျိုးအစားများ

၇။ မြန်မာအမျိုးသားလေကြောင်းသည် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) ပြည်တွင်း ပြည်ပလေကြောင်း ခရီးစဉ်နှင့် စင်းလုံးငှားခရီးစဉ်များ ပြေးဆွဲခြင်း၊

(ခ) ပြည်တွင်း ပြည်ပလေယာဉ် မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ အခြားသော ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့ကို ဆောင်ရွက်ခြင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) လေယာဉ်ဆီ၊ စက်ဆီ၊ ချောဆီများဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊

(ဃ) လေယာဉ်တင် အစားအစာလုပ်ငန်း ဆောင်ရွက်ခြင်း၊

(င) ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများနှင့် လက်မှတ်အရောင်းကိုယ်စားလှယ်လုပ်ငန်း ဆောင်ရွက်ခြင်း၊

(စ) ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြားလုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီထူထောင်ဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်း ပြည်ပမှ လေယာဉ်နှင့်လေယာဉ်၏ ဆက်စပ်ပစ္စည်းများ ငှားရမ်းလုပ်ကိုင်ခြင်း၊

(ဇ) ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများ၏ လေယာဉ်များ အကြီးစားနှင့် အသေးစား ပြုပြင်ထိန်းသိမ်းခြင်း၊

(ဈ) လေယာဉ်မှူး၊ လေယာဉ်သား၊ စက်မှုအင်ဂျင်နီယာ၊ စက်ပြင်နှင့် ကျွမ်းကျင်ဝန်ထမ်းများ စုဆောင်းခြင်း ၊ ငှားရမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လေကြောင်းဆိုင်ရာ သင်တန်းကျောင်းများ ဖွင့်လှစ်၍ နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား လေယာဉ်မှူး၊ လေယာဉ်သား၊ စက်မှုအင်ဂျင်နီယာ၊ စက်ပြင်နှင့် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) လေယာဉ်အရန်ပစ္စည်းများ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) လေယာဉ်စီးခရီးသည်များကို မော်တော်ယာဉ်ဖြင့် ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) လေဆိပ်ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) မြန်မာအမျိုးသားလေကြောင်း၏ မတည်ငွေများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် တည်ထောင်ပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း၊

(ဏ) လေကြောင်းအာမခံလုပ်ငန်းများကို သင့်လျော်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(တ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လေကြောင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ဝန်ကြီးဌာနသည် မြန်မာအမျိုးသားလေကြောင်းက လေကြောင်းလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန် ဦးဆောင်မှုပေးနိုင်ရန် စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကိုးဦးထက်မပိုသော အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးသူ | ဥက္ကဋ္ဌ |
| (ခ) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (ဂ) | ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ ဥပဒေပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (င) | စီမံခန့်ခွဲရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (စ) | ဝန်ကြီးဌာနက ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌက ခန့်အပ်သူတစ်ဦး | အတွင်းရေးမှူး |

၉။ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း ကိစ္စများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့သည် အစည်းအဝေးသို့ တင်ပြသည့် ကိစ္စရပ်အားလုံးကို အစည်းအဝေး တက်ရောက်လာသည့် အဖွဲ့ဝင်အများစု၏ မဲဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

၁၁။ (က) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးသည် ယင်းအား မခန့်ထားမီ ကာလက ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရာရှိသည့် ငွေရေးကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

(ခ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးသည် စီမံခန့်ခွဲရေးအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့်ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှု တစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို စီမံခန့်ခွဲရေးအဖွဲ့၏ အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ထုတ်ဖော်ပြောဆိုချက်ကို စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး သက်ဆိုင်သည့်အဖွဲ့ဝင်သည် ယင်းပဋိညာဉ်နှင့်သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှုနှင့်သော်လည်းကောင်း စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရာတွင် မပါဝင်ရ။

(ဃ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးနှင့်စပ်လျဉ်း၍ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် ရှိ/မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်ပါက အဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၂။ (က) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်း ကုန်ဆုံးသော်လည်း ဝန်ကြီးဌာနက အသစ်ရွေးချယ်ခန့်ထားပြီးသည့် အချိန်အထိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက် ထမ်းဆောင်ရမည်။

(ဂ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရ။

(ဃ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့် ကာလကို ရာထူးသက်တမ်း တစ်ခုဟု သတ်မှတ်ခြင်းမပြုရ။

(င) အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူး နေရာ လစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက ယင်းဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် မူလရာထူး၏ ကျန်ရှိသည့် သက်တမ်း ကုန်ဆုံးသည်အထိသာ ဖြစ်စေရမည်။

၁၃။ ဝန်ကြီးဌာနသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်း မပြုလျှင် တာဝန်မှရပ်စဲရမည်။

၁၄။ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ပြီး ဝန်ကြီးဌာနက သဘောတူ ခွင့်ပြုသည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၁၅။ (က) ဝန်ကြီးဌာနသည် အကြောင်းတစ်ခုခုကြောင့် အဖွဲ့ဝင် ရာထူးနေရာ လစ်လပ်လျှင် လစ်လပ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အဖွဲ့ဝင်အသစ်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က စီမံဆောင်ရွက်သည့် ကိစ္စရပ်များသည် အဖွဲ့ဝင်ရာထူးလစ်လပ်သည့် အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက် တစ်ခုခုရှိသည့် အကြောင်းကြောင့်သော်လည်းကောင်း မပျက်ပြယ်စေရ။

## အခန်း (၆)

## စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီး၊ အပျောက်အရှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊

(ခ) ဝင်ငွေနှင့် အကျိုးအမြတ် တိုးတက်စေရေးအတွက် သင့်လျော်သော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များကို ရရှိစေခြင်း၊

(ဃ) ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းနှင့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မိမိလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံခြင်း၊

(စ) လေကြောင်းလုပ်ငန်းဌာနများရှိ တာဝန်ခံဝန်ထမ်းများက ယင်းတို့တာဝန်ယူသည့်လုပ်ငန်း၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံစေရန် စီမံကြီးကြပ်ခြင်း။

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာအမျိုးသားလေကြောင်းသည်

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၆ မှ

ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာန၏ ကြိုတင်သဘောတူညီချက်ဖြင့် ပြည်တွင်း ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များရယူခြင်း၊

(ခ) မြန်မာအမျိုးသားလေကြောင်းသည် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူသော နိုင်ငံတော်အလံတင် လေကြောင်းလိုင်းဖြစ်သည့်အားလျော်စွာ သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိခြင်း၊

(ဂ) သင့်လျော်သည့် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) လိုအပ်ပါက အကြံပေးပုဂ္ဂိုလ်များကို သတ်မှတ်ချက်နှင့်အညီ ခန့်အပ်ခြင်း၊ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးအပ်ခြင်း၊

(င) နိုင်ငံတော်က လွှဲအပ်သည့် သို့မဟုတ် လုပ်ပိုင်ခွင့် ပေးအပ်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် လေကြောင်းလုပ်ငန်းများတွင် အသုံးပြုပိုင်ခွင့်ရှိခြင်း၊

(စ) ကုန်စည်များ လက်ခံတင်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ် လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ ဝန်ဆောင်ခနှုန်း၊ လုပ်ခနှုန်း၊ ထုတ်လုပ်မှုနှုန်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းများကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခွင့်၊ ပြင်ဆင်ခွင့်ရှိခြင်း၊

(ဇ) အလုပ်ချိန်များ အလုပ်ခွင် စည်းမျဉ်းနှင့်စည်းကမ်းများကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ် ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဈ) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် သော်လည်းကောင်း၊ ငှားရမ်းလုပ်ကိုင်ခြင်း စနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့် သော်လည်းကောင်း၊ တည်ဆောက်လုပ်ကိုင် လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(ည) စက်ပစ္စည်း၊ စက်ကိရိယာ၊ မြေ၊ အဆောက်အအုံ၊ လေယာဉ်နှင့် အခြားပိုင်ဆိုင်ခွင့်များကို ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ ငှားရမ်းနိုင်ခြင်း၊

(ဋ) အခနှုန်းထားများနှင့် ငှားရမ်းခသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်းနှင့် လျှော့ပေါ့ခွင့်ပြုခြင်း၊

(ဌ) လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်နှင့် အသုံးမလိုတော့သည့် ပစ္စည်းများ၊ လေယာဉ်နှင့် စက်ယန္တရားများကို ပြင်ဆင်ရာမှရရှိသည့်အသုံးမလို ပိုလျှံပစ္စည်းများကို ထုခွဲ ရောင်းချခြင်းနှင့် လဲလှယ်ခြင်း၊

(ဍ) ကျွမ်းကျင်သောဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းနှင့် ပြည်တွင်း ပြည်ပသင်တန်းများသို့ စေလွှတ်ခြင်း။

၁၈။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) မြန်မာအမျိုးသားလေကြောင်းရှိ အရာထမ်းများ၊ အမှုထမ်းများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများနှင့်အညီ ခန့်ထားခြင်း၊ တာဝန်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် အငြိမ်းစားပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ အရာထမ်းများ ၊ လေယာဉ်မှူးများနှင့် အင်ဂျင်နီယာများကို အသက် ၆၀ ပြည့်ပါက သက်ပြည့်အငြိမ်းစား ယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရ ကျန်းမာရေးကောင်းမွန်ပြီး ဆက်လက်တာဝန်ထမ်းဆောင်လိုသော အရာထမ်းများ၊ လေယာဉ်မှူးများနှင့် အင်ဂျင်နီယာများကို အသက် ၆၅ နှစ်ပြည့်သည့် အချိန်ထိ တစ်နှစ်လျှင်တစ်ကြိမ် သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်စေနိုင်သည်။

၁၉။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာအမျိုးသားလေကြောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ယင်းတို့ ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များကို ယင်းတို့ စတင်ပြောင်းရွှေ့သည့် နေ့ရက်မှစ၍ အချိန်ကာလတွက်ချက်ပြီး ခံစားခွင့်ပြုရမည်။

(ခ) မြန်မာအမျိုးသားလေကြောင်း လုပ်ငန်းစီမံကိန်း လျာထားချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော ဝန်ထမ်းများအား ဆုကြေးငွေ ချီးမြှင့်နိုင်သည်။

## အခန်း (၇)
## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ

၂၀။ မြန်မာအမျိုးသားလေကြောင်းသည် -

(က) မြန်မာအမျိုးသားလေကြောင်းက လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင် ပုံသေပိုင်ပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ကာလပေါက်ဈေးဖြင့် တန်ဖိုးတွက်ချက်သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ဖော်ပြထားရမည်။

(ခ) နှစ်စဉ်လုပ်ငန်းစီမံချက်နှင့် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကို ရေးဆွဲ၍ စီမံခန့်ခွဲရေးအဖွဲ့ကအတည်ပြုပြီး ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဂ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း ရငွေသုံးငွေများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေနှင့်အညီ သီးခြားဖော်ပြ၍ ထည့်သွင်းရေးဆွဲရမည်။

(ဃ) ရငွေသုံးငွေများကို စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်သည့် ပြည်တွင်း ပြည်ပဘဏ်များတွင် ငွေစာရင်းများကို ဘဏ္ဍာရေး စည်းမျဉ်းနှင့် စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရမည်။

(င) မိမိရရှိသော နိုင်ငံခြားဝင်ငွေကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။

(စ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် လည်းကောင်း ရငွေသုံးငွေအခြေအနေများ ပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

(ဇ) မိမိ၏ ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေကို သီးခြားထားရှိရမည်။

(ဈ) စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါရန်ပုံငွေများကို ထားရှိရမည်-

(၁) ဆုကြေးရန်ပုံငွေ၊

(၂) သက်သာချောင်ချိရေးရန်ပုံငွေ၊

(၃) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(၄) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ၊

(၅) အခြားလိုအပ်သော ရန်ပုံငွေ။

(ည) ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှုစနစ်ထားရှိပြီး ဌာနတွင်းစာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်-

(၁) ဝန်ထမ်းအင်အားစာရင်း၊

(၂) ငွေသားအခြေအနေ၊

(၃) ကုန်ပစ္စည်း ထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊

(၄) အရှုံး အမြတ်စာရင်း၊

(၅) လက်ကျန်ရှင်းတမ်း။

(ဌ) မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းနှင့် စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ သို့မဟုတ် နိုင်ငံတကာအသိအမှတ်ပြုစာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူရမည်။

## အခန်း (၈)
## ဆုကြေးငွေချီးမြှင့်ခြင်း

၂၁။ မြန်မာအမျိုးသားလေကြောင်းသည် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လုပ်ငန်းရပ်တစ်ခုချင်းအလိုက် သတ်မှတ်စံချိန်စံနှုန်းဖြင့် တွက်ချက်ထားသည့် အပိုကြေးကို ခံစားခွင့်ပြုနိုင်သည်။

၂၂။ ဝန်ထမ်းများသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာ စည်းမျဉ်းနှင့်စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

## အခန်း (၉)
## အထွေထွေ

၂၃။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် မြန်မာအမျိုးသားလေကြောင်း၏ အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သောအခါ သို့မဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သော အပြုအမူကို ပြုသောအခါ ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးအဖွဲ့နှင့် မြန်မာအမျိုးသား လေကြောင်းသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၅။ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**




**အိမ်ဝယ်မယ်ဆို**
ဆိတ်ငြိမ်ရပ်ကွက် နေရာကောင်းမှာဝယ်။ ပေ(၄၀×၆၀) 2RC တိုက်သစ် သိန်း(၄၂၀၀)(ညှိနှိုင်း)၊ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းအနီး၊ စာဂလမ်းသွယ်။
ဖုန်း-၀၉-၄၂၀၀၇၉၇၈၁၊ ၀၉-၅၀၀၆၉၀၈၊ ၀၉-၄၃၁၇၄၀၁၃

**အမြန်ရောင်းမည်**
**သိန်း၃၈၀(ညှိနှိုင်း)**
ပေ (၁၂½×၅၀)(ပ)ထပ်၊ ခေါင်းရင်းခန်း၊ ယမုံနာ(၁)လမ်း၊ ဒေါပုံ သဘော်ကျင်းမှတ်တိုင်အနီး၊ ဈေးနီး၊ ကျောင်းနီး၊ ကားမှတ်တိုင်နီး
ဖုန်း- ၀၉ -၇၉၅၃၃၉၁၉၆

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ကျွန်တော် ဦးစိန်ဝင်း[၁၂/သဃက(နိုင်)၁၈၅၃၃၆]ကိုင်ဆောင်သူ၏ သမီးဖြစ်သူ မကြည်ကြည်စမ်း[၁၂/သဃက(နိုင်)၁၄၀၈၃၇]သည် မိဘများ အရှက်တရားရအောင်ပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း။
ဦးစိန်ဝင်း
[၁၂/သဃက(နိုင်)၁၈၅၃၃၆]

**သားအဖြစ်မှစွန့်လွှတ်ခြင်း**
ကျွန်မ၏သား မောင်နေလင်းထက်(ခ)လင်းလင်း[၁၂/တမန(နိုင်)၁၀၅၈၂၈]သည မိခင်၏ ဆုံးမမှုကို အကြိမ်ကြိမ်လိုက်နာခြင်းမရှိပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။(မေးမြန်းခြင်းသည်းခံပါ)
ဒေါ်ခင်ခင်တင့်
[၁၂/တမန(နိုင်)၀၁၉၈၉၀] မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**
ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၃၊ မြေကွက်အမှတ်(၄၀၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၀၁/ခ)၊ ဘုရင့်နောင်လမ်း၊ ၅/၈ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးအောင်လွင်[GBK- ၀၈၉၃၉၅]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအောင်လွင် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီး ဒေါ်ခင်စန်းဦး [၁၂/အစန(နိုင်)၀၄၆၉၁၄]မှ အမည်ပေါက်၏ သေစာရင်း၊ တရားဝင်ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်တွင်းရေးရာ

# ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

**မြောင်းမြ၊ ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် မဒေါ့ပင်ကျေးရွာအုပ်စု ကွင်းအမှတ် ၂၁၉(က) ရှိ တောင်သူ ဦးထိန်လင်း၏ လယ်မြေ ၁၂၄ ဧကတွင် ပုလဲသွယ် (MDR-05)အထူး အထွက်တိုး စပ်မျိုးစပါး ဧက ၃၀ စံပြစိုက်ခင်း စပါးတစ်ဧကစံကွက်တွင် ရိတ်သိမ်းပွဲ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပုလဲသွယ် (MDR-05 ) စပ်မျိုးစပါး တစ်ဧကအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်းစပါးအစို ၁၅၂ ဒသမ ၈၉ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမျိုးဇော်၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူလယ်သမားများ အပါအဝင် လူဦးရေ ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**မြောင်းမြခရိုင်(ပြန်/ဆက်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**



# စပါးခင်းများ ရောဂါပိုးကြိုတင်ကာကွယ်ရေး နည်းစနစ်များပြသ

**ခင်ဦး၊ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကံသစ်ကျေးရွာအုပ်စုနှင့် မြို့သစ်ကျေးရွာအုပ်စုတို့တွင် နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက စပါးခင်းများတွင် ကျရောက်တတ်သော ရောဂါပိုးကြိုတင်ကာကွယ်ရေးနည်းစနစ်များကို လက်တွေ့ကွင်းဆင်း သရုပ်ပြသခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ ဒေါက်တာ စန်းစန်းဝင်းက မိုးစပါးစိုက်ခင်းများတွင် ကျရောက်တတ်သော စပါးပိုးနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး နည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ပိုးသတ်ဆေးဖျန်းရာတွင် လူကိုအန္တရာယ်မဖြစ်စေရန် ကြိုတင်ကာကွယ်ရမည့် နည်းစနစ်များကို အသိပညာပေးပြောကြားခဲ့သည်။

ခရိုင်တာဝန်ခံ ဒေါ်ရီရီသိန်းက သဘာဝပိုးသတ်ဆေး သုံးစွဲနည်းကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က ဆစ်ပိုးကြိုတင်ကာကွယ်ရေးအတွက် ရိတ်သိမ်းပြီးစပါးခင်းများအား မီးရှို့ခြင်း၊ ထယ်ထိုးခြင်းဆောင်ရွက်ရန်လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် တောင်သူများအား စိုက်ပျိုးရေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်ပြီး ကံသစ်ကျေးရွာ ကွင်းအမှတ်(၂၄၁၄)ရှိ မိုးစပါးစိုက်ခင်းတွင် ဖြုတ်ပိုးကျရောက်မှုအနေအထား ရှိ၊ မရှိနှင့် ဆစ်ပိုးကျရောက်မှု အခြေအနေများကို စစ်တမ်းကောက်ယူမှု နည်းစနစ်များဖြင့် လက်တွေ့ကွင်းဆင်းသရုပ်ပြ ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**



**ရှေးခေတ်မှုုမတ်မျိုးနွယ်များ၏ မိသားစုဝင်များခရီးသွားလာရာတွင် အသုံးပြု၍ ကိုလိုနီခေတ်အတွင်း ကျေးလက်ဒေသများတွင် စံကျောင်းဆရာတော်များခရီးသွားရာတွင် အသုံးပြုသည့်နှစ်ပေါင်း ၁၀၀ ကျော်ခန့်အသုံးပြုမှု ပျောက်ကွယ်ခဲ့ပြီဖြစ်သော နွားဆွဲရွှေပိန်းချဗီရိုလှည်းများ၊ ရွှေပိန်းချ (၆)စထောင်လှည်းယဉ်ကြော့များကို ကျောက်ဆည်မြို့ နယ်နှင့်မန္တလေးမြို့အနီး ရှင်လောင်းလှည့်လည်ပွဲများ၌ တစုတဝေး တွေ့မြင်ရပြီး အဆိုပါလှည်းများကို ထိန်းသိမ်း၍ အခမ်းအနားများသို့ ငှားရမ်းသောလုပ်ငန်းရှိသည်ဟု သိရသည်။**

(နန္ဒ)

# ရာသီဥတုဒဏ်ခံနိုင်သောစပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက် ဆောင်ရွက်ထားရှိမှု ကွင်းသရုပ်ပြ

**မြိုင်၊ ဒီဇင်ဘာ ၇**

မြိုင်၊ ယင်းတိုင် ဆည်ရေသောက်ဧရိယာ မြိုင်-မကြီးကန်ချောင်းဆုံလမ်းဘေး (၁-၅)မိုင်ခန့်အတွင်း ကွင်းအမှတ် (၈၆၆) တောင်သူဦးဆန်းထွန်း၏ လယ်ကွက်တွင် အပြည်ပြည်ဆိုင်ရာ၊ ဆန်စပါးသုတေသနဌာန (IRRI) စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့်စိုက်ပျိုးရေးဦးစီးဌာန (DOA) တို့ပူးပေါင်း၍ ၂၀၁၄-၁၅ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန် ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုဒဏ်ခံနိုင်သော စပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်ဆောင်ရွက်ထားရှိမှု အခြေအနေ ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်းသိရသည်။

သရုပ်ပြပွဲသို့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**စိန်မြိုင်(မြိုင်)**

Since 1989
O.B.F Language School
SAYA-TONY
အင်္ဂလိပ်စကားပြန်ဟောင်း၊ ဘာသာပြန်ဆရာ (SHELL)ဦးစီးသော
*IELTS/TOEFL
*GMAT, BBA, MBA, EMBA
ဝင်ခွင့်သင်တန်းများ (ပြည်တွင်း / ပြည်ပ)
✧ Elementary Spoken English (ESE) → အခြေခံစကားပြော
✧ Intermediate General English (IGE) → အလယ်အလတ်စကားပြော
✧ Advanced General English (AGE) → အဆင့်မြင့်စကားပြော
✧ Basic Grammar & Essay (BGE) → အခြေခံသဒ္ဒါနှင့်အရေး
✧ Basic Translation Course (BTC) → ရေး၊ ဖတ်၊ သတင်းဘာသာပြန်
အမှတ်(၂၀၀/၂၀၀)၊ အခန်း(၅၀၂)၊ ၅လွှာ၊ ၃၅လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ ☎ 249178, 09-5061343, 09-5138867, 09-448000410
ကျောင်းသားသစ်များ စတင်လက်ခံနေပါပြီ

✓ တိုင်းရင်းဆေးအရည်အသွေးကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ
ဖျံ-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့်
တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။ ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ငင်း) ၀၂၂/၀၃၀၃
GENEVA GOLD STAR FOR QUALITY
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ Ph.D. (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅ ၊ ၀၁ ၃၉၂၅၉၄

ရွှေပြည်စိုး ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်အမှတ်-ကက ၁၃/၂/၁၄၀
ဆရာကြီးဦးရှိန်းလိန်းအောင်(ဒုညွှန်မှူး - ငြိမ်း) စီမံအုပ်ချုပ်၍
ဆရာမကြီးဒေါ်ရွှေပု အ.ထ.က(၄) တာမွေ (ငြိမ်း) တည်ထောင်သည်။
မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
ကျောင်းကြီး ၊ ကျူရှင်ထပ်တက်ရန်မလိုပါ။
မျိုးချစ်စိတ်ဓာတ်ရှိသော၊ စည်းကမ်းလိုက်နာတတ်သော၊ အတ္တ - ပရမှတသော၊
ကျေးဇူးသိတတ်သော၊ ယဉ်ကျေးလိမ္မာသော၊ နိုင်ငံအတွက်၊
အဖိုးတန်လူ့အရင်းအမြစ်များကို မွေးထုတ်ပေးနေပါသည်။
သင့်သားသမီး အနာဂတ်ထူးချွန်ထက်မြက်ဝင်းလက်စေဘို့
"ရွှေပြည်စိုး" မှာ ပညာသင်ကြစို့
Ph: ၀၁-၅၄၅၆၂၅၊ ၀၁-၅၄၀၁၇၂၊ ၀၉-၅၁၂၇၇၄၀၊ ၀၉-၄၂၁၁၇၁၀၁၀။
ကျောင်း - တိုက်အမှတ်(၂)မြိတ်လမ်းသစ်၊ အင်းဝအိမ်ရာ၊ ဒုံဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊
ဘော်ဒါနှင့်စာသင်စာကျက်ဝိုင်း - အမှတ်(၁၈၄)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေးရှေ့၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

# ကော့သောင်းမြို့တွင် Public Digital Library Service စက်များတပ်ဆင်မှု ပြည်သူများစိတ်ဝင်စား

**ကော့သောင်း၊ ဒီဇင်ဘာ ၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာတိုးပွားစေမည့် စာအုပ်၊ စာစောင်ပေါင်း ၆၀၀၀ ကျော်အား Public Digital Library Service အဖြစ် အသွင်ပြောင်း သိုမှီးထားသည့် Public Digital Library Service စက်များကို ကော့သောင်းမြို့ မြို့မ ဆိပ်ကမ်းတံတား၊ လေဆိပ်နှင့် အိမ်တွင်းမှုကျောင်းများတွင် တပ်ဆင်ဆောင်ရွက်ပေးထားရာ မြို့နေပြည်သူများက အဆိုပါစက်များကို အသုံးပြု၍ စာပေလေ့လာဖတ်ရှုခြင်းအား စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

အဆိုပါ စက်များအသုံးပြုနည်းကို ဗီနိုင်းများဖြင့် ရှင်းလင်းချိတ်ဆွဲပြသထားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများကလည်း လိုက်လံရှင်းလင်းပြသပေးကြသဖြင့် နည်းပညာစိတ်ဝင်စားသည့် လူကြီးလူငယ်များ၊ အလွှာစုံမှ ပြည်သူများက အဆိုပါ စက်တပ်ဆင်ထားသည့် Wifi Signal ရရှိသောနေရာများတွင် Tablet, Mobile Phone, Note Book များဖြင့် မိမိကြိုက်နှစ်သက်ရာ စာအုပ်များဖတ်ရှုခြင်း၊ Download ဆွဲယူသိမ်းဆည်းခြင်းများဖြင့် စိတ်ပါဝင်စားသူ တစ်နေ့တခြားများပြားလျက်ရှိကြောင်း သိရသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့သည် တစ်ဖက်နိုင်ငံနှင့် ပါချန်မြစ် တစ်စင်းသာခြားသဖြင့် မြန်မာ့ဆက်သွယ်ရေး ဖုန်းလိုင်းအင်တာနက်အပြင် တစ်ဖက်နိုင်ငံမှ ဖုန်းအင်တာနက်လိုင်းပါ ဖမ်းယူရရှိသဖြင့် မြို့နေပြည်သူများ ဖုန်းကိုယ်စီဖြင့် အင်တာနက် ဝိုင်ဖိုင် အသုံးပြုမှုမှာ လူတန်းစားအလွှာ စုံ-တွင် ရင်းနှီးကျွမ်းဝင်နေပြီးဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**



# ရွှေတောင်မြို့နယ် ကြံသီးနှံစိုက်ကွက် ရိတ်သိမ်းခြင်းသရုပ်ပြပွဲ ကျင်းပ

**ရွှေတောင်၊ ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ဆည်ကြီးကုန်းအုပ်စု ညောင်ဝိုင်းကျေးရွာတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန စံပြစိုက်ကွင်း၌ ကြံသီးနှံစံကွက်ရိတ်သိမ်းခြင်း သရုပ်ပြပွဲကို ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

ပြပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား GAP စနစ်ဖြင့် စိုက်ပျိုးထားသော စံပြကွက်တွင် တစ်ဧကထွက်ရှိမည့် ကြံတန်ချိန် ခန့်မှန်းတွက်ချက်မှု စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး တောင်သူများမှသိလိုသည့် မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ရွှေတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် တိုင်းဒေသကြီး ခရိုင် မြို့နယ်ဦးစီးမှူးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာနှင့် စိုက်ပျိုးရေးဘဏ်မန်နေဂျာ၊ စိုက်ပျိုးရေးဌာနမှ မြို့နယ်ဦးစီးမှူး၊ ဒုမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာနမှ ဒုမြို့နယ်ဦးစီးမှူးနှင့် ညောင်ဝိုင်းကျေးရွာမှ တောင်သူများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

**(၁၄၃)**

# ချောင်းဆုံဒေသခံများအား အခမဲ့ဆေးဝါးကုသပေး

**ချောင်းဆုံ၊ ဒီဇင်ဘာ ၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာ အထက်တန်းကျောင်း၌ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်နှင့် မော်လမြိုင်မှ အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့က ဒေသခံ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

မုရစ်ကလေးကျေးရွာ အထက်တန်းကျောင်းသို့ လာရောက်ကွင်းဆင်း ဆေးကုသပေးသောအဖွဲ့တွင် ချောင်းဆုံမြို့နယ်ဆရာဝန် ဒေါက်တာ မျိုးကျော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်ပြီး ဒီဇင်ဘာ ၁ ရက်က ယင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများအား ဆေးဝါးကုသပေးခဲ့သည်။

"မော်လမြိုင်က သမားတော်ကြီးများ အပါအဝင် ကျန်းမာရေးဝန်ထမ်း ၇၀ သွားခဲ့ပါတယ်။ အဲဒီရွာမှာ ခွဲစိတ်လူနာ ၁၁ ယောက်ကို ခွဲစိတ်ပေးခဲ့ပြီး ၁၉ ယောက်ကို မော်လမြိုင်ဆေးရုံမှာခွဲဖို့ ရက်ချိန်းပေးခဲ့ပါတယ်။ အူအတက်ပေါက်တဲ့ ခြောက်နှစ်အရွယ်ကလေးတစ်ယောက်ကိုတော့ ကျွန်တော်တို့နဲ့အတူ တစ်ပါတည်း မော်လမြိုင်ကိုခေါ်လာပြီး ညတွင်းချင်းပဲ ခွဲစိတ်ကုသပေးခဲ့ပါတယ်" ဟု ဆေးကုသမှုတွင် ပါဝင်သူတစ်ဦးက ပြောသည်။

ယင်းနေ့တွင် ခွဲစိတ်၊ ကလေး၊ သားဖွားမီးယပ်၊ စိတ်ရောဂါ၊ သွား၊ မျက်စိ၊ အရိုး၊ အကြော၊အဆစ်၊ အရေပြား၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အထွေထွေရောဂါကုသမားတော်များ ပါဝင်သော ဆေးကုသရေးအဖွဲ့သည် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ လာရောက်ဆေးကုသသူဒေသခံ ၁၅၈၂ ဦးတို့အား အခမဲ့ ဆေးဝါးများ ကုသပေးခဲ့ကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

# တောင်သာမြို့ မြစည်းခုံစေတီတော်၌ ရွှေထီးတော်သစ် တင်လှူပူဇော်

**တောင်သာ၊ ဒီဇင်ဘာ ၇**

တောင်သာမြို့၏ မြို့ကျက်သရေဆောင် မြစည်းခုံစေတီတော်မြတ်ကြီးတွင် တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းနှင့်ဇနီး မိသားစုများက လှူဒါန်းသောရွှေထီးတော်ကြီးအား တင်လှူပူဇော်ပွဲကို ဒီဇင်ဘာ ၃ရက် နံနက် ၈ နာရီက စေတီတော်မြတ်ကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထီးတော်အသစ် တင်လှူပူဇော်ပွဲတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်များထံ ထီးတော်အလှူရှင် တောင်သာမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းနှင့်မိသားစုများက ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား ကပ်လှူပူဇော်ခဲ့ကြသည်။

ရွှေထီးတော်သစ် တင်လှူပူဇော်ပွဲတွင် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

တောင်သာမြို့ မြစည်းခုံစေတီတော်မြတ်ကြီးသည် ကုန်းဘောင်ခေတ် ဘိုးတော်မင်းလက်ထက်၌ တည်ထားခဲ့ခြင်းဖြစ်ပြီး စေတီတော်၏ထီးတော်အား ခြောက်ကြိမ်တင်လှူပူဇော်ခဲ့ကြရာ တောင်သာမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းနှင့် ဇနီးဒေါ်ခင်ခင်ရီတို့က ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၂၅ ရက်တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင်လည်းကောင်း နှစ်ကြိမ် တင်လှူပူဇော်ခဲ့ကြသည်။

တောင်သာမြို့ မြစည်းခုံစေတီတော်မြတ်ကြီးသည် ဂေဇက်ဝင်ပွဲတော်ရ စေတီတော်ဖြစ်ပြီး နှစ်စဉ် ပြာသိုလဆန်း ၈ ရက်မှ ပြာသိုလကွယ်နေ့အထိ ပွဲတော်ကျင်းပကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ဘောဂလိဒေသထွက်ကွမ်းသီး ဈေးကောင်းရရှိ

**ဘောဂလိ၊ ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့ ဘောဂလိမြို့နယ် ဒေသထွက်သီးနှံဖြစ်သော ကွမ်းသီးခူးဆွတ် လုပ်ငန်းကို နိုဝင်ဘာလတွင် စတင်ခဲ့သည်။ ယနှစ်တွင် ဘောဂလိမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဥယျာဉ်ခြံများ၌ ကွမ်းသီးအထွက်နှုန်းကောင်းမွန်လျက်ရှိသည်။ အခွံခွာပြီး ကွမ်းသီးများကို အစိုရောင်းခြင်းဖြစ်လည်းကောင်း၊ အခြောက်လှန်းပြီး ရောင်းဝယ်ခြင်းလည်းကောင်း ပြုလုပ်ကြသည်။ ကွမ်းသီးအစို တစ်ပိသာလျှင် ၁၇၀၀ ကျပ်ရောင်းရကြောင်း သိရသည်။

**ဘောဂလိ(ပြန်/ဆက်)**

# သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၇**

စလေအသင်း(ရန်ကုန်)၏ ၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် ကြာသပတေးနေ့ နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံတောင်ဘက်မုခ် စာရင်းစစ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သား/သမီးများကို ပညာရည်ချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**


## အလုပ်လျှောက်လွှာခေါ်ယူခြင်း
(ပြည်တွင်း၌သာခန့်ထားရန်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နေပြည်တော်ရှိ နိုင်ငံတကာ မိသားစုစီမံကိန်း IPPF ဌာနတွင် SPRINT Project စီမံချက်ညှိနှိုင်းအရာရှိနေရာအတွက် လုပ်ကိုင်လိုသူများ လျှောက်ထားနိုင်ပါသည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက်ပြည့်စုံစွာ ရေးသားထားသော ကိုယ်ရေးလျှောက်လွှာ၊ သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်ရုံးထောက်ခံစာ၊ အစိုးရအသိအမှတ်ပြု တက္ကသိုလ်မှ အနည်းဆုံး သိပ္ပံဘွဲ့ လက်မှတ်၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူတို့နှင့်အတူ IPPF ဌာန၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သုခမလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်သို့ ၁၀-၁၂-၂၀၁၄ရက်နောက်ဆုံးထားရှိပေးပို့ရပါမည်။ လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများနှင့် တာဝန်ခံထားရမှု အခြေအနေအသေးစိတ်ကို အောက်ဖော်ပြပါ ဖုန်းနံပါတ်တွင် အသေးစိတ် မေးမြန်းစုံစမ်းနိုင်ပါသည်။ ဖုန်း-၀၆၇-၄၁၉၀၁၀

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း **IPPF** ဌာန
(နေပြည်တော်)












## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်မြ [၁၂/အလန(နိုင်)၀၂၀၄၃၇]၊ ဒေါ်ထွေးရီ [၁၂/ဒဂန (နိုင်) ၀၀၃၇၇၅] နှင့် ဒေါ်ခင်မြင့်မြင့် (ခ) ဒေါ်မြင့်မြင့်လှိုင် [၁၂/လသန(နိုင်)၀၀၉၇၃၈] တို့၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေများသည် မိဘနှစ်ပါးသက်ရှိထင်ရှားရှိစဉ်က မိသားစုစီမံချက်ဖြင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈-အေ)၊ မြေကွက်အမှတ် ၄၆၊ ၄၈၊ ၄၈ အေ မြေပိုင်မြေ (Free Hold Land) မြေကွက်များကို ဝယ်ယူခဲ့ပါသည်။ မိဘများကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ ကျွန်ုပ်တို့၏မိတ်ဆွေများသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဖော်ပြပါ မြေကွက်များကို ပိုင်ဆိုင်လာပါသည်။ သို့သော် ယခုအခါတွင် ဖော်ပြပါမြေကွက်များ၌ အခြားသူများက Car Showroom နှင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဆောင်ရွက်နေကြောင်း ကျွန်ုပ်တို့၏ မိတ်ဆွေများ ပြောကြားချက်အရ သိရှိရပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာမှတစ်ဆင့် ပြန်လည်ရရှိရန် ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါ မြေကွက်များအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ဆောက်လုပ်ခြင်းတို့ကိုမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါ မြေကွက်များနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်မှ လိုက်နာမှု မရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်စုဝေ **LL.B, DBL,DML** — ဦးလင်းနိုင်မြင့် **(MBL, DBL,DML, DIL)**
အထက်တန်းရှေ့နေ — တရားလွှတ်တော်ရှေ့နေ
အမှတ် (၄၀)၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၃၀၃၅၇၊ ၀၉-၉၇၃၆၀၁၈၆၈



## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ ၁၇/မြို့မ (၁)အုပ်စု၊ ကွင်း/အကွက်အမှတ်(၇)၊ ကွင်းအမည် အညာစု၊ ဦးပိုင်အမှတ် ဏ/၁၁၆၊ ဧရိယာ (၀.၅၃၈) ဧကရှိ မြေအမျိုးအစား ဘိုးဘွားပိုင်/၃-ခ ရရှိပြီး မြေကွက် (သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ အညာစု၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ်-၆၅ ဟုခေါ်တွင်သော ခြံမြေကွက်)နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များကို သန်လျင်မြို့၊ မြေစာရင်းတွင် အမည်ပေါက်သူ ဦးဝင်းနိုင် [၁၂/လမတ(နိုင်)၀၁၃၆၉၉]ထံမှ ဝယ်ယူရန် သဘောတူညီခဲ့ကြပြီးနောက် ယင်းခြံမြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း၊ အထောက်အထားများကိုယူဆောင်၍ ယခုကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းဝယ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စုစုဖြိုး **(LL.B, D.B.L)** — ဒေါ်ချိုရီ(စဉ်-၁၉၁၁) **(B.Sc.,H.G.P.,R.L.,D.B.L)**
အထက်တန်းရှေ့နေ — ဒေါ်ခင်အိအိအောင်(စဉ်-၇၆၆၄) **(LL.B.,D.I.L)**
(စဉ်-၃၇၆၄၇) — တရားလွှတ်တော်ရှေ့နေများ
အမှတ်(၁၃၂)၊ (၅၁)လမ်း၊ ပထမထပ်၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၀၃၁၇၆၊ ၂၉၅၉၇၅၊ ၀၉-၇၃၂၃၇၀၉၆၊ ၀၉-၅၄၀၄၉၄၁။

မြစိမ်းမြန်မာ အဆင့်မြင့်ဗုဒ္ဓဂယာ **၁၁ည/၁၂ရက် ဘုရားဖူးခရီးစဉ်**( 05.11.14 မှ 15.11.14 )တွင် **မော်ဘီမြို့ အောင်ဇမ္ဗူတောရကျောင်းတော် (ဂျပန်ရွှေးဟောင်းဘုရား)** မှသာသနာပြုအဖွဲ့ဝင်များအပါအဝင် ခရီးသည်(၂၅)ဦးကိုစိတ်ချမ်းမြေ့စွာပို့ဆောင်ပေးခဲ့ပါသည်။

- မြစိမ်းမြန်မာ၏ **၁၀ည/၁၁ရက် ခရီးစဉ်**ကို21.01.15 တွင်စတင်ထွက်ခွာပါမည်။
- ခရီးသည်ဦးရေကို (၁၅) ဦးသာကန့်သတ်ထားပြီး ဖြစ်ပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ကျွမ်းကျင်သော Tour Guide များဖြင့် မိသားစုသဖွယ် နွေးထွေးစွာစောင့်ရှောက်ပို့ဆောင်ပေးနေပါသည်။




မြစိမ်းမြန်မာ
EMERALD MYANMAR
ဗုဒ္ဓဂယာ
အဆင့်မြင့်ဘုရားဖူးလုပ်ငန်း

ရန်ကုန်ရုံး - အမှတ်(၁၃၁)၊ ရိပ်သာ(၃)လမ်း၊ ဝေဇယန္တာဥယျာဉ်၊ သဃ်န်းကျွန်းမြို့နယ်၊
မန္တလေးရုံး - အမှတ် ၁၁/ဃ၊ အကွက် ၉၀၁၊ သီပွဲလမ်းနှင့် ရတနာပုံလမ်းထောင့် မဟာအောင်မြေမြို့နယ်၊

09 421013999 | 09 421014999
09 975679511 | 09 975679522

CONGRATULATIONS
ALL LUCKY WINNERS

Columbus TRAVELS
လေယာဉ်ပျံလက်မှတ်ကိုယ်စားလှယ်(စ)
229245, 216245, 378535, 378549

**Columbus Travels ၏ TG လေယာဉ်လက်မှတ်ကံစမ်းမဲအစီအစဉ်မှကံထူးရှင်များ**

| | | |
|---|---|---|
| (1). U KYAW MIN YU@JIMMY (Lucky draw No.360) | (6). MA YUN SANDY WIN (Lucky draw No.236) | (11). MA MAW AYE AYE (Lucky draw No.131) |
| (2). U AUNG MYINT (Lucky draw No.285) | (7). MA NAN SHUN LAI WAI (Lucky draw No.135) | (12). MA LWIN WAI THIT (Lucky draw No.366) |
| (3). U BO BO LWIN (Lucky draw No.61) | (8). MA LI LING MAY (Lucky draw No.95) | (13). Mrs.RUDENMARK JINTANA (Lucky draw No.508) |
| (4). Mr.OKADA HIROKAZU (Lucky draw No.66) | (9). MA WIN LAI LAI HTOO (Lucky draw No.24) | (14). U NYI NYI MIN (Lucky draw No.221) |
| (5). MA MON HTWE DAPHNE (Lucky draw No.175) | (10). MA MYINT MYINT THAN (Lucky draw No.359) | (15). U CHIT SEIN (Lucky draw No.43) |

## ပရဟိတ ကလေးများဘဝ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့




မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ **မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (လူငယ်စောင့်ရှောက်ရေးဌာန)**ကို ၂၀၀၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ကျောင်းသူ ကလေးပေါင်း(၂၇၀)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၃)နှစ်တာ ခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံ ငွေပင်ငွေရင်း ကျောထောက်နောက်ခံ မရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များစွာရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်စသည်များ လိုအပ်ခြင်း၊ ကျောင်းသူမိန်းကလေး အိပ်ဆောင်လိုအပ်ခြင်း၊ စာအုပ်၊ စာရေးကိရိယာများလိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်ပါ၍ စေတနာရှင် ပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးများပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

**အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။**

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀
**ရွှေဂုံတိုင်ကမ္ဘောဇဘဏ်**
**ဦးဇဋိလ KBZ Bank (Account No.007-301-00700708002)**ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်း၍ လှူဒါန်းနိုင်ပါသည်။

၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး (ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ (၂၇)လမ်း(အထက်)၊ ရန်ကုန်မြို့။
**ဖုန်း-၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅၊ ၀၉-၅၁၄၉၂၀၈**

၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့်ကိုယ်စားလှယ်မိသားစု
ပုဇွန်တောင်၊ ရန်ကုန်မြို့၊ **ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀**

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။
**ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆**

၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်စာသင်သားများအတွက်
အမြတ် ၁၀၀၀၀၀ ကျပ်
EXAM SPECIAL CLASS (သိပ္ပံ၊ ဝိပ္ပံ)
၃ လပြတ် (ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ)

- တက္ကသိုလ်ဝင်စာမေးပွဲကို ပိုင်နိုင်အောင်မြင်စွာဖြေဆိုနိုင်စေရန် အမှတ်ပေးစည်းမျဉ်းနှင့်အညီ သင်ရိုးကုန်လေ့လာတတ်မြောက်စေ၍ ဝါရင့်ဆရာ၊ ဆရာမကြီးများ ကိုယ်တိုင် ၃ လပြတ် သင်ကြားပေးမည်။
- နားမလည်သည်များကို ထပ်မံရှင်းပြ၍ စာကျက်ရန် Study Guide (သင်ထောက်ကူလမ်းညွှန်) များထားပေးမည်။
- ညိမ်း ပညာရေးလမ်းညွှန်ဂျာနယ် သင်ရိုးကုန်စာအုပ် ၁၄ အုပ်နှင့် Exam Guide (A,B,C,D,E) မေးခွန်း ၅ စုံကို အသုံးပြု သင်ကြားပေးမည်။
- ယခုနှစ်မှစ၍ ဖြေဆိုမည့်သူများအပြင် Repeater များအတွက်ပါ စာမေးပွဲဖြေဆိုနိုင်စေရန်၊ စာလိုက်နိုင်စေရန် စီစဉ်ထားသည်။
- မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံနိုင်သည်။

ဆက်သွယ်ရန်
Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁
Nyein လှည်းတန်း ■ ငြိမ်း အဝေးသင် သင်တန်း၊ အမှတ် ၂၃၊ အခန်း B-4၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၇၃၀၀၉၆၂၇



အသေးစိတ်အချက်အလက်များကို Samsung Customer Contact Center 01-2399 888, www.facebook.com/samsungmyanmar သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မမမော်
## အသက်(၇၉)နှစ်

အန်တီမော် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါတယ်။ အန်တီမော်ကောင်းရာသုဂတိလားပါစေ။

**ဦးကျော်မြင့်လှိုင်(ညွှန်ကြားရေးမှူးချုပ်၊ဆည်မြောင်း)**
**ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှု)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်(စစ်တွေ)
## အသက်(၈၄)နှစ်

အထက(၂) လသာ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်တင်တင်သည် ၂၉-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**သားတပည့် လှမောင်သန်း**
**ခေတ္တ-စင်ကာပူ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဓမ္မာရုံဒါယိကာမကြီး
### ဒေါ်တင်တင် (၈၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၀)၊ သန္တာပင်လမ်းနေ (ဦးကျင်းဝှက်-ဒေါ်မြစိန်)တို့၏သမီး၊ (ဦးလှဖေ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်ခင်ခင်ဆွေ၊ ဦးသန်းဆွေ-ဒေါ်ဝါဝါတင်၊ ဦးထွန်းလင်း-ဒေါ်စန်းစန်းဆွေ၊ ဦးနိုင်လင်း-ဒေါ်မာမာဆွေ၊ ဦးမောင်မောင်-ဒေါ်သီတာဆွေတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏ အဘွား ဒေါ်တင်တင်သည် ၇-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၄ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ကိုရဲထူးအောင်(ခ)ဗိုလ်တိုး
### အသက် (၄၁)နှစ်

(၉၂)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးလှမြင့်-ဒေါ်မြတိုး)၊ (ဦးစံရှိန်-ဒေါ်ကြူကြူ) တို့၏မြေး၊ ဦးရဲလွင်-ဒေါ်ခင်ခင်ထူး တို့၏ သားကြီး၊ ဗိုလ်မှူးအေးမင်းနောင်-ဒေါ်လွင်ချောချောစံ၊ ဦးကိုကိုမင်းစံ-ဒေါ်မေဇင်ဦးတို့၏အစ်ကိုကြီး၊ မသွန်းလဝန်းသာ၊ မောင်ကောင်းမိုးခ၊ မောင်ချစ်ကိုကိုအောင်တို့၏ ဦးလေးသည် ၆-၁၂-၂၀၁၄ (စနေနေ့) ည ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့် ဆီများ လျှော့စားပါ။ (တိရစ္ဆာန်နှင့်အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်)
၃။ အမျှင်များသော အသီးအနှံ အရွက်နှင့် ဆတ်၊ ဂျုံပြောင်းများစားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများစားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့် စိမ်ထားသော အစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသောအစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာ ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သောလက္ခဏာများဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့် ပြသရန်။

**ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

## အနိစ္စ

### ဦးဘဌေး(ခ)ဦးခင်သိန်း(စစ်ကိုင်း)
### အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ လှည်းတန်း(၇)လမ်း၊ အမှတ် (၂၉)၊ လေးလွှာ(B)နေ (ဦးမောင်မောင်-ဒေါ်အုံးမေ)တို့၏သားငယ်၊ (ဦးရန်ဆိုင်-ဒေါ်အေး)တို့၏သားသမက်၊ ဒေါ်အမာ၏ခင်ပွန်း၊ ဦးဝင်းနိုင်၊ ဦးတိုးတိုးနိုင်တို့၏မွေးသဖခင်သည် ၆-၁၂-၂၀၁၄ (စနေနေ့) ညနေ ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်စန်းမြင့် (၇၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၁/က)နေ (ဦးကိုကိုကြီး-ဒေါ်ခင်လေး) တို့၏သမီး၊ [ဦးသောင်းရ (အငြိမ်းစား၊ စစ်မှုထမ်း)]၏ ချစ်လှစွာသောဇနီး၊ (ဦးအောင်ကျော်ဦး)၊ ဒေါ်ယဉ်ယဉ်နု၊ ဦးဇော်မိုး-ဒေါ်သီတာဦး၊ (ဦးသန်းဝင်းထူး)၊ ဦးသန်းဇော်ဌေး-ဒေါ်လဲ့လဲ့ခိုင် တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ချွန်ဟိန်း (G.T.C)၊ မဖန်ပန်းပွင့်ဖြူတို့၏ အဘွား ဒေါ်ခင်စန်းမြင့်သည် ၇-၁၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးအုန်းကျော်
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် (၈၈)၊ ပထမထပ်(ခေါင်းရင်း)နေ (ဦးအုန်းသောင်း-ဒေါ်အုန်းတင်)-(ဒေါ်အေးပု) တို့၏သား၊ (ဦးထွန်းအောင်)-ဒေါ်တင်အေးတို့၏ သားသမက်၊ (ဦးစိန်ဝင်း)-ဒေါ်ခင်ဝင်း၊ ဦးဆွေတင့်-ဒေါ်ခင်စောဝင်း၊ ဦးသုမန၊ ဦးမြင့်သိန်း-(ဒေါ်မြင့်ဆွေ)၊ (ဦးမျိုးညွန့်-ဒေါ်လင်းလင်းကြည်)၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်မေကြိုင်တို့၏ ညီ/မောင်၊ ဦးဇော်ဦး-ဒေါ်သောင်းသောင်းရီတို့၏အစ်ကို၊ ဒေါ်နီလာအောင်၏ခင်ပွန်း၊ မသိမ့်ရွှေရည်ဖြိုး (အထက-၂၊ တာမွေ၊ အ၄မတန်း-ခ)၏ မွေးသဖခင်သည် ၆-၁၂-၂၀၁၄ရက် ည ၁၀း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၄ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း ဒါယကာကြီး
### ဦးမြနိုင်(ခ)ဗိုလ်မြ (၅၁)နှစ်

ရန်ကုန်မြို့နေ (နိုင်မြသောင်း-ဒေါ်ဝင်းကြည်)တို့၏သား၊ ဒဂုံမြောက်ပိုင်းနေ ဦးစံထွန်း-ဒေါ်ခင်ခင်တို့၏သားသမက်၊ (ဦးစိုးသောင်းဦး)-ဒေါ်သင်းသင်းမော်၊ ကော့သောင်းမြို့နေ ဒေါက်တာလှဝင်း-ဒေါ်သန်းသန်းဝင်းတို့၏ညီ/မောင်၊ အေးရိပ်မွန်နေ ဦးမင်းနိုင်-ဒေါ်မိုးမိုးအေး၊ မော်လမြိုင်မြို့နေ ဦးဟိန်းအောင်-ဒေါ်အေးအေးအောင်၊ ဦးသန်းထွန်း-ဒေါ်မြတ်မွန်၊ ထားဝယ်မြို့နေ (ဦးသိန်းထိုက်)-ဒေါ်မို့မို့ခိုင်၊ အုတ်ကျင်းနေ ဒေါ်လဲ့လဲ့ဝင်း၊ လှိုင်သာယာမြို့နယ်နေ မောင်မောင်ထင်ပေါ်-မခင်ဝေယံအေးတို့၏ အစ်ကို၊ အမှတ်(၁၅၂)၊ အောင်ပြည့်စုံလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေ ဒေါက်တာမို့မို့ထွန်း (လ/ထ ကထိက၊ စစ်တွေတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အမာစိန် (၉၆)နှစ်
### (ကြောင်နက်ဆေးလိပ်ခုံ၊ တောင်ငူမြို့)

တောင်ငူမြို့၊ ငွေလုံရပ်၊ ချမ်းသာကြီးဘုရားလမ်းနေ (ဦးမောင်တိန်-ဒေါ်စိန်တင်)တို့၏ သမီး၊ (ဦးဖိုးချို-ဒေါ်စိမ်း)တို့၏ သမီးချွေးမ၊ (ဦးကျော်သိန်း)၏ ဇနီး၊ ဦးဇော်ဝင်း-ဒေါ်နန်းစမ်ပွမ်(ခ)စီစီ၊ ဒေါ်ခင်စန်းရီ (လက်ထောက်ကထိက-ငြိမ်း၊ ပညာရေးကောလိပ်၊ တောင်ငူ)၊ ဒေါ်ကြူကြူ (ဒု-ဦးစီးမှူး-ငြိမ်း၊ ပတခ၊ တောင်ငူ)၊ ဒေါ်မိမိတို့၏ ချစ်လှစွာသော မိခင်ကြီး၊ နန်းခမ်းလျှမ်း၊ စိုင်းစီလတ်တို့၏ အဘွားသည် ၅-၁၂-၂၀၁၄(သောကြာနေ့) ည ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၁၂-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြရီ
### အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀) တောင်ရပ်ကွက်၊ ကွေ့မအိမ်ရာ၊ တိုက် (F)၊ အခန်း (၀၀၅)နေ (ဦးချန်ထွန်း) (ဆန်စက်ဆရာကြီး)၏ဇနီး၊ ဦးမြခိုင်၊ ဒေါ်ညွန့်မေ၊ ဒေါ်စန်းရင်(က/မငြိမ်း)၊ ဦးမြင့်အောင်-ဒေါ်မြသန်းဝင်း၊ ဒေါ်ဖြူဖြူစိန်၊ ဦးဝင်းမော်-ဒေါ်စီစီထွန်း၊ ဦးသန်းအေး(ခ)ဦးပေါက်ဖော်-ဒေါ်နွဲ့လှစိုး၊ ဦးသိုက်စိုး-ဒေါ်သိန်းသိန်းဌေး(ဩသုတိုင်းရင်းဆေး)တို့၏မိခင်၊ မြေး ၁၇ယောက်တို့၏အဘွား ဒေါ်မြရီသည် ၇-၁၂-၂၀၁၄ရက် နံနက် ၉း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒုတိယရဲမှူးကြီးအောင်မြင့် (၅၉)နှစ်
### ဒုရဲအုပ်လောင်းသင်တန်း၊ အပတ်စဉ်(၁၅/၈၂)

ရန်ကုန်မြို့နေ ဦးထွန်းမြင့်-ဒေါ်ခင်ညိုတို့၏သား၊ (ဦးထွန်းမြင့်-ဒေါ်စောရီ)၊ (ဦးဘစိန်-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ဦးထွန်းရှင်-ဒေါ်အေးစိန်တို့၏ ညီ/မောင်၊ ရဲအုပ်ဌေးကျော် (အေးမြသာယာနယ်မြေ ရဲစခန်းမှူး)-ဒေါ်မြမြဝင်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်ဥမ္မာတို့၏ အစ်ကိုကြီး၊ ဒေါ်မြင့်မြင့်ရီ(ခ)ဒေါ်ရီလေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မျိုးမြင့်-ဒေါ်ခင်ဆွေတင့်၊ ဦးခင်မောင်ဇော်-ဒေါ်စုရည်လှိုင်၊ မမြတ်မွန်ခိုင်၊ မောင်ကျော်စွာဝင်း၊ ဗိုလ်ကြီးဇင်လင်းသက်-မသင်းလဲ့လှိုင်၊ မောင်နေအောင်ဝင်း၊ မောင်အောင်ကောင်းမြတ်တို့၏ ချစ်လှစွာသောဖခင်၊ မြင့်မြတ်ရွှေသဲအောင်၊ ဟေမန်ရွှေရည်အောင်တို့၏ အဘိုးသည် ၆-၁၂-၂၀၁၄ (စနေနေ့) နံနက် ၅း၄၅နာရီတွင် မြဝတီပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မြဝတီရဲစခန်းဝင်းနေအိမ်မှ ဟေမန်ဦးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၄ (သောကြာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်တင်ရီ (ဟသ်ာတ)
### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် (၁၃၃၅)၊ သုံးလွှာ (B)၊ ရန်ကြီးအောင်လမ်းနေ (သခင်ဘသန်း-ဒေါ်ခင်ရှု)တို့၏သမီး၊ [ဦးစိန်သန့် (စား/ဖျော်၊ ငြိမ်း)]၏ဇနီး၊ (ဦးမျိုးသန့်-ဒေါ်လှလှဝင်း)၊ ဒေါ်အေးအေးသန့်၊ ဒေါ်ခင်အေးကြူ (လယ်/ပြ၊ ငြိမ်း၊ အမက-၁၂၊ မင်္ဂလာတောင်ညွန့်)၊ ဦးမြင့်သန့်(ရဲအုပ်၊ ငြိမ်း)-ဒေါ်မာမာဝင်း၊ ဒေါ်ရင်ရင်မြ (ဦးစီးမှူး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဦးစီးမှူးရုံး)၊ ဒေါ်ကြည်ကြည်မြ(လယ်/ပြ၊အမက-၅၊ ဒဂုံဆိပ်ကမ်း)၊ ဦးအောင်သန့် (ထွေ/ဂျ၁၊AMBO ဟိုတယ်၊ ချောင်းသာ)-ဒေါ်မို့မို့လွင်၊ ဒေါ်မို့မို့ဇင်၊ ရဲအုပ်ဒေါ်စန္ဒာသန့်(နည်းပြ၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ဇီးပင်ကြီး၊ မေမြို့)တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွား ဒေါ်တင်ရီသည် ၇-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးစောဖိုးဆန်နီ (၇၆)နှစ်
### ဆက်သွယ်ရေးနှင့် ထောက်ပံ့ရေးအရာရှိ(ငြိမ်း)
### မြန်မာ့ကြယ်ငါးပွင့် R/O

ရန်ကုန်မြို့၊ အင်းစိန်မြို့သစ်၊ (က+ခ) ရပ်ကွက်၊ (က/၄)လမ်း၊ အမှတ်(၂၃၆)နေ (ဒေါ်နော်ဘိုးရီ)၏ခင်ပွန်း၊ (ဦးစောသာတော-ဒေါ်နော်မူလဲ)တို့၏သားကြီး၊ (နော်မေဘယ်လ်)၏မောင်၊ ဦးစောအော်ဂနီ၊ နော်ဘလူးဖိုက်တို့၏ အစ်ကို၊ ဒေါ်စောကလျာ-ဦးအောင်ခင်မြတ်၊ ဦးသန်းသာလှိုင်-ဒေါ်နန့်လဲ့လဲ့ယဉ်၊ ဒေါ်နော်ကပေါ်ထူး-ဦးဝင်းထွဋ်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးစောဖိုးဆန်နီသည် ၇-၁၂-၂၀၁၄ ရက် နံနက် ၅း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဈာပနဝတ်ပြုခြင်းကို ၉-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးသိန်းဝင်း(ခ)ဦးတင်အေး
### အသက် (၆၁)နှစ်
### (ကမ္ဘာအေး)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်း (၀၀၁)နေ (ဦးစော-ဒေါ်အုန်းရင်)တို့၏ တစ်ဦးတည်း သောသား၊ ဦးရွှေဘော်သူ-ဒေါ်မြင့်သွင်တို့၏သားသမက်၊ ဆလိုင်းဖွန်ဇာလျာန်-မစုစုတင်၊ မောင်တာရာ၊ မောင်ပြည့်ဖြိုးပိုင်တို့၏ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်၊ မဒိတျာဇာလျာန်၏ချစ်လှစွာသောအဘိုး၊ ဒေါ်စောရွှေမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၁၂-၂၀၁၄(စနေနေ့) ည ၁၀း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၄ (တနင်္လာနေ့) နံနက် ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၄(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးထင်အောင်ကျော်(ခ)
### ကိုဆန်နီ (၅၇)နှစ်
### 2-AE(MT MTM Westport)
### CDC-11347

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးလှကျော်)-ဒေါ်ခင်မြင့်ရှိန်တို့၏သား၊ တာမွေမြို့နယ်နေ ဦးမိုးမြင့်-(ဒေါ်မေရီသန်း)တို့၏ သားသမက်၊ ဦးဇော်မင်းကျော်-ဒေါ်ဘေဘီ၊ ဦးဌေးသိန်း(Cheif Engineer, Saint Johns Shipping Management)-ဒေါ်ပြုံးပြုံးကျော်၊ ဦးသိန်းဌေး-ဒေါ်အုံးအုံးကျော်တို့၏ ညီ/မောင်၊ ဒေါ်ခိုင်ခိုင်ကျော်၊ ဒေါ်အေးမိစံတို့၏အစ်ကို၊ မသင်းသန္တာဌေး၊ မခင်စန္ဒီကျော်၊ မောင်စွမ်းလင်းထက်၊ မောင်ကျော်ဝေယံတို့၏ဦးလေး၊တာမွေမြို့နယ်၊ အမှတ်(၃၅၆)၊ ငါးလွှာ(A)၊ ဗညားဒလလမ်းနေ ဒေါ်ခင်သူဇာမိုး၏ခင်ပွန်း၊ မောင်ဟိန်းထက်ဇော်(ခ)(ကိုပြည့်)၏ဖခင်သည် ၂၁-၁၁-၂၀၁၄ရက်တွင် Germany နိုင်ငံ (Hamburg) ဆိပ်ကမ်း၌ ဒေသစံတော်ချိန် နံနက် ၉း၃၀နာရီတွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၄(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ ကဝိန္ဒာစာရ မဟာထေရ်(ရသေ့တောင်)
### သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၉၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ အမှတ်(၅)ဝိုင်း၊ ကန်ဦးကျောင်းတိုက် ကဝိန္ဒာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော ရန်ကုန်တိုင်းဒေသကြီး ဗဟိုလ်ဝန်ဆောင် သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရမဟာထေရ်မြတ်သည် (၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်) ၆-၁၂-၂၀၁၄(စနေနေ့) ညနေ ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို (၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ရက်) ၁၀-၁၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြား အပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ
ကဝိန္ဒာရာမကျောင်းတိုက်

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ မေဃိယာဘိဝံသ
### (ဓမ္မာစရိယ၊ မိုးကုတ်နယ်လှည့် ကမ္မဋ္ဌာနာစရိယ) သစ္စဝါဒီဆရာတော်
### သိက္ခာတော် (၄၉)ဝါ၊ သက်တော် (၆၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ စက်ဆန်းမြို့၊ မြို့ဦးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သစ္စဝါဒီဆရာတော် ကြီးသည် (၁၃၇၆ ခု၊ နတ်တော်လပြည့်နေ့) ၆-၁၂-၂၀၁၄ရက် နံနက် ၁၀း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (အန္တိမအဂ္ဂိဈာပနရက်ကို ထပ်မံကြေညာပါမည်။) ဈာပနဖြစ်မြောက်ရေး တပည့်ဒါယကာ၊ ဒါယိကာမများ

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဒုတိယဗိုလ်မှူးကြီးလှတူ(ငြိမ်း) (၈၉)နှစ်
### ဒုတိယစစ်ဥပဒေချုပ်(ငြိမ်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးလူနီလမ်း၊ အမှတ်(၁၈)နေ (ဦးဘတူ-ဒေါ်မြကြည်)တို့၏သား၊ (ဒေါ် Winsome Hla Tu)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်လှကြည်)၊ (Dr. ဒေါ်မြစိန်၊ ဦးခင်မောင်ညွန့်)တို့၏မောင်၊ Dr.မြတူ-ဒေါ်ခင်သက်ထား၊ (Dr. စိန်တူ-ဒေါ်မြမြခင်)တို့၏အစ်ကို၊ Dr. ကျော်လင်းတူ-Dr.ခင်မြဦး၊ ဦးသက်ဝင်းတူ-ဒေါ်စိုးသူဇာမြင့်၊ ဦးလှမင်းတူ-ဒေါ်အေးအေးရီ၊ ဒေါ်မြမြလှ-ဦးစောမြတ်ထွန်းဖိုး၊ ဒေါ်ယဉ်ယဉ်လှတို့၏ ချစ်လှစွာသောဖခင်၊ Noel Tu၊ Nigel Tu၊ မမိုးပွင့်တူ၊ မောင်ဘုန်းမြင့်တူ၊ မပွင့်ဖြူအေး၊ မောင်မင်းခန့်တူ၊ မမြတ်ကေခိုင်ဖိုး၊ မမြတ်သစ္စာဖိုးတို့၏ချစ်လှစွာသော အဘိုးသည် ၇-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၀း၅၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၁၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်ဥယျာဉ်တော်ခန်းမ၌ ဈာပနဝတ်ပြုကိုးကွယ်ပြီး မီးသဂြိုဟ်အပ်နှံမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စိန်သွင် (၇၂)နှစ်
### ရုံးအုပ်ကြီး(ငြိမ်း) အခြေခံပညာဦးစီးဌာန

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အောင်မင်္ဂလာဥယျာဉ်အိမ်ရာ၊ နီလာဂေဟာ(၁) အခန်း(၃၀၁)နေ (ဦးကျော်-ဒေါ်အုန်းခင်)တို့၏သမီး၊ ဦးကိုလေး [(Seafarer) G.Wing Nav]၏ ဇနီး၊ ဒေါက်တာချိုချိုမာ(သတ္တဗေဒဌာန)၊ (ကိုဇော်မျိုးလတ်)၊ ဦးရဲမြင့်-ဒေါ်သင်းသင်းမာတို့၏မိခင်သည် ၇-၁၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၈း၃၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကြည်ညွန့် (၆၂)နှစ်
### (တွဲဖက်ပါမောက္ခ၊ ရူက္ခဗေဒဌာန၊ ပဲခူးတက္ကသိုလ်-ငြိမ်း)

ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ ကမ္ဘောဇရပ်ကွက်နေ ဦးထွန်းရင်-ဒေါ်အေးမြင့်တို့၏ သမီး၊ ပဲခူးမြို့၊ ဦးဘသင်လမ်း၊ အမှတ်(၄၇၆)နေ (ဦးဘထွန်း-ဒေါ်အေးမြင့်)တို့၏ သမီးချွေးမ၊ ဒေါ်တင်တင်အေး၊ ဒေါ်မြသန်းနွယ်၊ ဦးထွန်းအောင်ကျော်တို့၏ ညီမ၊ ဒေါ်ကြည်ဝင်း၊ ဒေါ်ကြည်စိန်၊ ဦးသိန်းဝင်း-ဒေါ်သန်းသန်းဆင့်၊ ဦးခင်မောင်ဗိုလ်-ဒေါ်ကြည်ကြည်နွယ်၊ ဦးကြည်ထူးဇော်-ဒေါ်ရီရီဝင်း၊ ကိုမျိုးသွင်တို့၏အစ်မ၊ မောင်ကျော်လွင် (ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၏မိခင်၊ ဦးအောင်စောလွင်၏ဇနီးသည် ၆-၁၂-၂၀၁၄(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ဦးဘသင်လမ်း နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်းဒါယိကာမကြီး
### ဒေါ်သီတာအောင် (၅၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅)၊ လမ်း(၁၀၀)၊ မင်္ဂလာတောင်ညွန့်နှင့် အမှတ် (၈၄၀)၊ ဦးဘကြည်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ [ဦးချစ်အောင်-ဒေါ်ခင်စန်း(နှလုံးလှစာပေနှင့် လုပ်အားပုံနှိပ်တိုက်)]တို့၏သမီးကြီး၊ ဒေါက်တာရွှေထွန်းအောင်(နှလုံးလှစာပေ)-ဒေါက်တာအိအိမင်း(ကထိက၊ ဌာနမှူး၊ သိပ္ပံဌာန၊ နည်းပညာတက္ကသိုလ်၊ မော်လမြိုင်)တို့၏ညီမ၊ ဒေါ်နီလာအောင်(ကြီးနီစု)-ဦးတင်စိုးတို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ် ဒေါ်သီတာအောင်သည် ၇-၁၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၉း၄၀နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ကြပါရန်။ (စံပြဆေးရုံမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၁၄(စနေနေ့) နံနက် ၇နာရီတွင် အမှတ် (၈၄၀)၊ ဦးဘကြည်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ကိုဟိန်းနေဇော် (၃၁)နှစ်
### အစားအသောက်နှင့်ဆေးဝါးကာကွယ်ရေးဦးစီးဌာန

နေပြည်တော်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာ၊ တိုက်အမှတ်(၂၂၅)၊ အခန်း(၀၄)နေ ဦးဇော်ညွန့်(လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ဒေါ်အေးအေးသန့်တို့၏ သားကြီး၊ သန်လျင်မြို့နယ်၊ ပြည်တော်သာကျေးရွာနေ ဦးဟန်စိန်-ဒေါ်မြကြင်တို့၏သားသမက်၊ ဗိုလ်ကြီးသက်ထွန်းဇော်-ဒေါ်ချယ်ရီဆွေ၊ မထူးထူးတို့၏အစ်ကိုကြီး၊ ဒေါ်မြင့်သန္တာ (ကျန်းမာရေးဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ငြိမ်းချမ်းဆု(မူလွန်-၃)၏ ချစ်လှစွာသောဖခင် ကိုဟိန်းနေဇော်သည် ၆-၁၂-၂၀၁၄ရက် ည ၈နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွင်းကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (၁၂-၁၂-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်။)

ကျန်ရစ်သူမိသားစု

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၇

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ကောလိယမဂ်လာခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။**

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့မှ ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မိမိအနေဖြင့် ဒိုက်ဦးမြို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဆွေးနွေးချက်များကို နားထောင်ရန် ကြိုးစားခဲ့ရာ ယနေ့ ဆန္ဒပြည့်ဝခဲ့ပြီဖြစ်ကြောင်း၊ လွှတ်တော်၏မူဝါဒကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း

နေပြည်တော် ဒီဇင်ဘာ ၇

၂၀၁၅ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ပါသည်-

**၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၁၁-၃-၂၀၁၅ ဗုဒ္ဓဟူးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | မြန်မာစာ |
| ၁၂-၃-၂၀၁၅ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | အင်္ဂလိပ်စာ |
| ၁၃-၃-၂၀၁၅ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | သင်္ချာ |
| ၁၄-၃-၂၀၁၅ စနေနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | စိတ်ကြိုက် မြန်မာစာ |
| ၁၆-၃-၂၀၁၅ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ဓာတုဗေဒ |
| ၁၇-၃-၂၀၁၅ အင်္ဂါနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ရူပဗေဒ |
| ၁၈-၃-၂၀၁၅ ဗုဒ္ဓဟူးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ဇီဝဗေဒ ဘောဂဗေဒ |
| ၁၉-၃-၂၀၁၅ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ပထဝီဝင် |
| ၂၀-၃-၂၀၁၅ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | သမိုင်း |

## ဓာတ်ပုံပြိုင်ပွဲ တစ်ရပ်နှင့်အတူ ပုဂံမြို့ပေါ် လှုပစွာပျံသန်းပြမည့် နေစွမ်းအင်သုံးလေယာဉ်

ကျော်သဲအိမ်

မည်သည့် လေယာဉ်မျှ မလုပ်ဆောင်ခဲ့သေးသည့် နေ့ရောညပါ ငါးရက်ဆက်တိုက် ကမ္ဘာပတ်ပျံသန်းမည့် အံ့သြဖွယ် ပျံသန်းမှုတစ်ရပ်ကို ဆွစ်ဇာလန်မှ ဆိုလာစွမ်းအင်သုံး လေယာဉ် Solar Impulse 2 က ၂၀၁၅ ခုနှစ် မတ်လတွင် လုပ်ဆောင်ပြတော့မည်ဖြစ်သည်။

ပထမဦးဆုံး နေစွမ်းအင်သုံး လေယာဉ်ဖြစ်သောSolar Impulse 1 သည် ၂၆ နာရီအထိ ဆက်တိုက်ပျံသန်းနိုင်ခဲ့သော်လည်း ယခု Solar Impulse 2 မှာ ၅ ရက် ဆက်တိုက် ပျံသန်းနိုင်သော ခေတ်အမီဆုံးနှင့် စွမ်းပကားအမြင့်မားဆုံး ဆိုလာစွမ်းအင်သုံး လေယာဉ်ဖြစ်သည်။

လောင်စာဆီမသုံး၊ လေထုညစ်ညမ်းမှုမဖြစ်စေဘဲ ကမ္ဘာတစ်ပတ် ပျံသန်းမှုအပါအဝင် ကမ္ဘာ့လေကြောင်းသမိုင်း၏ စာမျက်နှာသစ်ကို ထုဆစ်ပုံဖော်ရင်း အဆိုပါလေယာဉ်သည် စွမ်းအင်ချွေတာရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ရေးအတွက် Clean Technology ၏ ကြီးမားသောစွမ်းပကားကို ပြသတော့မည်ဖြစ်သည်။ မဟာစိန်ခေါ်မှုကြီးတစ်ရပ်ကို ကျော်လွှားကာ တီထွင်ထုတ်လုပ်လိုက်သော ဆိုလာစွမ်းအင်ဖြင့် နေ့ရော ညပါ ပျံသန်းနိုင်သည့် အဆိုပါလေယာဉ်သည် ၂၀၁၅ ခုနှစ် အစောပိုင်းကာလတွင် မြန်မာနိုင်ငံသို့ ရောက်ရှိကာ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ရဟတ်ယာဉ်တစ်စင်း၏ အကူအညီဖြင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့ပေါ်တွင် ကြော့ကြော့မော့မော့ လှလှပပပျံသန်းပြမည်ဖြစ်သည့်အပြင် ကျောင်းသားလူငယ်များ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❋




ယနေ့ **မာတိကာ**

ကျဆုံးစစ်သည်များအား ပထမဆုံးအကြိမ် ဂုဏ်ပြုပွဲကျင်းပ — စာမျက်နှာ - ၃

စည်းကမ်းမဲ့ ပြိုင်ကားများနှင့် ပါဝါအိပ်ဇောတပ် မော်တော်ယာဉ်များ ထပ်မံဖမ်းဆီးအရေးယူ — စာမျက်နှာ - ၁၁


**ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၅၊ ၁၆ တွင် "မြန်မာအမျိုးသားလေကြောင်းဥပဒေ" ကို ဖော်ပြထားပါသည်။**

themirror.npt@gmail.com
www.facebook.com/themirrordaily